# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လကွယ်နေ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ စနေနေ့ အတွဲ (၅၈)၊ အမှတ်(၀၉၇)


# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က တည်ခင်းဧည့်ခံသည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဥပစာ မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးမင်းသု၊ ဦးကျော်တင်နှင့် ၎င်းတို့၏ဇနီးများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ည ၇ နာရီတွင် အခမ်းအနား ကျင်းပသည့် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကြပြီး ညစာစားပွဲသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✻


## ထူးခြားသည့် ညအပူချိန်များ

၄-၁-၂၀၁၉

| | | | | | |
|---|---|---|---|---|---|
| ဟားခါးမြို့ | - | -၂ ဒီဂရီစင်တီဂရိတ် | ပင်လောင်းမြို့ | - | ၄ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | - | ၀ ဒီဂရီစင်တီဂရိတ် | လွိုင်လင်မြို့ | - | ၄ ဒီဂရီစင်တီဂရိတ် |
| သီပေါမြို့ | - | ၄ ဒီဂရီစင်တီဂရိတ် | တီးတိန်မြို့ | - | ၄ ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | - | ၄ ဒီဂရီစင်တီဂရိတ် | ရမ်ကလောင်းမြို့ | - | ၄ ဒီဂရီစင်တီဂရိတ် |

## နိုင်ငံတော်နဲ့ တိုင်းပြည်အတွက် အသက်ပေးသွားတဲ့ တပ်မတော်သားတွေကို ပြည်သူတစ်ယောက်အနေနဲ့ ပြောရရင် အများကြီးဂုဏ်ယူမိပါတယ်

တွေ့ဆုံမေးမြန်း


စာ » ၁၁





မြန်မာ့အလင်း

# လွတ်လပ်ရေး လွတ်လပ်ရေးဆိုပြီး ...

ဗြိတိသျှကိုလိုနီဘဝက လွတ်မြောက်ရသည့် မှတ်တမ်းမှာ မြန်မာ့ခေတ်သစ်သမိုင်းအတွက် တန်ဖိုးကြီးမြင့်သည့် မော်ကွန်းမှတ်တိုင်ပင် ဖြစ်ပါသည်။

ထို့ကြောင့်ပင် လွတ်လပ်ရေးရခဲ့သော ဇန်နဝါရီလ ၄ ရက်နေ့ဆိုလျှင် နှစ်စဉ်နှစ်တိုင်းဆိုသလို ပြည်သူတို့၏ အောင်ပွဲသဘင်အဖြစ် ဂုဏ်ယူကျင်းပကြခြင်းဖြစ်၏။

လွတ်လပ်ရေးသည် မြန်မာနိုင်ငံပြည်သူလူထု တိုင်းရင်းသား လူမျိုးစုအသီးသီးတို့ အသက်စွန့် ကြိုးပမ်းအားထုတ်ကာ တိုက်ပွဲဝင်ရရှိခဲ့ခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံသားတို့ တန်ဖိုးထားဂုဏ်ယူကြခြင်းသာ။

သို့သော်၊ လွတ်လပ်ရေးဟု ဆိုလိုက်သည်နှင့် လုပ်ချင်ရာ လုပ်လို့ရပြီဆိုသည့် အဓိပ္ပာယ်မဟုတ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်သကဲ့သို့ လမ်းမပေါ်တက်ပြီး ဆေးရိုးလှန်းသည့် လွတ်လပ်ရေးမဟုတ်။ စည်းနှင့်ကမ်းနှင့် လွတ်လပ်ရေးသည်သာ တကယ့်လွတ်လပ်ရေးဟု တန်ဖိုးထားစရာဖြစ်ပါမည်။ လွတ်လပ်ရေးဆိုသည်က မိမိလုပ်ချင်တာလုပ်ပြီး သူတစ်ပါး၏ အခွင့်အရေးကို နားမလည်တာ လွတ်လပ်ရေးမဟုတ်။

အဲသည်လို စည်းမရှိ ကမ်းမရှိ လုပ်ချင်ရာလုပ်တာ၊ သူတစ်ပါး၏ အခွင့်အရေးကို ထိပါးတာ လွတ်လပ်ရေး မဟုတ်။ သူတစ်ပါးကို ထိခိုက်နစ်နာစရာများ ဖြစ်အောင်လုပ်နေသည်က လွတ်လပ်ရေးမဟုတ်။ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို ဘေးဖယ်ကာ စည်းလွတ်ဝါးလွတ် လုပ်သည်က လွတ်လပ်ရေးမဟုတ်။

အများပြည်သူပိုင်မြေများပေါ်ကို ကျူးကျော်ကာ ဆေးရိုးလှန်းတာ၊ နေကြထိုင်ကြတာ၊ ဈေးတက်ရောင်းကြတာ စသည်တို့သည် လွတ်လပ်ရေးမဟုတ်။

အများပြည်သူသုံး ရေမြောင်းများထဲကို အမှိုက်များပစ်ချင်တိုင်းပစ်ချတာ၊ အိုးခွက် ပန်းကန်တို့ ဆေးကြောချတာ လွတ်လပ်ရေးမဟုတ်။

အများပြည်သူပန်းခြံများ မြေခင်းကွက်လပ်များမှာ ချက်ချင်တိုင်းချက်၊ ကြော်ချင်တိုင်းကြော်၊ ခင်းချင်တိုင်းခင်း၊ ရောင်းချင်တိုင်းရောင်း စားသောက်ဆိုင်မျိုးစုံ ဖွင့်ချင်သလို ဖွင့်ကြသည်မှာ လွတ်လပ်ရေးမဟုတ်။

ဘိန်းဖြူ ဘိန်းမည်းထုတ်လုပ်ရေး လုပ်ငန်းကြီးတွေထောင်၊ မူးယစ်ထုံထိုင်းဆေးပြားမျိုးစုံထုတ်စက်ရုံများ တည်ဆောက်လုပ်ကိုင်၊ ထုတ်လုပ်နိုင်သမျှကို အနယ်နယ်အရပ်ရပ်သို့ ဖြန့်ချင်တိုင်းဖြန့်၊ ရောင်းချင်တိုင်းရောင်း၊ ဝယ်ချင်တိုင်းဝယ်၊ ကုန်သွယ်ချင်တိုင်း ကုန်သွယ်ဆိုသည်မှာ လွတ်လပ်ရေးမဟုတ်။

အစားအသောက်မျိုးစုံအတု၊ အရက်အတု၊ ဆေးဝါးအတုတို့ သာမက ဆရာဝန်အတု၊ စာရေးဆရာအတု၊ အင်ဂျင်နီယာအတု၊ ပညာရှင်အတု အစရှိသည့် ပစ္စည်းအတု၊ လူအတုမျိုးစုံကို တိုင်းအနှံ့ ပြည်နယ်အနှံ့ သွားလာလှုပ်ရှား လိမ်လည်နေကြသည်က လွတ်လပ်ရေးမဟုတ်။

လူအချင်းချင်း မသိနားမလည်သူများကို လိမ်လည်လှည့်ဖြားခြင်း၊ အင်အားကြီးသူက အင်အားနည်းသူကို ဖိနှိပ်အနိုင်ကျင့်ခြင်းစသည့် လုပ်ရပ်တို့က လွတ်လပ်ရေးမဟုတ်။

သူတစ်ပါး၏ အခွင့်အရေးကို နားလည်ခြင်း၊ ဥပဒေကို လိုက်နာခြင်း၊ လူမှု စည်းမျဉ်းစည်းကမ်းတို့ကို စောင့်ထိန်းခြင်း၊ လူအချင်းချင်းစာနာခွင့်လွှတ်ခြင်းတို့ဖြင့်သာ လွတ်လပ်ရေး၏ တန်ဖိုးအစစ်အမှန်ကို သိရှိနိုင်ပါမည်။

လွတ်လပ်ရေးဆိုသည်မှာ လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်ကို အလေးထားရသကဲ့သို့ လူများစု၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို တန်ဖိုးထားတတ်ဖို့ လိုပါမည်။ မိမိတို့ တစ်ဦးချင်းစီ၏ အခွင့်အရေးများကို ရယူခံစားနေချိန်တွင် လွတ်လပ်မှုအခွင့်အရေး ဆုံးရှုံးနေကြရရှာသော ပြည်သူတို့၏ ဘဝများကို စာနာနားလည်နိုင်ဖို့ လိုပါမည်ဟု နှိုးဆော်လိုက်ရပါကြောင်း။ ။

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၁-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂ ပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့တွင် ကော်လံ ၁ ၌ ပါရှိသည့် အမေရိကန်ပြည်ထောင်စုသမ္မတနိုင်ငံ (အစား) အမေရိကန်ပြည်ထောင်စုနိုင်ငံဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

**၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

*ယမန်နေ့မှအဆက်*

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ သမ္မတ ဒေါက်တာအာရစ် အယ်လ်ဗီထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အဆွေတော်အား နှုတ်ခွန်းဆက်သအပ်ပါသည်။

ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ချစ်ခင်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက် ဆက်ဆံလျက် ရှိကြပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ရှိနှင့်ပြီးဖြစ်သော ဆက်ဆံရေးကို ပိုမိုခိုင်မြဲစေရန် ဆောင်ရွက်သွားကြမည်ဟု မျှော်လင့်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော်ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာနိုင်ငံသားအားလုံး၏ လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် ဆက်လက်ဖော်ဆောင်နိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ တောင်အာဖရိကသမ္မတနိုင်ငံ၊ သမ္မတ မာတာမလာစီရင်(လ်)ရာမာဖိုဆာထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာအစိုးရနှင့် ပြည်သူများထံသို့ မိမိနှင့်တကွ တောင်အာဖရိကသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများမှ နွေးထွေးပျူငှာရင်းနှီးစွာ ဝမ်းမြောက်ဂုဏ်ယူကြောင်းကို ဖော်ပြလိုပါသည်။

မိမိအနေဖြင့် အခွင့်အခါကြုံခိုက် အဆွေတော်ကျန်းမာပါစေရန်နှင့် နှစ်နိုင်ငံအကြားတည်ရှိပြီးဖြစ်သော အထူးခင်မင်ရင်းနှီးသည့် ဆက်ဆံရေးအား ပိုမိုတည်တံ့ခိုင်မြဲအောင် ကြိုးပမ်းသွားလိုသည့် ဆန္ဒရှိကြောင်းကို ထပ်လောင်းအတည်ပြုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ မော်ရိုကိုနိုင်ငံ၊ ဆဋ္ဌမမြောက်ဘုရင် မိုဟာမက်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ ပြည်သူများ၏ လူမှုဘဝပိုမိုတိုးတက်သာယာပါစေကြောင်း ဆုတောင်းမေတ္တာပို့သခွင့်ရသဖြင့် မိမိ အလွန်ဝမ်းမြောက်မိပါသည်။

နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားများကို ဖော်ဆောင်ပေးရန်နှင့် မတူကွဲပြားသည့် ယဉ်ကျေးမှုများနှင့် လူ့အဖွဲ့အစည်းများအကြား အတူယှဉ်တွဲနေထိုင်မှုနှင့် နားလည်မှုတို့ကို တိုးမြှင့်ရန်အတွက် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်ခိုင်မာအောင်ဆောင်ရွက်ရန် မော်ရိုကိုနိုင်ငံက စိတ်အားထက်သန်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အီတလီသမ္မတနိုင်ငံ၊ သမ္မတ ဆာဂျီရို မတ်တာရီလာထံမှပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေရန် အဆွေတော်ထံသို့ အီတလီသမ္မတနိုင်ငံ၊ ပြည်သူများကိုယ်စား မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုသည် နှစ်နိုင်ငံဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဒေသတွင်းမျက်နှာစာတို့၌ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟုမျှော်လင့်ပြီး အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ၊ ဘုရင်မင်းမြတ် ပရယ်ဘတ်ဆမ်ဒက်ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံပြည်သူများအကြားတွင် နီးကပ်စွာ ထိတွေ့ဆက်ဆံလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အဆိုပါရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုဖွံ့ဖြိုး တိုးတက်လာစေခြင်းဖြင့် နှစ်နိုင်ငံအကြားသာမက ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးအတွက် ပိုမိုတိုးတက် ခိုင်မာလာစေရန် လုပ်ဆောင်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံဆက်လက်ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်ပင်သာယာဝပြောမှုတို့အတွက် မြန်မာပြည်သူ/ပြည်သားများအပေါ် ဦးဆောင်မှုပေးရာတွင် အောင်မြင်မှုများရရှိပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ၊ သမ္မတမစ္စတာမွန်ဂျေအင်းမှပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအားလုံးထံသို့ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နှစ်ပေါင်းများစွာကတည်းကပင် မိမိတို့နှစ်နိုင်ငံသည် နယ်ပယ်မျိုးစုံတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်၍ ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးရှိခဲ့ပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံအကြားအနာဂတ်တွင် ပိုမိုခိုင်မြဲပြီး နီးကပ်သောဆက်ဆံရေးနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန်လည်း မျှော်လင့်ပါသည်။ ထို့ပြင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ခင်ရင်းနှီးမှုဖြင့် လုပ်ငန်းကိစ္စများတွင် ပိုမိုလုပ်ဆောင်သွားနိုင်မည်ဟုမိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။ အထူးသဖြင့် ၂၀၁၉ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အာဆီယံ- ကိုရီးယားအထိမ်းအမှတ်ထိပ်သီးအစည်းအဝေးနှင့် ကိုရီးယား-မဲခေါင် ထိပ်သီးအစည်းအဝေးတွင် အဆွေတော်နှင့် တွေ့ဆုံရန်လည်း မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် အဆွေတော်၏ ကြိုးပမ်းအားထုတ်မှုများအတွက်ဆက်လက်၍ အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဂျပန်နိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးမှပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူများကိုယ်စား လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။

ပြီးခဲ့သောအောက်တိုဘာလအတွင်း ဂျပန်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၀) ကြိမ်မြောက် မဲခေါင်- ဂျပန် ထိပ်သီးအစည်းအဝေးသို့ အဆွေတော် တက်ရောက်ခဲ့စဉ် မဲခေါင်- ဂျပန် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရန်နှင့် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရန်တို့အတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့ပါသည်။ အဆွေတော်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်ရေးကြိုးပမ်းအားထုတ်မှုများအတွက် ဂျပန်နိုင်ငံ၏ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ အတူလက်တွဲဆောင်ရွက်ကာ အကူအညီများ အပြည့်အဝဆက်လက်ပေးအပ်သွားမည် ဖြစ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ စင်ကာပူနိုင်ငံ၊ ဝန်ကြီးချုပ် လီရှန်လုံးထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားအပ်ပါသည်။

စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နွေးထွေးသည့် ဆက်ဆံရေးကို ကာလရှည်ကြာ မျှဝေခံစားလျက်ရှိကြပါသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ငွေကြေးကဏ္ဍ၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍစသည်တို့တွင် ထူးကဲကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိထားပါသည်။ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု စာချုပ်ကိုချုပ်ဆိုရန်နှင့် အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေးသဘောတူစာချုပ်ကို ပြန်လည်ပြင်ဆင်ချုပ်ဆိုနိုင်ရန် မျှော်လင့်ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း စင်ကာပူနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ် မြန်မာနိုင်ငံမှ အခိုင်အမာထောက်ခံပေးခဲ့မှုအတွက် ကျေးဇူးတင်ရှိပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်၍ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

* *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့်ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး ဒေါ်သိန်းယဉ်ချော၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၏ မိသားစုများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ညှော့ခံဖျော်ဖြေ**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် ညှော့ခံဖျော်ဖြေတင်ဆက်ကြသည်။

**ကြည့်ရှုအားပေး**

ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်သည်တော်များသည် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**



(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။ သတင်းစဉ်



# (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် သက်ကြီးဘောလုံးသမားများနှင့် လက်ရွေးစင်ကစားသမားဟောင်းများအား ဂါရဝပြုကန်တော့

**ရန်ကုန် ဇန်နဝါရီ ၄**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သက်ကြီးဘောလုံးနည်းပြ ဆရာကြီးများအားပူဇော်ကန်တော့ခြင်းနှင့် သက်ကြီးမြို့နယ်လက်ရွေးစင်ကစားသမားဟောင်းများအား (၈)ကြိမ်မြောက် ဂါရဝပြုပွဲကို ယနေ့ ညနေပိုင်းတွင် ကျိုက်ဝိုင်းဘောလုံးကွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

" ဒီနေ့ကတော့ လွတ်လပ်ရေးနေ့လည်း ဖြစ်တော့ ရန်ကုန်မြို့ရဲ့နေရာအနှံ့မှာ ပျော်ပွဲရွှင်ပွဲတွေလည်း ပျော်ပျော်ပါးပါးကျင်းပနေသလို ကျွန်တော်တို့အနေနဲ့ကလည်း ဟိုးယခင်ကျွန်တော်တို့ငယ်ငယ်တုန်းက နှစ်ပေါင်းများစွာ ကျွန်တော်တို့ကို ဘောလုံးအားကစားနဲ့ပတ်သက်ပြီး လေ့ကျင့်သင်ကြားပေးခဲ့တဲ့ ဆရာ့ ဆရာကြီးတွေကို ဒီလိုနေ့မျိုးမှာ မှတ်မှတ်ရရ ဂါရဝပြုတာပါ။ နှစ်စဉ် ဂါရဝပြုလာတာ အခုဆို (၈)ကြိမ် ရှိလာပြီပေါ့။ ဒီနေ့မှာလည်း သက်ကြီးနည်းပြဆရာကြီးတွေအပြင် ဘောလုံးလက်ရွေးစင်သက်ကြီးဆရာကြီးတွေလည်း ပါပါတယ်။ ဒါကို ကျွန်တော်တို့ရဲ့ငယ်ဆရာကြီးတွေအဖြစ် မမေ့နိုင်သလို ကန်တော့ခြင်းဖြစ်ပါတယ် " ဟု မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်အောင်က ပြောသည်။

ယင်းနေ့ကန်တော့ပွဲတွင် အသက် (၈၆)နှစ်ရှိ ဆရာကြီး ဦးသိန်းအောင်၊ ဦးကံမြင့်၊ ဦးလှရွှေလေး၊ ဦးမောင်မောင်ခင်၊ ဦးသိန်းဆင့် အပါအဝင် မရမ်းကုန်းမြို့နယ်ရှိ သက်ကြီးဘောလုံးနည်းပြဆရာကြီးများနှင့် ဘောလုံးလက်ရွေးစင်ကစားသမားဟောင်း ဆရာကြီးများကို မြို့နယ်ဘောလုံးအဖွဲ့ချုပ်မှ ဦးဆောင်သော အသင်းဝင်ဘောလုံးသမားဟောင်းများက ဝတ္ထုငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ကာ ကန်တော့ကြသည်။

ထို့နောက် ကန်တော့ပွဲအပြီး ညနေပိုင်းတွင် ကျိုက်ဝိုင်းဘောလုံးကစားကွင်း၌ မရမ်းကုန်း Old Star ဘောလုံး ခြေစမ်းပွဲကို ကျင်းပရာ မရမ်းကုန်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်နှင့် မရမ်းကုန်းမြို့နယ်မှ ဘောလုံးလက်ရွေးစင် နည်းပြကစားသမားဟောင်းများပါဝင်ကာ ကျင်းပကြောင်း သိရသည်

**သတင်းနှင့်ဓာတ်ပုံ**
**မျိုးမင်းသိန်း(မရမ်းကုန်း)**

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား မြင်းခြံ၌ ကျင်းပ

**မြင်းခြံ ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မာလာဟောဝန်မြိုင် ပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်တွင် (၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား လွှင့်တင်ခြင်းနှင့် အလေးပြုခြင်းကို ပြုလုပ်ခဲ့သည်။

ဆက်လက်၍ မဏ္ဍကဋ္ဌနာခန်းမတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးဆောင်၍ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်က ဖတ်ကြားခဲ့သည်။ ထို့နောက် ဆုပေးပွဲကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းဝင်းတို့က တိုင်းဒေသကြီးအဆင့် တင်းနစ်ပြိုင်ပွဲနှင့် ရိုးရာခြင်းတို့တွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ခဲ့သည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# တနိုင်းမြို့၌ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

**တနိုင်း ဇန်နဝါရီ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်တွင် ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ပုန်ခုန်းရပ်ကွက် တနိုင်းခပန်းခြံ လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ ကျင်းပခဲ့သည်။

ရေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြပြီးနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က ဖတ်ကြားသည်။

ထို့နောက် ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က ကြီးမှူးကျင်းပသော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က ဂန့်ဂေါမြို့ လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို ဖတ်ကြားစဉ်။**
စိန်ကျော်



# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သဘင်ဆောင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး ဒေါ်သိန်းယဉ်ချော၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဘွဲ့တံဆိပ်ရရှိကြသူများ၏မိသားစုဝင်များ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌ ယနေ့အခမ်းအနားသို့ ကြွရောက်လာကြသည့် ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေဟု ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

**မဆုတ်မနစ် ကြိုးစားခဲ့**

မိမိတို့၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်းနှင့် ကမ္ဘာ့အလယ်တွင်



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**
သတင်းစဉ်



ဝင့်ထည်စွာရပ်တည်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများ သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်ကြသည့် သမိုင်းကြောင်း အစဉ်အလာကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ သို့သော် ၁၉ ရာစုတွင် မိမိတို့နိုင်ငံထက် အဆမတန် အင်အားကြီးမားသည့် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့ လက်အောက်ကို ကျရောက်ခဲ့ရပါကြောင်း၊ ဆုံးရှုံးသွားသည့် လွတ်လပ်ရေး ပြန်လည်ရရှိရေးအတွက် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မျိုးချစ်ခေါင်းဆောင်ကြီးများ၊ မိမိတို့၏ မိဘ၊ ဘိုးဘွားများ အသက်၊ သွေးချွေးဖြင့် ရင်းနှီးပြီး မဆုတ်မနစ် ကြိုးစားခဲ့ကြခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ် ပြန်လည်ရရှိခဲ့သည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံး ဗွဲ့၊ လုံ့လ၊ ဝီရိယ၊ သတ္တိ၊ ဗျတ္တိ အပြည့်ဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းခဲ့ကြ၍ လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းလည်း

*စာမျက်နှာ ၅ သို့*

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး ကျဆုံးလေပြီးသော လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဒီမိုကရေစီ အရေးတော်ပုံအဆင့်ဆင့်တွင် ကျဆုံးခဲ့ကြသော ရဟန်းရှင်လူ ကျောင်းသား ပြည်သူအပေါင်းအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

သဘာပတိ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဟံသာမြင့်က "ယခုအချိန်ဟာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း လွတ်လပ်ရေးနဲ့ ထိုက်တန်တဲ့ ကိုယ်ကျင့်တရားနဲ့ စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းများ၊ ဖွံ့ဖြိုးသန်စွမ်းအောင် လုံးပန်းနေတဲ့ကာလ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ဘဝ ရှင်သန်ငြိမ်းချမ်းစွာနေထိုင်ခွင့်၊ လွတ်လပ်ခွင့်နဲ့ ပျော်ရွှင်မှုရှာဖွေခွင့်တို့ တိုးတက်ခိုင်မာလာအောင် ရုန်းကန်နေတဲ့ကာလလည်း ဖြစ်ပါတယ်။

**လွတ်လပ်ရေးရဲ့ပုံရိပ်ကို မြှင့်တင်**

"ဒါကြောင့် ကျွန်တော်တို့ဟာ လွတ်လပ်ရေးရဲ့ပုံရိပ်ကို မြှင့်တင်စေပြီး လွတ်လပ်ရေး ဗိသုကာခေါင်းဆောင်တွေရဲ့ ရည်မှန်းချက်များကို သစ္စာရှိရှိ အကောင်အထည်ဖော်နိုင်ကြဖို့အတွက် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အခြေခံတဲ့ သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ပေါ်ပေါက်ရေးကို မမှိတ်မသုန် ရုန်းကန်အားထုတ်ရင်း လွတ်လပ်ရေးနဲ့ ထိုက်တန်တဲ့ လူမျိုးအဖြစ် ကြိုးပမ်းကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်" ဟု ပြောကြားသည်။

ထို့နောက် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ထုတ်ပြန်သောကြေညာချက်ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က ဖတ်ကြားပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် ပေးပို့လာသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ သဝဏ်လွှာနှင့် နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များက ပေးပို့သော သဝဏ်လွှာများအား မှတ်တမ်းတင်သည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ သဘာပတိအဖွဲ့ဝင် ဦးအုန်းကြိုင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ အမှတ်(၃၅) ခြေလျင်တပ်ရင်းမှ ကြည်း - ၃၂၇၆၀ ဒုတိယဗိုလ်မှူးကြီး လှထူး(ကျဆုံး)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သူဇာမိုးအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ အမှတ်(၁၁) ခြေလျင်တပ်ရင်းမှ ကြည်း - ၃၄၀၂၂ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ဦး(ကျဆုံး)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ချိုချိုအောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ဖြစ်ပါကြောင်း၊ မိမိတို့ မျိုးချစ်ခေါင်းဆောင်ကြီးများနှင့် မိဘဘိုးဘွားများ၏ အသက်၊ သွေးချွေး မြောက်မြားစွာ စတေးပြီး အလွန်တရာ ခက်ခဲပင်ပန်းစွာ ကြိုးပမ်းအားထုတ်ပြီးမှရရှိခဲ့သည့် လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ဆက်လက်တည်တံ့စေရန်နှင့် ပြည်ထောင်စုကြီးမပြိုကွဲစေရန် ဆက်လက်ထိန်းသိမ်းရမည်မှာ မိမိတို့ သားစဉ်မြေးဆက် တာဝန်ပင်ဖြစ်ပါကြောင်း။

**နိုင်ငံသားအားလုံး၏ တာဝန်**

မျိုးချစ်ခေါင်းဆောင်ကြီးများနှင့် ဘိုးဘေးဘီဘင်များ၏ စွန့်လွှတ်စွန့်စား အားထုတ်ကြိုးပမ်းရယူခဲ့ကြသည့် မြန်မာ့လွတ်လပ်ရေး အစဉ်ထာဝရ တည်တံ့စေရေးအတွက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို အလေးအနက်ခံယူပြီး တိုင်းရင်းသားများအားလုံး ဥမကွဲ သိုက်မပျက် သွေးစည်းညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် တစ်ပြိုင်တည်းမှာပင် အမိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်တာဝန်သည် မိမိတို့ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရန် ရည်မှန်းချက်ထားပြီး ဘက်စုံ၊ ထောင့်စုံမှ တည်ဆောက်နေသည့် အချိန်အခါတွင် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး တာဝန်များတွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ မိမိတို့၏ အသက်၊ ခန္ဓာ၊ ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ရဲဝံ့စွန့်စားစွာ ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များကို နေ့ထူးနေ့မြတ်ဖြစ်သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အများထက် စွန့်လွှတ်စွန့်စား ထူးကဲသာလွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်ပါကြောင်း၊ ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း။

**သူရဘွဲ့ရရှိသူနှစ်ဦးကို ပေးအပ်ချီးမြှင့်**

နိုင်ငံတော်အတွက် မိမိတို့၏ အသက်နှင့် ခန္ဓာကိုယ်ကို ပဓာနမထားဘဲ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စံတင်ထိုက်သည့် စွမ်းရည်၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးဖြင့် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ကြသော ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့၏ ထောက်ခံတင်ပြချက်အရ နိုင်ငံတော်အစိုးရက ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့် အခမ်းအနားကျင်းပပြုလုပ်ပြီး သူရဘွဲ့ရရှိသူနှစ်ဦးကို ဂုဏ်ယူစွာဖြင့် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါကြောင်း။

**လေးစားဂုဏ်ယူ**

ယခုဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခံရသူများသည် ဖြတ်သန်းခဲ့ရသော ခက်ခဲကြမ်းတမ်းသည့်ဘဝတွင် ပေးအပ်လာသည့် တာဝန်များကို စွမ်းရည်သတ္တိပြည့်ဝစွာ စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် ထမ်းဆောင်ခဲ့ကြသည့်သူများ ဖြစ်ပါကြောင်း၊ ၎င်းတို့၏ စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံရသည့် သင်္ကေတ အမှတ်အသားတစ်ခု ဖြစ်သည့်အတွက် ယနေ့အခမ်းအနားကို ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ခြင်း မပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ်မြေးဆက် ဂုဏ်ယူစရာဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများကိုယ်စား လေးစားဂုဏ်ယူပါကြောင်းကိုလည်း အလေးအနက်ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မိမိတို့၏ ဘဝ တစ်သက်တာတွင် နိုင်ငံတော်ကြီးကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအဖြစ် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် အတူတကွလက်တွဲ၍ စုပေါင်းအင်အားဖြင့် စံနမူနာပြ ဆက်လက်ကြိုးပမ်းထမ်းရွက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၈ ခုနှစ်အတွက် ချီးမြှင့်အပ်နှင်းသော တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ အမှတ်(၃၅) ခြေလျင်တပ်ရင်းမှ ကြည်း - ၃၂၇၆၀ ဒုတိယဗိုလ်မှူးကြီး လှထူး(ကျဆုံး)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သူဇာမိုးနှင့် အမှတ်(၁၁) ခြေလျင်တပ်ရင်းမှ ကြည်း - ၃၄၀၂၂ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ဦး(ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ချိုချိုအောင်တို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်သမ္မတသည် သူရဘွဲ့ရရှိကြသူများ၏ မိသားစုဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **သတင်းစဉ်**

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။ **(အောက်ပုံ)**



ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် နံနက် ၄ နာရီ ၂၅ မိနစ်တွင် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ တက်ရောက်လာသူများနှင့်အတူ နိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုကြသည်။

ထို့နောက် ဂုဏ်ပြုတပ်ဖွဲ့က သစ္စာလေးချက်ကို အဓိဋ္ဌာန်ပြုရွတ်ဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သော (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေး၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ ခရိုင်၊ မြို့နယ်များမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **သန့်ဇင်ဝင်း၊ ဇော်မင်းလတ်**



(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

◆ *ကျောဖုံးမှ*

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး ဟူသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရ ပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

**နိုင်ငံတော်အလံလွှင့်တင်**

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

**ဝင်ရောက်နေရာယူ**

နံနက် ၆ နာရီတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဗ္ဗသီရိတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သတ်မှတ်စုရပ်အသီးသီးမှ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

နံနက် ၆ နာရီ ၄၅ မိနစ်တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

**အလေးပြုခြင်းခံယူ**

ထို့နောက် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

**သဝဏ်လွှာဖတ်ကြား**

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲများ၊ ကစားနည်းများနှင့် အားကစားပြိုင်ပွဲများ ရန်ကုန်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများ၊ ကစားနည်းများနှင့် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ရပ်ကွက်များ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

လှိုင်သာယာမြို့နယ် ရွှေလင်ဗန်း တန်ဖိုးနည်းအိမ်ရာ အပိုင်း(၂) သာယာရေးနှင့် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် ဦးထွန်းလှိုင်က "လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနဲ့ အားကစားပြိုင်ပွဲတွေကို ကျွန်တော်တို့အနေနဲ့ ပထမဆုံးကျင်းပတာပါ။ အလှူရှင်တွေ စေတနာအလျောက် လှူဒါန်းတဲ့ ငွေကြေးလေးတွေနဲ့ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကလေးတွေ ပျော်ရွှင်အောင် ကစားနည်းလေးတွေကို ကျင်းပပြီး ဆုချီးမြှင့်ပေးတာပါ။ အားကစားနည်းတော်တော်များများ ပါဝင်ပါတယ်။ လူကြီး၊ လူငယ်မရွေး နိုင်ငံသားတိုင်း လွတ်လပ်ရေးနေ့ကို အမြတ်တနိုးတန်ဖိုးထားပြီး အမြဲတမ်းသတိရနေစေဖို့ အခုလို ကျင်းပပေးတာပါ"ဟု ပြောသည်။

ယနေ့သည် မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် အမြတ်တနိုး တန်ဖိုးထားကြသည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရပ်ကွက်အသီးသီးတွင် ပျော်ပွဲရွှင်ပွဲများ၊ ပျော်ရွှင်စရာ ကစားနည်းများ၊ အထိမ်းအမှတ်အခမ်းအနားများနှင့် အားကစားပြိုင်ပွဲများကို ကျင်းပကြသည့်အပြင် စတုဒိသာအလှူများကိုလည်း ရန်ကုန်မြို့ရှိ ရပ်ကွက်များ၌ ပြုလုပ်ကြသည်ကို တွေ့ရသည်။

ထိုသို့ကျင်းပရာတွင် ပျော်ရွှင်စရာ ကစားနည်းများအဖြစ် လက်ဆင့်ကမ်းပြေးပွဲ၊ မုန့်စား၊ ပူဖောင်းဖောက်၊ အပြေး၊ ဂုန်နီအိတ်စွပ်၊ အာလူးကောက်၊ ဆန်ကောရွက်၊ အပ်ချည်ကြိုးထိုး၊ အုန်းသီးလု၊ ဖယောင်းတိုင်မီးထွန်း၊ ကုန်းပိုး၊ သံပုံးရိုက်၊ အုန်းသီးရိုက်၊ ထုပ်ဆီးတိုး၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်၊ ဘောလုံးပြိုင်ပွဲများပါဝင်ကြောင်း သိရသည်။

စတုတ္ထတန်း ကျောင်းသား မောင်လမင်းမောင်က "လွတ်လပ်ရေးနေ့ရောက်ရင် ကစားနည်းမျိုးစုံ ပြိုင်ပွဲတွေလုပ်တော့ ပျော်စရာကောင်းတယ်။ အပြေးပြိုင်ပွဲနဲ့ လက်ဆင့်ကမ်းပြိုင်ပွဲမှာ ဆုရတယ်။ အရင်နှစ်တွေတုန်းကလည်း ပြိုင်ခဲ့တယ်။ ဆုတွေလည်း ရခဲ့ပါတယ်။ လွတ်လပ်ရေးနေ့မှာ အခုလို ပျော်စရာ ကစားနည်းတွေနဲ့ အမှတ်တရဖြစ်အောင် လုပ်ပေးတော့ သားတို့ရင်ထဲမှာ လွတ်လပ်ရေးနေ့ကို အမြဲတမ်းအမှတ်ရနေမှာပါ" ဟု ပြောသည်။

လွတ်လပ်ရေးနေ့တွင် ရပ်ကွက်တိုင်း၊ လမ်းတိုင်း၌ ကလေးငယ်များအတွက် ပျော်ရွှင်စရာ ကစားနည်းများနှင့် အားကစားပြိုင်ပွဲများကို ကျင်းပလာခဲ့သည်မှာ ခေတ်အဆက်ဆက်ဖြစ်ကြောင်း၊ အစဉ်အလာတစ်ခုလို ဖြစ်လာကြောင်း၊ ယခုအခါ အားကစားနည်းများ ပိုမိုစုံလင်လာကြောင်း၊ ယင်းကဲ့သို့ ကစားခြင်းဖြင့် ကလေးငယ်များ ကျန်းမာကြံ့ခိုင်ပြီး ပညာဉာဏ် ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ကြောင်း၊ ကလေးငယ်များ ခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်မှသာလျှင် ပညာဉာဏ် ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းပြည်အတွက် သားကောင်းရတနာများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်က ၎င်း၏အမြင်ကို ပြောသည်။

လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများကို ပိုမိုသိရှိစေရန်၊ လွတ်လပ်ရေးနေ့ သမိုင်းကြောင်းနှင့် တန်ဖိုးကို သိရှိပြီး အမြတ်တနိုး တန်ဖိုးထားတတ်စေရန်၊ စည်းလုံးညီညွတ်မှုနှင့် အားကစားစိတ်ဓာတ်များ ပိုမိုအားကောင်းလာစေရန်၊ တိမ်မြုပ်လုနီးပါးဖြစ်နေသော မြန်မာ့ရိုးရာကစားနည်းများ ပြန်လည်ထွန်းကားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် လွတ်လပ်ရေးနေ့တွင် ပျော်ပွဲရွှင်ပွဲများနှင့် ကစားနည်းများကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



# စလင်း၌ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပ

**မကွေး ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၄ နာရီတွင် မြို့လယ် လွတ်လပ်ရေးကျောက်တိုင်၌ အလံတင်အခမ်းအနား ကျင်းပသည်။

နံနက် ၇ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

❊ *ကျောဖုံးမှ*

ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီး ဖိတ်ခေါ်ပြိုင်ပွဲကို မတ် ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် ဂျပန်အသင်းနှင့်အတူ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှား၊ စင်ကာပူအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယခုလအတွင်း ပြည်တွင်းခြေစမ်းပွဲများ စတင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ရခိုင်ပြည်နယ် စစ်တွေမြို့၌ လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၄**

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို စစ်တွေမြို့ ဓညဝတီ အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဂုဏ်ပြုတပ်ဖွဲ့က လွှင့်တင်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို ကျင်းပရာ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့စစ်ကြောင်းမှ စစ်ကြောင်း ချီတက်ပြီး စစ်ရေးပြမှူးက ဦးဆောင်ကာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား အလေးပြုကြသည်။

ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လု၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဦးကျော်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ဖတ်ကြားသည်။

ယင်းနောက် အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းမှ တီးမှုတ်သရုပ်ပြသကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

ဆက်လက်၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်စံပြမိခင်ဆုနှင့် ကလေးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းကြည်၊ လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ဝင်းမူနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွတ်လပ်ရေးနေ့အထိမ်းအမှတ်လွန်ဆွဲပွဲ ဗိုလ်လုပွဲသို့တက်ရောက်ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲ ကျင်းပရာ အမျိုးသားလွန်ဆွဲပွဲတွင် ပထမဆုရရှိသော ရဲတပ်ရင်း ၁၂ အသင်း၊ ဒုတိယဆုရရှိသော ရဲတပ်ရင်း ၃၆ အသင်းနှင့် ပူးတွဲတတိယဆုရရှိသော မီးသတ်တပ်ဖွဲ့အသင်းနှင့် ဆည်မြောင်းဦးစီးဌာန အသင်းတို့ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဆုများပေးအပ်ချီးမြှင့်ပြီး၊ အမျိုးသမီးလွန်ဆွဲပွဲတွင် ပထမဆုရရှိသော ပြည်နယ်ရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆု ရရှိသော ရဲတပ်ရင်း ၃၆ အသင်းနှင့် ပူးတွဲ တတိယဆုရရှိသော ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ) အသင်းနှင့် စည်ပင်သာယာရေးအဖွဲ့အသင်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆုရရှိသောအသင်းများကို ဂုဏ်ပြုဆုငွေများ ဆက်လက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## အမြို့မြို့အနယ်နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းရှေ့ ဥပစာ၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်အလံတင်ခြင်း အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းနှင့် စစ်တီးဝိုင်းတပ်စု၊ အလံတင်တပ်စုတို့က အစီအစဉ်များအတိုင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလံတိုင်ထိပ်သို့ လွှင့်တင်ကာ အလေးပြုကြသည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် နိုင်ငံတော်သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားများ၊ ပြည်သူများက ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်း၏ နိုင်ငံတော်သီချင်းကို တီးမှုတ်ခြင်းနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။ ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

**နေပြည်တော်**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသည့်အနေဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ကျောင်းသား ကျောင်းသူများအား အားကစားပြိုင်ပွဲအမျိုးမျိုး ကျင်းပပြုလုပ်ခဲ့ပြီး ဆုချီးမြှင့်ပွဲကို ယနေ့ညနေ ၄ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီနာယက ဦးနိုင်ဝင်းသန်းက ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းကို ရှင်းလင်းပြောကြားကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

**ရွှေတောင်**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့လွတ်လပ်ရေးကျောက်တိုင်၌ ဇန်နဝါရီ ၄ ရက်ကကျင်းပရာ ရှေးဦးစွာ အလံတင်အခမ်းအနားကို ကျင်းပပြီး နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက ဖတ်ကြားသည်။

အခမ်းအနားတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရကျောင်းသားကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်မြခွာညိုဦး၊ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းသွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**မဆင့်(ပြန်/ဆက်)**

**မြောက်ဦး**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ ထမ္မရာဇရပ်ကွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သော (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ က ကျင်းပခဲ့ပြီး တက်ရောက်လာသော ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နံနက် ၇ နာရီက ကျင်းပရာ မြောက်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်းက နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား ဖတ်ကြားသည်။ ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့်မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**နမ့်ခမ်း**

မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲ ပြိုင်ပွဲနှင့် မူကြိုကလေးများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နမ့်ခမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး သင်တန်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

ကလေးပြပွဲပြိုင်ပွဲနှင့် မူကြိုကလေးများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်နန်ဇာခြည်နွေးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ဆေးရုံလက်ထောက်ဆရာဝန် ဒေါက်တာ နန်းစိန်အေးက မိခင်နို့တိုက်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာဗဟုသုတများ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မူကြိုကျောင်းမှ တက်ရောက်သည့် ကျောင်းသားကျောင်းသူ ကလေးငယ် ၂၄ ဦးကို ဆုချီးမြှင့်ပေးပြီး တစ်လမှ ခြောက်လအထိ၊ ခြောက်လမှ တစ်နှစ်အထိ၊ တစ်နှစ်မှ တစ်နှစ်ခွဲအရွယ်အထိ အမြွာကလေးပြိုင်ပွဲ ပြပွဲတွင် ဆုရရှိသည့် ကလေးမိသားစုများအား ဆုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မြဝတီ**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မြစန္ဒီကျောက်တိုင်ကွင်း၌ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အလံတင်အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုခြင်းကို ဆောင်ရွက်ပေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများ၊ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။ ထို့နောက် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နံနက် ၇ နာရီက ကျင်းပရာ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ဖတ်ကြားသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



**ရှမ်းပြည်နယ်တောင်ပိုင်းလဲချားမြို့၌ ကျင်းပသော လွတ်လပ်ရေးနေ့ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက "သတင်းစကား" လက်ကမ်းစာစောင်ကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးစဉ်။** မြို့နယ်(ပြန်/ဆက်)

❒ *ကျောဖုံးမှ*

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

အဆိုပါ အပူပိုင်းမုန်တိုင်း "ပါဘက်"၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့် ကြိုတင်သတိပြု ရှောင်ရှားကြရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် YREO နှင့် အား/ကာသိပ္ပံ ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၄**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) လက်ကျန်ပွဲများကို ဇန်နဝါရီ ၃ ရက်၊ ၄ ရက်က အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ YREO နှင့် အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

YREO အသင်းသည် တက္ကသိုလ်အသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ YREO အသင်းသည် နှစ်ပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဇယားအလယ်တွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ YREO အသင်း၏ နိုင်ပွဲအတွက် တိုက်စစ်မှူး မြတ်နိုးခင်က အကောင်းဆုံးပံ့ပိုးပေးခဲ့ပြီး တစ်ဦးတည်း ငါးဂိုးသွင်းယူခဲ့သည်။ YREO အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးသာ သွင်းနိုင်သော်လည်း ဒုတိယပိုင်းတွင် ငါးဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ YREO အသင်းအတွက် အနိုင်ဂိုးများကို ၁၄ မိနစ်တွင် ဆွေမာအောင်၊ ၁၆၊ ၅၇၊ ၇၁၊ ၈၀၊ ၈၄ မိနစ်တွင် မြတ်နိုးခင်၊ ၇၈ မိနစ်တွင် နွယ်နီဝင်းတို့က သွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ပွဲစကတည်းက ဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းပြီးခါနီးမှ ဂိုးရခဲ့သလို ဂိုးရပြီးနောက်ပိုင်းတွင် ဆက်တိုက်ဂိုးများသွင်းယူနိုင်ခဲ့၍ ဂိုးပြတ်သွားခြင်းဖြစ်သည်။

အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၃၉ မိနစ်တွင် ဝေဝေအောင်၊ ၄၄ မိနစ်တွင် မေဖူးကို၊ ၄၅၊ ၇၆ မိနစ်တွင် ရီရီဦး၊ ၆၅ မိနစ်တွင် နုနုတို့က သွင်းယူခဲ့သည်။ **ရဲရင့်ရှိုင်း**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁ / ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

*(ယမန်နေ့မှအဆက်)*

**မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၈။ ဘဒ္ဒန္တပညာဇောတ၊ ရွှေမင်းဝံပုညကုသလကျောင်းတိုက်၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တသုမနမောဠိ၊ ကျောင်းစုဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ကျောင်းစုကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၁၀။ ဘဒ္ဒန္တဝိဒူရ၊ မဏိသေလာလင်္ကာရာမတောင်ကျောင်းတိုက်၊ နိဗ္ဗာန်ကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တပညိန္ဒ၊ အောင်မင်္ဂလာကျောင်း၊ မူလမဟာမုနိန္ဒာရာမစကုတိုက်၊ သီရိဟေမာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တပဏ္ဍိတ၊ အောင်မြေဗောဓိအလိုတော်ပြည့်စာသင်တိုက်၊ အမှတ်(၇) နယ်မြေ၊ ဝက်ကြီးအင်းရပ်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တပညာသေဋ္ဌ၊ အောင်မြေသုခသာသနာပြုကျောင်းတိုက်၊ ချောင်းနက်ကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်
၁၄။ ဘဒ္ဒန္တက္ကန္ဒဝံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ကိုးကန်တန်းကျေးရွာ၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ်
၁၅။ ဘဒ္ဒန္တပညာတေဇ၊ ဒေဝဒဟသဗ္ဗသိဒ္ဓိလောကနတ်ပရဟိတနတ်စင်တစ်ရာကျောင်းတိုက်၊ ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တပညာဝံသ၊ ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တနိမလ၊ နန္ဒာအောင်မြေကျောင်း၊ လိပ်ပြာကန်ကျောင်းတိုက်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တနန္ဒိယသာရ၊ ရွာဦးကျောင်း၊ ရှမ်းတဲကြီးအထက်စံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဝိမလ၊ ဝဲကြီးကျောင်းတိုက်၊ ဝဲကြီးကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တနန္ဒာလင်္ကာရ၊ မြို့မရေလည်ကျောင်းတိုက်၊ (၁၁)ရပ်ကွက်၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တကေသရ၊ သာသနာ-၂၅၀၀ကျောင်းတိုက်၊ ရပ်ကွက်(၁)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၂၂။ ဘဒ္ဒန္တသောဘိတ၊ နတ်ရေကန်သောဘိတာရာမပရိယတ္တိစာသင်တိုက်၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၂၃။ ဘဒ္ဒန္တကောဏ္ဍည၊ နယ်စပ်သာသနာပြုပါရမီကျောင်းတိုက်၊ ဘူတာလမ်း၊ ရပ်ကွက်(၁)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၂၄။ ဒေါက်တာဘဒ္ဒန္တမဟောသဓာလင်္ကာရာဘိဝံသ၊ ဂန္ထဝိပဿနာသာသနာလင်္ကာရကျောင်းတိုက်၊ အမှတ်(၁၀)၊ ကုန်းသာယာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၅။ Ven. SHI CHEN HUA ၊ လျို့ကျာပေါင်းဟွာကျောင်းတိုက်၊ ကွမ်းတုမြို့နယ်၊ ကူမင်းမြို့၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၂၆။ ဘဒ္ဒန္တကာရုည၊ သီတဂူသံဃဝိဟာရကျောင်းတိုက်၊ ဝက်စ်ပန်းဘိချ်မြို့၊ ဖလော်ရီဒါပြည်နယ်၊ အမေရိကန်နိုင်ငံ
၂၇။ ဒေါက်တာဘဒ္ဒန္တနန္ဒောဘာသ၊ ဗောဓိသုခပရဟိတမြန်မာကျောင်းတိုက်၊ ကော်လ်ကတ္တားမြို့၊ အနောက်ဘင်္ဂလားပြည်နယ်၊ အိန္ဒိယနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၂၈။ ဒေါ်ဣန္ဒသိင်္ဂီ၊ အမှတ်(၂၅) ရတနာသိင်္ဂီပရဟိတသီလရှင်သင်ပညာရေးကျောင်း၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၉။ ဒေါ်ဓမ္မသိင်္ဂီ၊ ဓမ္မဝါဒီသီလရှင်စာသင်တိုက်၊ ပိတောက်(၂)လမ်း၊ မြို့သစ်(ဂ) ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၀။ ဒေါ်သီရိစန္ဒာ၊ သန္တိသုခသီလရှင်စာသင်တိုက်၊ သီရိရတနာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**လူပုဂ္ဂိုလ်များ**

၃၁။ ဦးမြင့်စိုး၊ အမှတ်(၈)၊ ဘုရင့်နောင်(၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၂။ ဦးစံသင်းလှိုင်၊ အမှတ် ၅၀(က)၊ စင်ရော်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၃။ ဒေါက်တာလှဝင်းအောင်၊ အမှတ်(၆၉)၊ အခန်း(၅၀၇)၊ ယုဇနကွန်ဒိုတာဝါ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၄။ ဒေါ်သန်းစိန်(ခ)ဒေါ်နီ၊ အမှတ်(၁၅၄)၊ (၁၉)လမ်း(အပေါ်လမ်း)၊ (၄)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၅။ ဒေါ်ခင်သန္တာဦး၊ အမှတ်(၁၁၀)၊ သစ်ယာပင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တအဂ္ဂဝံသ၊ မတားကိုးမိုင်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အောင်မြေ(၂)ကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖန်ခိုင်(၂)ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်
၃။ ဘဒ္ဒန္တစန္ဒောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရေနီပေါက်ကျေးရွာ၊ ဘောလခဲမြို့နယ်၊ ကယားပြည်နယ်
၄။ ဘဒ္ဒန္တစန္ဒသိရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မထောခူကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်
၅။ ဘဒ္ဒန္တသုန္ဒရ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဒေါ်ဘိုးစီကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်
၆။ ဘဒ္ဒန္တသီလာစာရ၊ မြို့တော်ဦးထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သံတောင်မြို့၊ သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ်
၇။ ဘဒ္ဒန္တတေဇိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စွန်တောင်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်
၈။ ဘဒ္ဒန္တဝိလာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဗားလုံကျေးရွာ၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်
၉။ ဘဒ္ဒန္တအဂ္ဂဝံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖနိုင်ကျေးရွာ၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်
၁၀။ ဘဒ္ဒန္တဝိစိတ္တရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ပေါမိုင်းရပ်ကွက်၊ ခန္တီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တကေသဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စံပြကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တကေသရမာလာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆပွလော်ရှောင်ကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တပညာစက္က၊ မဟာသိဒ္ဓိအောင်စာသင်တိုက်၊ ပါရမီ(၂)ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၁၄။ ဒေါက်တာဘဒ္ဒန္တဝါယမ၊ မဟာဝိသုတာရာမတံခွန်တိုင်ကျောင်းတိုက်၊ ရန်အောင်(၁) ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၁၅။ ဘဒ္ဒန္တကုဏ္ဍလ၊ ကြေးနီကန်ကျောင်းတိုက်၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တအာဒိစ္စ၊ အောင်မြေရတနာကျောင်းတိုက်၊ ရိပ်သာလမ်းမကြီး၊ (၃)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဝိသုတသာရ၊ ရွှေဘုံသာကျောင်းတိုက်၊ ဈေးရပ်ကွက်၊ သရက်မြို့၊ မကွေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တဝိမလ၊ ရွှေစံကိုင်ကျောင်းတိုက်၊ ရွှေစံကိုင်ရပ်၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တက္ကန္ဒက၊ သာသနာ့ဇောတိကအုဋ္ဌ်ကျောင်း၊ ချမ်းသာကြီးမြောက်တိုက်၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တသီလဝန္တ၊ အောင်တော်မူကျောင်းတိုက်၊ ရှမ်းစုရပ်၊ ကမာဝက်မြို့၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၂၁။ ဘဒ္ဒန္တယသိန္ဒ၊ သာသနာရာမကျောင်းတိုက်၊ တောင်ပြိုလက်ဝဲမြို့၊ မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်
၂၂။ ဘဒ္ဒန္တအရိယဝံသ၊ အဒွန်းမြို့မကျောင်းတိုက်၊ မင်းပိုင်းရပ်ကွက်၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တသြဘာသ၊ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၊ အိမ်တော်ရာတိုက်၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တနန္ဒမာလာ၊ ဓမ္မရောင်ခြည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ဗမာကံကုန်းကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တအဂ္ဂိစာရ၊ ပညာပါရမီဓမ္မရိပ်သာကျောင်းတိုက်၊ သရက်ခြံကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တမာဃိန္ဒ၊ ဝိဇ္ဇာရိယဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လွိုင်မြေရပ်ကွက်၊ မိုးနဲမြို့၊ ရှမ်းပြည်နယ်
၂၇။ ဘဒ္ဒန္တပညာသီရိ၊ ကောင်းမှုဆဲင်ပတ္တမြားစေတီကုန်းကျောင်း၊ ဇယန်းကြီးကျေးရွာ၊ နမ့်ဆန်မြို့နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်
၂၈။ ဘဒ္ဒန္တဝေပုလ္လ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆိုင်ခွန်ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်
၂၉။ ဘဒ္ဒန္တသုနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ (၈)ရပ်ကွက်၊ ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်
၃၀။ ဘဒ္ဒန္တဥတ္တမသာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ကျောက်လိုဏ်ဂူကျေးရွာ၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်
၃၁။ ဘဒ္ဒန္တဇာဂရ၊ ပရိယတ္တိသဒ္ဓမ္မပါလဆိုင်မိန်းကျောင်း၊ (၃)ရပ်ကွက်၊ မိုင်းရယ်မြို့၊ ရှမ်းပြည်နယ်
၃၂။ ဘဒ္ဒန္တသြသဓ၊ အောင်သပြေဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ (၈)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၃၃။ ဘဒ္ဒန္တဝိသုဒ္ဓ၊ နဂါးရစ်တောင်ဓမ္မပါလတောရကျောင်း၊ ပန်းပုကွင်းကျေးရွာ၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၃၄။ Ven. Phramaha Khomsun Dhammasanno, Dhanmakaya Temple 23/2 Mu7, Khlong Sam, Khlong Laung District, Pathum Thani, 12120, Thailand.
၃၅။ ဘဒ္ဒန္တသုနန္ဒ၊ Dharmarajika Bouddha Mahavihar, Basabo, Sabujbagh, Dhaka-1214, Bangladesh.

**သီလရှင်ဆရာကြီးများ**

၃၆။ ဒေါ်ကဥ္စနထေရီ၊ ဓမ္မရက္ခိတသာသနာပြုသီလရှင်စာသင်တိုက်၊ (၃)ရပ်ကွက်၊ မြို့သစ်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်
၃၇။ ဒေါ်သုပညာ၊ သုခဝတီသီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်း၊ မဟာဗောဓိလမ်း၊ ကနောင်စုရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**လူပုဂ္ဂိုလ်များ**

၃၈။ ဒေါက်တာရဲအောင်၊ အမှတ်(၂၇/က)၊ ဖိုးစိန်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၉။ ဒေါ်ပြုံး၊ အမှတ်(၁၈/ခ)၊ မြစံပယ်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၀။ ဒေါက်တာခင်ယုနွယ်၊ အမှတ်(၁၈)၊ မင်းလမ်း၊ စမ်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၁။ ဒေါ်ငွေရည်ဦး၊ အခန်း(၂)၊ တိုက်(ဘီ)၊ ကျိုက္ကဆံရဲအရာရှိကြီးများရိပ်သာ၊ မိုးကောင်းလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၂။ ဦးကံဝင်း(ခ)ဦးကံဝင်းဟိဏ်း၊ ရန်ကင်းလမ်းသွယ်၊ သီရိမင်္ဂလာလမ်း၊ နယ်မြေ(၆)၊ ရပ်ကွက်(၇)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၄၃။ ဦးရွှေထွန်း၊ အမှတ်(၆)၊ (၁၀)လမ်း၊ (၉)ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်များ**

၄၄။ Mr.Wannarat Buranasittiporn, 11/3 Mu 5, Khlong Khoi, Pakkret, Nonthabuti, 11120, Thailand.
၄၅။ Dr.Thomas Wong, 17 Bonnefin Road, Hunters Hill, NSW 2110, Australia.

**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တက္ကန္ဒာဝုဓ၊ မဟာလယ်တီစံကျောင်းတိုက်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၂။ ဘဒ္ဒန္တမာနိတ၊ ငှက်ပစ်တောင်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ မောင်းတိုင်(၂) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တကုမာရ၊ အောင်တော်မူရိပ်သာကျောင်းတိုက်၊ ဘူတာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တကောသလ္လ၊ ဓမ္မမဥ္စရီကျောင်း၊ မင်းနန္ဒာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဘဒ္ဒန္တက္ကန္ဒာဝုဓာဘိဝံသ၊ မိုးကုတ်ဝိပဿနာဇေတဝန်ရွှေကျောင်းတိုက်၊ စံပယ်လမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဒေါက်တာဘဒ္ဒန္တစန္ဒသိရီ၊ အောင်စကြာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၊ မြင်တော်သာလမ်း၊ အမှတ်(၇)အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဘဒ္ဒန္တက္ကန္ဒဝံသ၊ မဏိရတနာရုံမဟာစည်သာသနာ့ရိပ်သာ၊ ဝဲကြီးကူကျေးရွာ၊ အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တနန္ဒမာလာ၊ ကျိုက္ကမ္မြမ်ဘုရားကြီး လိပ်ဥကုန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း၊ (၁၈)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တတေဇာနန္ဒ၊ ရတနာ့ဂုဏ်ရည်ရိပ်သာ၊ ရွှေပေးကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဉာဏဗလ၊ သဒ္ဓမ္မမဋ္ဌိကျောင်းတိုက်၊ ပေါင်းတလည်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တပညာစက္က၊ စွန်းလွန်းဂူဓမ္မအေးရိပ်သာကျောင်းတိုက်၊ မြိုင်သာယာရှင်စောပုလမ်း၊ ဈေးကြီးနယ်မြေ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၄။ ဘဒ္ဒန္တက္ကသရိယ၊ ပန်းလှိုင်မဟာစည်ရိပ်သာကျောင်းတိုက်၊ မဟာဂန္ဓာရုံလမ်း၊ (၄၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဘဒ္ဒန္တက္ကန္ဒက၊ သီရိမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက်၊ မြဝတီမင်းကြီး(၁)လမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဘဒ္ဒန္တမာလာစာရ၊ ညောင်ပင်သာကျောင်းတိုက်၊ မင်းစေတီလမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဒေဝိန္ဒ၊ စွန်းလွန်းဝိပဿနာရိပ်သာကျောင်းတိုက်၊ ရပ်ကွက်(၁၀)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

### မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၈။ ဘဒ္ဒန္တသောဓနေ၊ ကိုရီးယားမဟာစည်ရိပ်သာကျောင်း၊ အန်ညန်းမြို့ ဂယောင်ဂီပြည်နယ်၊ တောင်ကိုရီးယားနိုင်ငံ

**ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး**

၉။ ဒေါ်ဒီပင်္ကရာထေရီ၊ ပြဟ္မဝိဟာရီကမ္မဋ္ဌာန်းရိပ်သာကျောင်း၊ ဆူဘန်းမြို့ အနောက်ဂျာဗားပြည်နယ်၊ အင်ဒိုနီးရှားနိုင်ငံ

### ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဇောတိက၊ မဟာစည်မိုးကောင်းရိပ်သာကျောင်းတိုက်၊ သေတ္တရာကျေးရွာ၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ မဟာစည်သာသနာ့ရိပ်သာ၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၃။ ဘဒ္ဒန္တကုသလ၊ ဆင်ဖြူရတနာဓမ္မရိပ်သာကျောင်းတိုက်၊ ဝမ်းဘဲအင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ စိန်မြရုံခြယ်လမ်း၊ (၁)ရပ်ကွက်၊ ပေါက်ခေါင်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဇောတိက၊ ရွှေလင်းပင်မဏိဇောတဓမ္မရိပ်သာကျောင်းတိုက်၊ ပြာသာဒ်ကြီးရပ်၊ မှန်တန်းရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တဝိမလ၊ မူလကမ္ဘာအေးလေးကျောင်းတိုက်၊ အာဇာနည်လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဘဒ္ဒန္တလာဘမဥ္ဇူ၊ နိဗ္ဗိန္ဒကျောင်းတိုက်၊ ပုလဲလမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးနန္ဒ၊ အမှတ်(၁)၊ အနော်ရထာလမ်း၊ မြို့မရပ်၊ မိုးကုတ်မြို့ မန္တလေးတိုင်းဒေသကြီး

၂။ ဦးတင်စိန်(ခ)ဦးနီနီ၊ အမှတ်(ခ/၂)၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဦးကျော်ဝင်း၊ အမှတ်(I-2)၊ စံပယ်လမ်း၊ ဟုမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့တံဆိပ်

၁။ ဒေါက်တာသင်းသင်း၊ အမှတ်(၃-စီ)၊ မေခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ဒေါ်စန်းစန်းနွဲ့၊ အမှတ်(၃၆/စီ)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ (၁၀) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဒေါ်ခိုင်ခိုင်ဦး၊ အမှတ်(၃၂-ဒီ)၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဒေါ်နန်းသက်စုလှိုင်ထွန်း၊ အမှတ်(၂၀၉)၊ စံပယ်လမ်း၊ ကန်အောက်ရပ်ကွက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်

### သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးသိန်းဟန်၊ အမှတ်(၅၂၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ဦးလှဌေး၊ အမှတ်(၃၂-ဘီ)၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်၊ ပြည်လမ်း၊ (၇)မိုင်၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဦးမျိုးဆက်၊ အမှတ်(ဆ/၇၈)၊ ပိတောက်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဦးဝေလွင်၊ အမှတ်(၂၄၅)၊ ဇောတိကလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်

၅။ ဦးလီကျိန်းချန်(ခ)ဦးလျှိုအားပေါက်၊ အမှတ်(၃)၊ ကျင်းရွှေထန်လမ်း၊ ရပ်ကွက်(၂)၊ လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

### သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်

၁။ ဒေါ်နော်ဖောဖော၊ အမှတ် (၁၃၁/ခ)၊ ဘုရင့်နောင်လမ်း၊ (၄)ရပ်ကွက်၊ မြဝတီမြို့ ကရင်ပြည်နယ်

၂။ ဒေါ်စန်းစန်းဝေ(ခ)ဒေါ်စန်းဝေ၊ အမှတ်(၄၁)၊ (၇၃)လမ်း၊ ၂၇×၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်မြင့်မြင့်သန်း၊ အမှတ်(ဒ-၃/၅၅)၊ (၆၃)လမ်း၊ ၃၇×၃၈ လမ်းကြား၊ မဟာမြိုင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်ဌေးဌေးအောင်၊ အမှတ်(၄၁၄/က)၊ (၃၄)လမ်း၊ ၆၅×၆၆ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်ဝင်းမြင့်၊ အမှတ်(၁၁၂၆)၊ ဇောတိက(၁)လမ်း၊ (၁၆/၄) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါ်လှယဉ်ဝင်း၊ အမှတ်(၄၅)၊ စိန်ရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဒေါ်ဝေဝေမွန်၊ အမှတ်(၉၀)၊ အင်းယားလမ်း၊ (၉) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဒေါ်မာလာမြင့်၊ အမှတ်(၆၁-ဘီ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဒေါ်မိုးစိမ့်စိမ့်လင်း၊ အမှတ်(၃/စီ)၊ မေလိခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါ်သက်သက်နိုင်၊ အမှတ်(၃၉)၊ သီရိမင်္ဂလာလမ်းသွယ် (၆)လမ်း၊ ဗဟိုလမ်း၊ (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်အိသန္တာဘို၊ အမှတ်(၄၃/၁)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်ဇေဇင်လတ်၊ အမှတ်(ဘီ-၂)၊ ထန်းဥယျာဉ်ရိပ်သာ၊ မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါ်သိင်္ဂီလင်း၊ အမှတ်(၄၁/ခ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးကျော်ဇေယျ၊ No.P.S.H.M (3)၊ တစ်ကေအထူးမြေကွက်၊ ရာဇသင်္ဂဟလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၂။ ဦးခင်ဝင်း၊ အမှတ်(၁၁၃)၊ ကျိုက္ခမီလမ်းမကြီး၊ ဈေးကြိုဆန်တန်းရပ်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၃။ ဦးချစ်ခိုင်၊ အမှတ်(၂၉)၊ ဦးဝိစာရလမ်း၊ (၃၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဦးအောင်သန်းစိန်၊ အမှတ်(၃၉)၊ ဦးကြွယ်ဟိုးလမ်း၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဦးကျော်ဌေး၊ အမှတ်(၄)၊ ပါရမီလောကနတ်အိမ်ရာဝင်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဦးမျိုးညွန့်၊ အမှတ်(၄၀၁/၄၁၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၅)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဦးလှမြင့်၊ အမှတ်(၁၇၇/က)၊ ရန်ပြေ(၁၁)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဦးကိုကိုလေး၊ အမှတ်(၅)၊ အခန်း(၃၀၄)၊ နဝဒေးကွန်ဒို၊ နဝဒေးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### သီဟသုဓမ္မသီဂီဘွဲ့တံဆိပ်

၁။ ဒေါ်နွဲ့နွဲ့၊ အမှတ်(ကက/၇၄၄)၊ (၇) ရပ်ကွက်၊ ကျီကုန်းရပ်၊ ရွှေဘိုမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါ်အေးညို၊ အမှတ်(မ-၂၂)၊ (၄၃)လမ်း၊ (၆၆)လမ်း၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်အေးမော်စီ(ခ)ဒေါ်မော်စီ၊ အမှတ်(၁၁၂)၊ (၈၉)လမ်း၊ ၂၁×၂၂ လမ်းကြား၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်စံပယ်ကိုလေး၊ အမှတ်(၃၃၁)၊ (၈၃)လမ်း၊ ၃၁×၃၂ လမ်းကြား၊ အကွက်(၅၇၂)၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်သင်းသင်းခိုင်၊ ဘူတာမြောက်ရပ်၊ (၂)ရပ်ကွက်၊ မတ္တရာမြို့ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်သင်းသင်းထွေး၊ အကွက်(၅၉၄)၊ ၈၀×၈၁ လမ်းကြား၊ ၂၈×၂၉ လမ်းကြား၊ ရှေ့တော်ပြေးဝင်း၊ ချမ်းအေးသာစံအရှေ့ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဒေါ်ကြည်ကြည်နွဲ့(ခ)ဒေါ်စုစုသန်း၊ အမှတ်(ကက-၇/၉)၊ (၅၃)လမ်း၊ သိပ္ပံလမ်းထောင့်၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဒေါ်ခင်စန်း၊ အမှတ်(၈၀/အေ)၊ တောင်ဝိုင်းလမ်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၉။ ဒေါ်ညွန့်ညွန့်၊ အမှတ်(၂၉၃/စီ)၊ ဝေဇယန္တာလမ်းနှင့် (၁၀)လမ်းထိပ်၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါ်လှကြည်(ခ)ဒေါ်ရီရီမြင့်၊ အမှတ်(၆၂/၆၈)၊ ရှိုင်းကွန်ဒို၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်ဝေဝေ၊ အမှတ်(၈၀-ပီ)၊ ကမ္ဘောဇလမ်းသွယ်(၁)၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်သန်းမြ၊ အမှတ်(၂၀-၂၁)၊ ပြည်သာယာအိမ်ရာ၊ မြိုင်မာလာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါ်သန်းသန်းဦး(ခ)မကြီး၊ အမှတ်(၃)၊ (၁)လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါ်မြနှင်းရီ(ခ)ဒေါ်မိုးမိုး၊ Bamboo Grove Villa 1၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဒေါ်နန်းဝါ၊ အမှတ်(၅)၊ အောင်သုခလမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဒေါ်နှင်းမြတ်ထွေး၊ အမှတ်(၃)၊ ဦးထွန်းငြိမ်းလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဒေါ်ခိုင်ပြည့်စုံကြိုင်၊ အမှတ်(၃၆၂)၊ ယင်းမာမြိုင်လမ်းသွယ်(၂)၊ (၂၃) ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဒေါ်ခင်ငြိမ်းဦး(ခ)ဒေါ်စနိုး၊ အမှတ်(၄၄)၊ (၁၁)လမ်း၊ ရှမ်းကုန်းပိုင်း၊ (၅)ရပ်ကွက်၊ မြောင်းမြမြို့ ဧရာဝတီတိုင်းဒေသကြီး

၁၉။ ဒေါ်အေးအေးခင်၊ အမှတ်(၃၀၄)၊ (၇)ရပ်ကွက်၊ နောက်မီးကျေးရွာအရှေ့ အမာမြို့ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်**

၂၀။ Mrs. Kim Hyang Bun, Room 1801, Wourldcup Ipark 105dong, Moracnaero 9 gil 6, Mapogu, Seoul, South Korea.

### သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးစိုးပြည့်စုံထွန်း၊ အမှတ်(၆၂)၊ မန်ကျည်းကုန်းလမ်း၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဦးမောင်စိုး၊ အင်တုံစုရပ်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဦးအောင်တိုး၊ အမှတ်(ဃ-၂၄)၊ အကွက်(၆၃၉)၊ ၃၄×၃၅ လမ်းကြား၊ ၇၈×၇၉ လမ်းကြား၊ ရွှေချည်ထိုးရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဦးမျိုးမင်းစိုး၊ အမှတ်(၃၀)၊ အကွက်(၅၂၀)၊ လမ်း(၄၀)၊ ၈၀×၈၁ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဦးဝင်း၊ အမှတ်(၆၈/၇၀)၊ တော်ဝင်လမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဦးအေးမင်း၊ အမှတ်(၅၇၂/က)၊ မာဃ(၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဦးကိုကိုဇော်(ခ)ဦးဇွဲရန်နိုင်၊ အမှတ်(၁၅၈)၊ နှင်းဆီဖြူလမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဦးဖိုးရှင်း၊ ပြင်လဟာကျေးရွာ၊ မဘိမ်းမြို့နယ်၊ ရှမ်းပြည်နယ်

၉။ ဦးစိုင်းမောင်ထွန်း၊ အမှတ်(၁၈၅)၊ စယ်ဟိုင်းကျေးရွာ၊ နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်

၁၀။ ဦးကျော်ခင်သိန်း၊ အမှတ်(၁၃)၊ (၇)လမ်း၊ (၄)ရပ်ကွက်၊ မြောင်းမြမြို့ ဧရာဝတီတိုင်းဒေသကြီး

၁၁။ ဦးသန်းစိန်၊ အမှတ်(၁၃၀)၊ ၉×၁၀ ဦးစန္ဒာလမ်း၊ (၄)ရပ်ကွက်၊ ကျိုက်လတ်မြို့ ဧရာဝတီတိုင်းဒေသကြီး

### သုဓမ္မသီဂီဘွဲ့တံဆိပ်

၁။ ဒေါ်ခင်ချို၊ အမှတ်(၃/၃၈)၊ သဇင်လမ်း၊ အောင်ဇေယျရပ်ကွက်၊ ကလေးမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါ်စောစန္ဒာဆွေ၊ ကျောက္ကာလမ်း၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဒေါ်အေးအေးမြိုင်၊ အမှတ်(၅၀၂)၊ နန်းဦးသစ်လွင်ခြံ၊ ဓမ္မာရုံလမ်း၊ နန်းဦးလွင်ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်သင်းသင်းလင်း၊ အမှတ်(၅၁၆/ဘီ)၊ (၃၁)လမ်း၊ ၈၀×၈၁ လမ်းကြား၊ အောင်နန်းရိပ်သာအရှေ့ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်သဲမဥ္ဇူမြင့်၊ အမှတ်(၇)၊ လမ်းမတော်လမ်း၊ ဝက်ကြီးအင်းရပ်၊ ညောင်ဦးမြို့ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်စန်းစန်းရီ၊ အမှတ်(၂၉၀-ပီ)၊ ဦးဝိစာရလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဒေါ်ခင်ထွေး၊ အမှတ်(၁၆)၊ ကမာရွတ်ဘူတာရုံလမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဒေါ်မော်မော်သန်း၊ အမှတ်(၆၉၁)၊ မေတ္တာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဒေါ်ခင်အုံး၊ အမှတ်(၁၀၇)၊ ဝေဇယန္တာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါက်တာသက်သက်ခိုင်၊ အမှတ်(၁၂၇/အေ)၊ ဓမ္မစေတီလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်အေးစန္ဒာ၊ အမှတ်(၁၂၈)၊ အေးချမ်းသာယာရေးလမ်း၊ ၄၈-ယူ(၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်ခင်သီတာ၊ အမှတ်(၅၀၆)၊ နတ်မောက်လမ်း၊ (၃၉-ဘီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါ်သော်တာဝင်း၊ အမှတ်(၅၈)၊ စရည်းပင်လမ်းနှင့်မဥ္ဇူလမ်း၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါ်ဆွေလပြည့်စိုး၊ အမှတ်(၉)၊ အင်းယားမြိုင်ကွန်ဒို၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဒေါ်ကေသီအောင်၊ အမှတ်(၁၄၈)၊ ပတ္တမြားလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်

၁၆။ ဒေါ်အေးမြင့်၊ အမှတ်(၁၃၆)၊ သောင်ကြီးပိုင်း၊ သမိန်ထောကုန်းတန်းစံပြကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

## နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇန်နဝါရီ ၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မိုး/ဇလ

# ပြာသိုလပြည့် အမေများနေ့

## မုဒိတာ (တောင်သာ)

ပြာသိုလသည် မြန်မာလများတွင် ဆယ်လမြောက်သောလ ဖြစ်ပြီး ထူးခြားသောလလည်းဖြစ်သည်။ အကြောင်းမှာ ပြာသိုလပြည့်နေ့ကို အမေများနေ့ဟု သတ်မှတ်ပြီး မြန်မာနိုင်ငံ၏ နေရာအနှံ့တွင် ကျင်းပကြသောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒေသများထဲမှ မန္တလေးမြို့ကြီးတွင်မှ အခြားဒေသများထက် တခမ်းတနား ကျင်းပကြသည်။

**အမေများနေ့အဖြစ်သတ်မှတ်**

မြန်မာနိုင်ငံ၏ အမေများနေ့ကို ဆရာကြီးဦးသုခက စတင်သတ်မှတ်ပေးခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် အမေများနေ့အဖြစ် သတ်မှတ်ရာ၌ အမျိုးသားစာဆို စာရေးဆရာကြီး ဦးသော်ဇင်၊ စာရေးဆရာကြီး ဒဂုန် ဦးစန်းငွေ၊ စာရေးဆရာကြီး ဦးရန်အောင်၊ စာရေးဆရာကြီး တက်တိုး၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၊ စာရေးဆရာမကြီး ဒေါ်စောမုံညင်း၊ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ် စသည့်စာပေပညာရှင်များက ဆရာကြီး ဦးသုခနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ဆရာကြီးဦးသုခသည် မိခင်ဖြစ်သူကို ကျိုက်လတ်တွင်ထားခဲ့ပြီး သားဖြစ်သူကို လွမ်းနေရသောမိခင်၏ ကြေကွဲခံစားချက်များ ရင်ထဲမှာကိန်းအောင်းခဲ့ရာမှ အစပျိုးခဲ့ကြောင်း၊ ရင်ထဲမှခံစားချက်များကို ပရိသတ်များထံ လိုက်လံဟောပြောကာ အမေ့မေတ္တာပြန့်ပွားရေးကို စတင်လှုံ့ဆော်ခဲ့သူဖြစ်ကြောင်း၊ မိခင်မေတ္တာကို ဟောပြောစဉ် သီချင်းလည်းဆို၊ ပြောလည်းပြော၊ ငိုလည်းငို၍ နားထောင်သူပရိသတ်မှာလည်း မလှုပ်မယှက် ငြိမ်သက်နေခဲ့ကြောင်း မှတ်သားဖူးခဲ့ပါသည်။

**အမေ့ကို ဂရုစိုက်ကြမယ်**

ပြာသိုလပြည့်နေ့တိုင်းကို အမေနေ့အဖြစ် ကျင်းပနိုင်ရန် စာပေပညာရှင်များက ကြိုးစားနေစဉ် ၁၉၉၅ ခုနှစ်တွင် မန္တလေးမှ အမေ မြတ်နိုးသူများက ဆရာကြီး ဦးသုခကို အမေနေ့သတ်မှတ်ပေးရန် ပူဆာတိုက်တွန်းခဲ့ခြင်းကြောင့် မန္တလေးမြို့တွင် ဆရာကြီး ဦးသုခကိုယ်တိုင် ဟောပြောကာ ပြာသိုလပြည့်နေ့ကို အမေများနေ့ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အမေနေ့ကို ပြာသိုလပြည့်နေ့အဖြစ် အတည်ပြုရန် ၁၉၉၆ ခုနှစ်တွင် ဆရာကြီးဦးသုခသည် ဆရာချစ်စံဝင်းကို အားပေးဆော်သြခဲ့သည်။ ထိုသို့ဖြင့် စာပေလောက၊ အနုပညာလောက၊ ကျန်းမာရေးလောကမှ တတ်သိပညာရှင်များ စုပေါင်းကာ ရွှေတိဂုံဘုရားအရှေ့မုခ်တွင် အမေနေ့အဖြစ် ဆရာချစ်စံဝင်းက ထပ်မံကျင်းပ၍ ဟောပြောခဲ့သည်။ အမေနေ့တွင်အဝေးရောက် သားသမီးများသည် မိခင်ထံသို့ စာရေးခြင်း၊ ပို့စကတ်လက်ဆောင်ပေးခြင်း၊ ဖုန်းဆက်၍ အကြောင်းကြားခြင်း၊ မိခင်နှင့်အတူရှိသော သားသမီးများသည်လည်း အမေကို ရေမိုးချိုးကာ ဝတ်ကောင်းစားလှများ ဝတ်ဆင်ပေးခြင်း၊ အမြဲလိုလို တစ်နှစ်တာပတ်လုံး မီးဖိုချောင်တွင် ချက်ပြုတ်နေသော အမေကို မီးခိုးငွေ့ကင်းစင်သော စေတီပုထိုးများသို့ လိုက်ပို့ပေးခြင်း စသည်ဖြင့် အမေနေ့တွင် အမေကိုချစ်ကြသူအားလုံးက ဂရုတစိုက် ပြုလုပ်ပေးခဲ့ကြသည်။

**ကမ္ဘာ့မိခင်များနေ့**

အမေများနေ့ကို မြန်မာနိုင်ငံတွင် သာမက ကမ္ဘာပေါ်ရှိ နိုင်ငံများမှလည်း ကမ္ဘာ့မိခင်နိုင်ငံများအဖြစ် ကျင်းပကြသည်။ ကမ္ဘာ့မိခင်နိုင်ငံများ ဖြစ်ပေါ်လာပုံမှာ စာရေးဆရာမ၊ ကထိက၊ လူမှုရေးပြုပြင်သမားဖြစ်သူ မစ္စဂျူလီယာသည် ဘော်စတွန်မြို့ရှိ သူမ၏နေအိမ်၌ မိခင်များနေ့ကို ၁၈၇၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့မိခင်များနေ့ကို မေလ၏ဒုတိယ တနင်္ဂနွေနေ့တိုင်း ကျင်းပလေ့ရှိသည်။

ဆရာဦးခင်မောင်ဝင်း(အသည်း)က မွေးနေ့ပွဲတွင် အမေဆိုသည့် စကားလုံးများ၏ အဓိပ္ပာယ်ကို ရှာဖွေကာမျှဝေခဲ့သည်ကို ပြန်လည်တင်ပြပေးလိုသည်။ M= is for the million things she gave me (အမေ ကျွန်ုပ်တို့ကိုပေးခဲ့တဲ့ သန်းပေါင်းများစွာသော အရာတွေ)၊ O = means only that she's growing old (သားသမီးတွေအတွက် ပေးဆပ်ရင်း အိုမင်းသွားတဲ့အမေ)၊ T= is for the tears she shed to save me (သားသမီးတွေအတွက် အမေကျခဲ့သောမျက်ရည်)၊ H = is for her heart of purest gold (အမေ့ရဲ့ရွှေစင်နှလုံးသား)၊ E = is for her eyes,with love-light shi-ning(မေတ္တာကြင်နာခြင်းအပြည့်အဝနှင့် စောင့်ရှောက်ကြည့်ရှုခဲ့သောအမေ)၊ R = means right,and right she'll always be (အမြဲတမ်းမှန်ကန်သောအမေ့ဆုံးမစကားများ)။



**"မိဘများ သက်ရှိထင်ရှားရှိစဉ် စုန်ရေမေတ္တာများကို အသိအမှတ်ပြုကာ ခြေဆုပ်လက်နယ်ပြုစုပေးရမည်။ ယနေ့ခေတ်တွင် မွေးမိခင်များ၊ မွေးဖခင်များ၏ ကျေးဇူးကိုသိတတ်နားလည်သူများ အင်မတန်ရှားပါးလျက်ရှိနေပြီ ဖြစ်သည်"**

အထက်ပါ အမေဆိုသော စကားလုံး၏ အဓိပ္ပာယ်များသည် Mr.Howard Johnson ကရေး၍ အရှင်ဣန္ဒစာရ(မုံရွာ)က ဘာသာပြန်ထားခြင်းဖြစ်သည်။

**ကျေးဇူးဆပ်မကုန်နိုင်**

ဤကမ္ဘာပေါ်တွင် အမေ့ကျေးဇူးနှင့် ကင်းနိုင်သူမရှိပါချေ။ မိခင်များ၏ ကျေးဇူးသည်လည်း ဆပ်၍မကုန်သော အနန္တပင် ဖြစ်သည်။ မိခင်များ၏ အလှဆုံးအချိန်မှာ သားသမီးများကို နို့ချိုတိုက်ကျွေးပြီး တစိမ့်စိမ့်ကြည့်နေသောအချိန် ဖြစ်သည်။ မိခင်များသည် ရင်သွေးငယ်တစ်ဦးက ကလလရည်ကြည် ပဋိသန္ဓေ တည်ပြီဆိုကတည်းက မမြင်ရသေးသည့် သားသမီးအပေါ် မေတ္တာစိတ်များ စတင်ကာ တဖွားဖွားဖြစ်ပေါ်လျက်ရှိသည်။ ရင်သွေးကို ထိခိုက်မည်စိုး၍ သူတို့ကြိုက်နှစ်သက်သော ပူ၊ ငန်၊ စပ်၊ ခါး မှန်သမျှကို ရှောင်ကြဉ်သကဲ့သို့ အသွားအလာအနေအထိုင်အားလုံးကိုလည်း ဆင်ခြင်ခဲ့ကြသူများ ဖြစ်သည်။

**စွန့်လွှတ်နိုင်ကြသူများ**

ထို့အတူ အိမ်မှုကိစ္စအဝဝ၊ ခင်ပွန်း၏ဝေယျာဝစ္စ အဝဝတို့ကိုလည်း တာဝန်ယူလုပ်ဆောင်ကြသူများ ဖြစ်သည်။ လောကကြီးတွင် အနစ်နာခံရဆုံး၊ အပေးဆပ်ဆုံး၊ အလုပ်များဆုံးလူသားများမှာ မိခင်များပင်ဖြစ်သည်။ အမေများ၏ မေတ္တာလောက် မည်သူ၏မေတ္တာကမှ နှိုင်းယှဉ်မှုမရှိနိုင်ပါ။ အမေများသည် သူတို့၏ အလှအပကို ပျက်စီးလျှင် ပျက်စီးပါစေ ရင်သွေးငယ်များကို မိခင်နို့တိုက်ရမှသာ ကျေနပ်ကြသူများလည်း ဖြစ်သည်။ နို့ရည်ဆိုသည်မှာလည်း မိခင်များ၏ ကြီးမားသောမေတ္တာများကြောင့် အနီရောင်သွေးစစ်စစ်မှ အာဟာရပြည့်ဝသော အဖြူရောင် နို့ရည်ကြည်အဖြစ် ပြောင်းလဲသွားခြင်း ဖြစ်သည်။ သို့ပါသောကြောင့် အမေများသည် သားသမီးများအတွက် မိမိတို့၏ အလှတရားများကို စွန့်လွှတ်နိုင်ကြသူများလည်း ဖြစ်သည်။

ကျွန်မတို့ လူသားများသည် မွေးမေများ၏မေတ္တာအနန္တကြောင့်ပင် လူလားမြောက်လာကြရသူများ ဖြစ်သည်။ သို့ပါသောကြောင့် မိခင်များ၏ ကျေးဇူးများကို တတ်နိုင်သလောက် ပြန်လည်ပေးဆပ်သင့်သည်။ မိဘများမရှိတော့မှ ကျွေးမွေးချင်၍ မရပါ။ သို့ပါသောကြောင့် မိဘများသက်ရှိထင်ရှားရှိစဉ် စုန်ရေမေတ္တာများကို အသိအမှတ်ပြုကာ ခြေဆုပ်လက်နယ်ပြုစုပေးရမည်။ ယနေ့ခေတ်တွင် မွေးမိခင်များ၊ မွေးဖခင်များ၏ ကျေးဇူးကို သိတတ်နားလည်သူများ အင်မတန်ရှားပါးလျက်ရှိနေပြီ ဖြစ်သည်။

**အသက်ပေးစောင့်ရှောက်သောမိခင်**

မိမိတို့၏လက်ရှိ ရာထူး၊ အာဏာ၊ ဂုဏ်ပကာသနများသည်လည်း မွေးမေမေများ၏ မေတ္တာများမှတစ်ဆင့် ရရှိပိုင်ဆိုင်ခဲ့ခြင်းကို အထူးသတိပြုထားသင့်သည်။ အကြောင်းမှာ ယနေ့ခေတ်ရေစီးကြောင်းအရ "ငါ့ကိုသူမွေးထားတာပဲ၊ သူကျွေးရမှာပေါ့" ဆိုသော သားသမီးများ များပြားနေသောကြောင့် ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပြော၍မကုန်သော အကြောင်းအရာမှာလည်း မိခင်အကြောင်းပင် ဖြစ်ပါလိမ့်မည်။ မေတ္တသုတ်တော်တွင် ပါရှိသော မာတာယထာ နိယံပုတ္တ မာယုသာ ဧကပုတ္တ မနုရက္ခေ ဆိုပြီး မေတ္တာစစ်မေတ္တာမှန်နှင့် ပတ်သက်ပြီး ဥပမာပေးကာ ပြောထားတာရှိသည်။ ဆိုလိုသည့် မေတ္တာစစ်၊ မေတ္တာမှန် ကိုပေးနိုင်သူမှာ သားသမီးများကို အသက်ပေးကာ စောင့်ရှောက်ပေးသော မိခင်သာဖြစ်သည်။

အမေ့အကြောင်း၊ မိခင်များ၏ အကြောင်းကိုပြောလျှင် ပြော၍ဆုံးမည် မထင်ပါ။ သို့ဖြစ်သောကြောင့် ဆရာချစ်စံဝင်း ဟောပြောခဲ့သည့် အချက်မှတ်သားဖွယ် ငါးရပ်ကိုလည်း တင်ပြပေးလိုသည်။ ထိုငါးချက်မှာ သားသမီးများဆီမှ မိဘများ မျှော်လင့်သည့် မျှော်လင့်ချက် ငါးချက် ဖြစ်သည်။ (၁) မိမိတို့ အိုမင်းမစွမ်းဖြစ်လာသည့်အခါ မိမိတို့၏ သားသမီးများက ကူညီမည်ဟူ၍ တိတ်တခိုးမျှော်လင့်ချက်ထားခြင်း၊ (၂)သားသမီးများသည် မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို စောင့်ရှောက်လိမ့်မည်ဟူသော မျှော်လင့်ချက်ထားခြင်း၊ (၃) မိမိတို့ နာမကျန်းဖြစ်သည့်အခါ သားသမီးများက ပြုစုကြလိမ့်မည်ဟူသည့် မျှော်လင့်ခြင်း၊ (၄) မိမိတို့တရားသဖြင့် ရှာဖွေထားသော ပစ္စည်းဥစ္စာများကို စောင့်ရှောက်ပြီး တိုးပွားအောင် ဆောင်ရွက်ခြင်းဖြင့် အမျိုးဘာသာ သာသနာကိုထောက်ပံ့မည်ဟု မျှော်လင့်ခြင်း၊ (၅) မိမိတို့မရှိသည့်နောက် သေလွန်ပြီးသည့်အခါ သားသမီးများသည် မိမိတို့ကိုရည်စူး၍ ရောက်ရာအရပ်မှ သာဓုအနုမောဒနာ ပြုနိုင်စေရန် အမျှအတန်း ဝေလိမ့်မည်ဟု မျှော်လင့်ခြင်းတို့ ဖြစ်သည်။

သို့ပါသောကြောင့် ကျွန်မတို့သားသမီးများဘက်မှလည်း မွေးမိခင်၊ မွေးဖခင်များအပေါ် ကျေးဇူးဆပ်နိုင်အောင် တတ်နိုင်သမျှ ကြိုးစားရမည်။ အဘယ့်ကြောင့်ဆိုသော အမေများ၏ မေတ္တာသည် ဘယ်လောက် တိုင်းတာတိုင်းတာ၊ ဘယ်လိုနှိုင်းဆ နှိုင်းဆ၊ ဘယ်လောက် ပေးဆပ်ပေးဆပ် မကျေနိုင်သော စုန်ရေမေတ္တာရှင်များဖြစ်သည်ဟု တင်ပြရင်း ကမ္ဘာပေါ်ရှိ အမေများအားလုံးကို ဦးညွှတ်ဂါရဝပြုလိုက်ရပါသည်။ ။

---

# စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသည့် မြေယာများကို နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်း ပေးအပ်

**မြောင်းမြ ဇန်နဝါရီ ၄**

စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသည့် မြေယာများကို နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်လိတ္တော်အရာရှိ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလွင်က စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မလိုအပ်တော့သည့် မြေကွက်များကို နိုင်ငံတော်ကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။

"ခရိုင်စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန် မရှိတော့တဲ့ မြေကွက်များအား နိုင်ငံတော်ကို ပြန်လည်အပ်နှံတာဖြစ်ပါတယ်။ ဒီကနေ့ အပ်နှံတာမှာ အိမ်မဲမြို့နယ်က မြေကွက် ငါးကွက်၊ မြောင်းမြမြို့နယ်က မြေကွက် တစ်ကွက် စုစုပေါင်း ခြောက်ကွက်ကို နိုင်ငံတော်ကိုယ်စား ကော်လိတ္တော်အရာရှိထံကို အထောက်အထား စာရွက်စာတမ်းတွေ ပြန်လည်အပ်နှင်းတာဖြစ်ပါတယ်" ဟု ခရိုင်စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

စားသုံးသူရေးရာဦးစီးဌာနမှ နိုင်ငံတော်သို့ ပြန်လည်အပ်နှံရန် မြောင်းမြခရိုင်အတွင်း မြောင်းမြမြို့တွင် ခုနစ်ကွက်၊ ဝါးခယ်မမြို့တွင် ငါးကွက်၊ အိမ်မဲမြို့တွင် ငါးကွက်ပေးအပ်ရန်ရှိပြီး ပြန်လည်အပ်နှံမြေကွက်များကို ကော်လိတ္တော်အရာရှိမှ လယ်ယာမြေစီမံခန့်ခွဲရေး စာရင်းအင်းဦးစီးဌာန၊ မူလမြေပိုင်ရှင်နှင့် တိုက်ဆိုင်စစ်ဆေးကာ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရပြီး ပေးအပ်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်း၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**



# နိုင်ငံတော်နဲ့ တိုင်းပြည်အတွက် အသက်ပေးသွားတဲ့ တပ်မတော်သားတွေကို ပြည်သူတစ်ယောက်အနေနဲ့ ပြောရရင် အများကြီးဂုဏ်ယူမိပါတယ်

ဒေါ်သူဇာမိုး

**ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ကျင်းပခဲ့သည်။**

**အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့် က တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ရရှိသူနှစ်ဦးကို ဂုဏ်ထူးဆောင်ဘွဲ့ (သူရဘွဲ့) ချီးမြှင့်အပ်နှင်းခဲ့ရာ အဆိုပါ သူရဘွဲ့ရရှိသူများကိုယ်စား လက်ခံရယူသည့်မိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ပါသည် -**

**ဒေါ်သူဇာမိုး**

**ဒုတိယဗိုလ်မှူးကြီး သူရလှထူး(ကျဆုံး)၏ဇနီး**

ကျွန်မက မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှာ အလယ်တန်းပြ ဆရာမတာဝန် ထမ်းဆောင်နေပါတယ်။ အခုအခမ်းအနားမှာ ကျွန်မရဲ့ခင်ပွန်းသည် ဒုတိယဗိုလ်မှူးကြီး သူရလှထူး ကိုယ်စား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို တက်ရောက်လက်ခံရယူတာ ဖြစ်ပါတယ်။ နိုင်ငံတော်က အခုလို အခမ်းအနားနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော်နဲ့ တပ်မတော်အတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားတဲ့ ကျွန်မခင်ပွန်းရဲ့ကိုယ်စား ကျွန်မအနေနဲ့ ဂုဏ်ယူမိပါတယ်။

ဒီဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ကျွန်မခင်ပွန်း သက်ရှိထင်ရှားရှိနေပြီး အခမ်းအနားစင်မြင့်ထက်မှာ သူကိုယ်တိုင် တက်ရောက်လက်ခံနေတာကို ကျွန်မအနေနဲ့ စင်အောက်ကနေ မိသားစုဝင်တစ်ယောက်၊ ပရိသတ်တစ်ယောက်အနေနဲ့ ကြည့်ရမယ်ဆိုရင် ကျွန်မပိုပြီး ဝမ်းမြောက်ဂုဏ်ယူမိမှာပါ။ နိုင်ငံတော်နဲ့ ပြည်သူအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်း မိမိတို့ရဲ့ ခန္ဓာကိုယ်နဲ့အသက်ကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံ တာဝန်ထမ်းပြီး အသက်ပေးသွားတဲ့ တပ်မတော်သားတွေရဲ့ မိသားစုတစ်ယောက်အနေနဲ့လည်း ဂုဏ်ယူမိပါတယ်။

ကျွန်မတို့ အမိနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်သားတွေသာမဟုတ်ဘဲ ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေအားလုံးမှာ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။

နိုင်ငံတော်နဲ့ တိုင်းပြည်အတွက် အသက်ပေးသွားတဲ့ တပ်မတော်သားတွေကို ပြည်သူ တစ်ယောက်အနေနဲ့ပြောရရင် အများကြီးဂုဏ်ယူမိပါတယ်။ ကျွန်မက ဒီလိုအသက်ပေးသွားတဲ့ တပ်မတော်သားတစ်ဦးရဲ့ ဇနီးသည်တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ခင်ပွန်းသည်မရှိတဲ့အတွက် အားငယ်မိပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ခင်ပွန်းဟာ ကိုယ့်နိုင်ငံနဲ့ကိုယ့်လူမျိုး ထာဝရငြိမ်းချမ်းရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သွားတာ ဖြစ်တဲ့အတွက်ကြောင့် သူရဲကောင်းရဲ့ဇနီးတစ်ယောက်အနေနဲ့ ကျွန်မအများကြီး ဂုဏ်ယူမိပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါ်ချိုချိုအောင်**

**ဒုတိယဗိုလ်မှူးကြီး သူရသန့်ဇင်ဦး(ကျဆုံး)၏ဇနီး**

နိုင်ငံတော်ကချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ဘွဲ့ကို ကျွန်မရဲ့ ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး သူရသန့်ဇင်ဦး ကိုယ်စား တက်ရောက်လက်ခံခြင်းဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ တပ်မတော်အတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ရင်း အသက်ပေးသွားခဲ့တဲ့ ကျွန်မခင်ပွန်းကို နိုင်ငံတော်က အခုလို အခမ်းအနားနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် ကျေးဇူးတင်ဂုဏ်ယူမိပါတယ်။



ဒေါ်သူဇာမိုး



ဒေါ်ချိုချိုအောင်

ဒီဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ဟာ နိုင်ငံတော်အတွက်သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်သွားတဲ့အတွက် နိုင်ငံတော်ကထိုက်တန်စွာနဲ့ ချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်လို့ မြင်ပါတယ်။

နိုင်ငံတော်နဲ့ တပ်မတော်အတွက် အထွတ်အမြတ်ထားရတဲ့ ဒီလိုလွတ်လပ်ရေးနေ့ အခါသမယမှာ ကျွန်မရဲ့ခင်ပွန်းက နိုင်ငံတော်က ချီးမြှင့်တဲ့ဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိတဲ့အတွက် ကျွန်မခင်ပွန်းကိုယ်စား ဂုဏ်ယူပါတယ်။ တပ်မတော်သားတစ်ဦးရဲ့ဇနီးဖြစ်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ အခုလို ချီးမြှင့်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

တပ်မတော်သားတွေဟာ အသက်ကိုပဓာနမထားဘဲ မိဘဆွေမျိုးတွေနဲ့ဝေးကွာပြီး တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားတဲ့သူတွေ၊ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ ယောကျာ်းကောင်း ယောကျာ်းမြတ်တွေဖြစ်တယ်လို့ ခံစားမှတ်ယူပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေတဲ့ တပ်မတော်သားတွေကို အမြဲတမ်းလေးစား ဂုဏ်ယူလျက်ပါ။

နိုင်ငံတော်နဲ့ပြည်သူအတွက် ကာကွယ်ရေးတာဝန်တွေ ထမ်းဆောင်ကြတဲ့အခါမှာ မိမိရဲ့အသက်နဲ့ခန္ဓာကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ရင်း အသက်ပေးသွားတဲ့ တပ်မတော်သားတွေကို မိသားစုဝင်တစ်ယောက်အနေနဲ့ အမြဲလေးစားဂုဏ်ယူနေမှာပါ။

**တွေ့ဆုံမေးမြန်း-မျိုးသူ၊ လူမော်၊ ဓာတ်ပုံ-ကျော်ရဲဆွေ(သတင်းစဉ်)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းများ အားကစားပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစာတိုက်များနှင့် ဌာနခွဲများမှ ဝန်ထမ်းများ၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော်သတင်းစာတိုက်ဝင်း၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

သတင်းစာတိုက် ဝန်ထမ်းမိသားစုများ ကျန်းမာကြံ့ခိုင်ပျော်ရွှင်ရန်အတွက် ရည်ရွယ်၍ အမျိုးသားဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ခေါင်းအုံးရိုက်နှင့် ချောတိုင်တက်ပြိုင်ပွဲများ၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲများနှင့် ကလေးငယ်များအတွက် မုန့်စားပြိုင်ပွဲ၊ အပြေးပြိုင်ပွဲများ စသည့် သက်ကြီးတန်း၊ သက်ငယ်တန်း အားကစားပြိုင်ပွဲများကို ကျင်းပခဲ့သည်။

အားကစားပြိုင်ပွဲများတွင် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုကို ပုံနှိပ်စီစဉ်ရေးအသင်း၊ ဒုတိယဆုကို ကြေးမုံ သတင်းစာတိုက်အသင်း၊ တတိယဆုကို မြန်မာ့အလင်းသတင်းစာတိုက်အသင်းတို့က လည်းကောင်း၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုကို ပုံနှိပ်စီစဉ်ရေးအသင်း၊ ဒုတိယဆုကို မြန်မာ့အလင်းသတင်းစာတိုက်အသင်းနှင့် တတိယဆုကို ကြေးမုံသတင်းစာတိုက်အသင်းတို့ကလည်းကောင်း၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် ပထမဆုကို မြန်မာ့အလင်းသတင်းစာတိုက်၊ ဒုတိယဆုကို နေပြည်တော်သတင်းစာတိုက်အသင်းနှင့် တတိယဆုကို ကြေးမုံသတင်းစာတိုက်အသင်းတို့က လည်းကောင်း ရရှိခဲ့သည်။



ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲဆက်လက်ကျင်းပရာ သက်ကြီးတန်း၊ သက်ငယ်တန်းအလိုက် ပြိုင်ပွဲအသီးသီး၌ ဆုရရှိသူများအား သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ စာတည်းမှူးချုပ်များ၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**



## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒဂုံမြို့နယ်၌ ကျင်းပသည်။ ပြိုင်ပွဲများကို ဒီဇင်ဘာ ၃၀ ရက်က စတင်ကျင်းပခဲ့ပြီး ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ကျင်းပသည်။

ဗိုလ်လုပွဲတွင် ပြည်ရွှေ့ (က)အသင်းနှင့် ပြည်ရွှေ့(ခ)အသင်းတို့ တွေ့ဆုံခဲ့ပြီး ပြည်ရွှေ့( ခ)အသင်းက ပြည်ရွှေ့( က)အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး ပထမဆုရရှိသည်။ ဆုများကို ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဆုများ ချီးမြှင့်ခဲ့ပြီး ဆုကြေးနှင့်အတူ ဆုတံဆိပ်၊ ဆုဖလားများကိုပါ တစ်ပါတည်းချီးမြှင့်ခဲ့သည်။ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းပေါင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ဒဂုံမြို့နယ်ရှိ ရှရှားသံရုံးအနီးတွင် ပြုလုပ်သည်။

ပြည်ရွှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယခုနှစ်အပါအဝင် သုံးနှစ်ဆက်တိုက် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် မြို့မကျောင်းသူကျောင်းသားဟောင်းများအသင်းက ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ **ခင်ရတနာ**

## တောင်ငူ၌ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်းနှင့် အားကစားပြိုင်ပွဲကျင်းပ

**တောင်ငူ ဇန်နဝါရီ ၄**

တောင်ငူမြို့တွင် ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်းကို တောင်ငူခရိုင်အားကစားကွင်း၌ ကျင်းပရာ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက် က သဝဏ်လွှာကိုဖတ်ကြားပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပြုလုပ်သော အားကစားပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းရင်းသားများက ရိုးရာအကများဖြင့် ဖျော်ဖြေကြသည်။ ညနေပိုင်းတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ဘောလုံးအသင်းနှင့် ဌာနဆိုင်ရာများပါဝင်သော ဘောလုံးအသင်းတို့က တောင်ငူခရိုင် အားကစားကွင်း၌ အမှတ်တရ ဘောလုံးကစားခဲ့ကြောင်း သိရသည်။ **သူရ (တောင်ငူ)**

## တပ်ကုန်းမြို့၌ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၄**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို နေပြည်တော် တပ်ကုန်းမြို့ပေါ် (၆) ရပ်ကွက်တွင် ပြေးခုန်ပစ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်၊ အာလူးကောက်၊ ခေါင်းအုံးရိုက်၊ လွန်ဆွဲ၊ ချောတိုင်တက်ပွဲများကို ရပ်ကွက်အသီးသီး၌ ပြုလုပ်ကြသည်။

ဘော်လီဘောပြိုင်ပွဲကိုလည်း ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ယှဉ်ပြိုင်ကြရာ ဗိုလ်လုပွဲတွင် ဇွန်လှိုင်းအသင်းကို သူဌေးကုန်း(ရွှေနန်းတော်)အသင်းက သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး မြို့နယ်ဘော်လီဘော ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမောင်အုပ်က (ရွှေနန်းတော်)အသင်းအား ငွေကျပ်တစ်သိန်းနှင့် ပထမဒိုင်းဆုကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**တင်ထွန်းတာ(တပ်ကုန်း)**

# စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့က စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင် IBEC ဆရာတော်အား နိုင်ငံတကာဂုဏ်ထူးဆောင်ဘွဲ့ ဆက်ကပ်ခြင်းအခမ်းအနား ကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၄**

IBEC ဆရာတော်(စတော့ဟုမ်းကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင်) ဘဒ္ဒန္တသောဘိတအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ နိုင်ငံတကာ ဂုဏ်ထူးဆောင်ဘွဲ့ ဆက်ကပ်လှူဒါန်းပွဲ ဂုဏဝိသိဋ္ဌပူဇာ အခမ်းအနားကို စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့ သောဘတပန်ရပ် IBEC အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ၌ ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) ညနေ ၄ နာရီက ဆင်ယင်ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၊ မြို့မိ မြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါ ဆုကို IBEC ဆရာတော်၏ ပြည်တွင်း ပြည်ပ ငြိမ်းချမ်းရေး၊ ပညာရေး၊ ဘာသာရေးနှင့် လူသားအကျိုးပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုများအတွက် ဂုဏ်ပြုသောအားဖြင့် ဆက်ကပ်လှူဒါန်းရခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ စတင်ဖွင့်လှစ်ပြီး IBEC ဆရာတော်မှ သီလပေးတရားများ ချီးမြှင့်ပေးသည်။ ထို့နောက် ကျောင်းသား ကျောင်းသူလေးများက IBEC သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာမှာ “ယနေ့မျက်မှောက်ကာလတွင် နိုင်ငံတော် အကြီးအကဲများက ငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီး တည်ဆောက်နေချိန်မှာ နိုင်ငံတကာ ဖိအားများကိုလည်း ကြုံတွေ့နေရချိန်၌ သာသာပေါင်းစုံ ညီလာခံများတွင် မြတ်ဗုဒ္ဓ၏တရားတော်နဲ့အညီ ညီညွတ် ငြိမ်းချမ်းရေး သတင်းစကားများကို နိုင်ငံတကာက လက်ခံအောင် ဆောင်ရွက်တင်ပြနေသည်ကို သိရှိရပါသည်ဘုရား။ ဆရာတော်ဘုရား၏ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သာမက ပြည်တွင်း၊ ပြည်ပ ငြိမ်းချမ်းရေး၊ ပညာရေးနှင့် လူသားအကျိုးပြုလုပ်ငန်းများကို ပြဟ္မဝိဟာရတရား လေးပါးနှင့်အညီ ဆောင်ရွက်ခဲ့သည့်အတွက် တပည့်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး၏ နိုင်ငံတကာ ငြိမ်းချမ်းရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေး ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်အဖြစ် ဘွဲ့တံဆိပ်ကို ထပ်ဆင့်ဆက်ကပ်လှူဒါန်းပါသည် ဘုရား” ဟုလျှောက်ထားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘွဲ့တံဆိပ်ကို ဆရာတော်ထံ ဆက်ကပ်ပြီး IBEC ဆရာတော်မှ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အား ဂုဏ်ယူဝမ်းမြောက်ကြောင်း မြွက်ကြားသည်။ ယင်းနောက် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ပြီးဆုံးခဲ့ကြောင်း IBEC သတင်းနှင့် ပြန်ကြားရေးဌာနမှ သိရသည်။

**အောင်စံမောင်**

# အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးအတွက် တရားဝင် Social Media စာမျက်နှာများ မိတ်ဆက်အသိပေးခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

**အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးအတွက် တရားဝင် Social Media စာမျက်နှာများ မိတ်ဆက်အသိပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်) ၌ ကျင်းပသည်။ (ယာပုံ)**

အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ကော်မတီတွဲဖက်အတွင်းရေးမှူး (၂)၊ အောင်ဆန်းရုပ်ရှင်ဒါရိုက်တာ ဦးလူမင်းက “အောင်ဆန်းရုပ်ရှင်ရိုက်ကူးရေး ကော်မတီထဲက အနုပညာဆိုင်ရာတွေ ဆောင်ရွက်မယ့် အနုပညာလောကက အဖွဲ့တွေနဲ့ မီဒီယာညီအစ်ကို မောင်နှမတွေ သီးသန့်တွေ့ဆုံတဲ့ ပွဲလေးဖြစ်ပါတယ်။ ဒီနေ့တွေ့ဆုံရတဲ့ ရည်ရွယ်ချက်ကတော့ အောင်ဆန်းရုပ်ရှင်ကြီးကို ရိုက်ကူးထုတ်လုပ်နေတဲ့ အခြေအနေ အကြောင်းအရာ၊ သတင်းအချက်အလက် အမှန်တွေကို ပြည်သူလူထုဆီကို ပို့ပြီးတော့ ပျံ့ပျံ့နှံ့နှံ့ရောက်ရှိစေဖို့၊ ပြည်သူလူထုကို အချိန်နဲ့ တစ်ပြေးညီ သိရှိနိုင်စေဖို့၊ နောက် အောင်ဆန်းရုပ်ရှင်က ကျွန်တော်တို့ တစ်ဦးတစ်ဖွဲ့နဲ့ ဆောင်ရွက်လို့ရတဲ့ ရုပ်ရှင်မျိုး မဟုတ်ပါဘူး။ အောင်ဆန်းရုပ်ရှင်ဆိုတာ တစ်နိုင်ငံလုံး နိုင်ငံသားတိုင်း ပါဝင်ပတ်သက်တဲ့၊ နိုင်ငံသားတိုင်းနဲ့ သက်ဆိုင်တဲ့၊ အမျိုးသားရေးလက္ခဏာ အသွင်ဆောင်တဲ့ ရုပ်ရှင်ကားကြီး တစ်ကားဖြစ်တဲ့အတွက် ပြည်သူတွေအားလုံးလည်း သိရှိနိုင်ရမယ်၊ ပြည်သူတွေရဲ့ အကြံပေးမှုတွေလည်း ပါဝင်အကြံပေးနိုင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြည်သူတွေကို အချိန်နဲ့ တစ်ပြေးညီ သတင်းအချက်အလက်တွေ ပေးနိုင်ဖို့၊ ပြည်သူတွေနဲ့ထိတွေ့နိုင်ဖို့၊ အခုလက်ရှိ ပြည်သူလူထုကို အလွှမ်းမိုးဆုံးဖြစ်တဲ့ မီဒီယာအသီးသီးကနေ ပြည်သူတွေက ကျွန်တော်တို့ဆီကို ဆက်သွယ်နိုင်ဖို့အတွက် မီဒီယာစာမျက်နှာတွေကို မိတ်ဆက်တဲ့ အခမ်းအနားပဲ ဖြစ်ပါတယ်။

“ဖေ့စ်ဘုတ်ခ် သုံးတဲ့သူတွေအပြင် နိုင်ငံတကာကအသုံးပြုတဲ့ အင်စတာဂရမ်၊ တွစ်တာတို့သုံးတဲ့သူတွေကို အောင်ဆန်းရုပ်ရှင်ရဲ့ ဝက်ဘ်ဆိုက်ထူထောင်ပြီးတော့ အင်တာနက်စာမျက်နှာပေါင်းများစွာကနေ သတင်းအချက်အလက်အမှန်တွေကို Official Page အနေနဲ့ သတင်းအချက်အလက်တွေ ဖြန့်ဝေသွားမယ်။ ပြည်သူတွေအနေနဲ့ရော၊ ရုပ်ရှင်စိတ်ပါဝင်စားသူတွေအနေနဲ့ရော၊ ပြည်တွင်းပြည်ပ စိတ်ဝင်စားသူတွေ အနေနဲ့ရော ဘယ်လိုအကြောင်းနည်းနဲ့မဆို ကျွန်တော်တို့ဆီကို ဆက်သွယ်နိုင်ဖို့ ကဏ္ဍပေါင်းစုံကနေ အွန်လိုင်း၊ အင်တာနက်စာမျက်နှာတွေ ဖွင့်လှစ်ပြီးတော့ အဲဒီစာမျက်နှာတွေကို ဒီနေ့ မီဒီယာတွေကို အသိပေးကြေညာတဲ့ မိတ်ဆက်တဲ့ အခမ်းအနားလေးပဲဖြစ်ပါတယ်။ ဘာလို့ မီဒီယာတွေကို မိတ်ဆက်ရသလဲဆိုတော့ ဒီအောင်ဆန်းရုပ်ရှင်ရိုက်ကူးခြင်းနဲ့ ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မှတ်ချက်ပေးဖူးတာကတော့ အင်မတန်သိမ်မွေ့နက်နဲတဲ့ အလုပ်တစ်ခုလို့ဆိုပါတယ်။ တကယ်လည်း သိမ်မွေ့သယောင်နဲ့ အင်မတန် နက်နဲပြီးတော့ ခက်လည်း ခက်ခဲတဲ့အလုပ်တစ်ခုပါ။ အခု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ညွှန်ကြားချက်နဲ့အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ကော်မတီကြီးကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းမိန့်နဲ့ ဖွဲ့စည်းခွင့်ပြုပြီး ဆောင်ရွက်နေပါပြီ။

“အောင်ဆန်းရုပ်ရှင် ရိုက်ကူးနိုင်ဖို့အတွက် အကောင်းဆုံးပံ့ပိုးမှုအနေအထားတွေ အားလုံးရရှိထားပါပြီ။ ဒါရိုက်တာအဖြစ် ဆောင်ရွက်မယ့် ကျွန်တော့်အနေနဲ့လည်း ဒီရုပ်ရှင်ကြီးကို အောင်အောင်မြင်မြင်နဲ့ အကောင်းဆုံးဖြစ်အောင် မြန်မာနိုင်ငံက အနုပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ ဝန်ကြီးဌာနတွေ အားလုံးပူးပေါင်းပြီး နိုင်ငံတကာ အဆင့်မီ အကောင်းဆုံး အောင်ဆန်းရုပ်ရှင်ကားကြီးဖြစ်အောင် ရိုက်ကူးထုတ်လုပ်ပြီး ပြည်သူရှေ့ကိုချပြနိုင်လိမ့်မယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်။ မီဒီယာတွေအားလုံးကလည်း သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် အောင်ဆန်းရုပ်ရှင်ကို တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြမယ်ဆိုတဲ့ စေတနာမျိုးနဲ့ ဝိုင်းဝန်းပံ့ပိုးပေးဖို့ ဒီမီဒီယာ




မိတ်ဆက်ပွဲ အခမ်းအနားကို ကျင်းပခြင်းဖြစ်ပါတယ်”ဟု ပြောသည်။

အောင်ဆန်းရုပ်ရှင်၏ Casting ဒါရိုက်တာပန်းချီစိုးမိုးကလည်း လူတိုင်းလူတိုင်းမှာ တာဝန်ကိုယ်စီရှိကြောင်း၊ နိုင်ငံသားတိုင်းမှာလည်း တာဝန်ရှိကြောင်း၊ အနုပညာရှင်တိုင်းမှာလည်း တာဝန်ရှိကြောင်း၊ ယင်းတာဝန်မှာ နိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သော အောင်ဆန်းဆိုသည့် ဇာတ်ကားကြီးကို ဘယ်လို ဝိုင်းဝန်းပံ့ပိုးကြမလဲဆိုသည့် စိတ်ဆန္ဒ၊ စိတ်ရင်း စေတနာဆန္ဒအပြည့်အဝနှင့် လုပ်မှသာလျှင် ယင်းဇာတ်ကားကြီးက ပိုမိုပြီးထိရောက်အောင်မြင်မည်ဟု မြင်ကြောင်း၊ ယင်းဇာတ်ကားရိုက်ကူးရေးတွင် ကဏ္ဍများ ခွဲထားကြောင်း၊ အားလုံး ဝိုင်းဝန်းပံ့ပိုးရမည်ဖြစ်ကြောင်း၊ သမိုင်းအစဉ်အဆက်နှင့် သမိုင်းနှင့်ချီပြီး ရိုက်ခဲ့သည့် ဇာတ်ကားဖြစ်သည့်အတွက် သမိုင်းအထောက်အထားများ သမိုင်းပညာရှင်များက ပံ့ပိုးခဲ့သကဲ့သို့ အနုပညာရှင်များကလည်း အနုပညာရှင်ကဏ္ဍမှ ပံ့ပိုးပြီး အတတ်ပညာရှင်များကလည်း အတတ်ပညာကဏ္ဍမှ ပံ့ပိုးထားကြောင်း၊ မိမိတို့ကလည်း ယင်းဇာတ်ကားကြီးအတွက် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးထားကြောင်း၊ ပြည်သူလူထု၊ ရုပ်ရှင်ကို ချစ်မြတ်နိုးသော လူထု၊ ဗိုလ်ချုပ်ကိုချစ်မြတ်နိုးသော လူထုတို့က ဘယ်လိုပံ့ပိုးမလဲ၊ ဘယ်လိုအကြံပြုမလဲ၊ ဘယ်လိုဆန်းစစ်ဝေဖန်ပြီး အကြံပြုမလဲ၊ မိမိတို့အခုဖွင့်လိုက်သည့် လူမှုစာမျက်နှာမှ ပြည်သူလူထုကလည်း မိမိသိသည့် အသိနှင့်ပံ့ပိုးပြီး အကြံဉာဏ်ပြုမည်ဆိုလျှင် ဇာတ်ကားကောင်းတစ်ကား ဖြစ်နိုင်မည်ဟု မြင်ပါကြောင်း၊ ထိုနည်းတူ မီဒီယာများ၏ စူးရှထက်မြက်သည့် အသိအမြင်နှင့် ထက်မြက်သည့် ရေးသားချက်များအားလုံးဖြင့် ယင်းဇာတ်ကားပေါ်မှာ ဝေဖန်ဆန်းစစ်ပံ့ပိုးပေးပါရန် မေတ္တာရပ်ခံချင်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မီဒီယာများ၏ မေးမြန်းချက်များကို ဒါရိုက်တာများ ဖြစ်ကြသော လူမင်း၊ ပန်းချီစိုးမိုး၊ ညီညီထွန်းလွင်၊ ထွန်းအောင်ဇော်နှင့် စိုးကျော်ဆန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ဒါရိုက်တာလူမင်းက ကျေးဇူးတင်စကားပြောကြားသည်။

အောင်ဆန်းရုပ်ရှင်၏ တရားဝင် မီဒီယာစာမျက်နှာများ ဖြစ်ကြသော https://www. instagram.com/aungsanmovieofficial ၊ https://www.facebook.com/ aung-sanmovieofficial နှင့် https://twitter.com/aungsanmovie တို့တွင် ဝင်ရောက်ကြည့်ရှု အကြံပြုနိုင်ကြောင်း သိရသည်။ **သတင်း - ရီရီမြင့်**

**ဓာတ်ပုံ - လှမိုး**

# သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးပရဟိတအသင်း၏ ဘိုးဘွားရိပ်သာဖွင့်လှစ်ခြင်း (၄) နှစ်မြောက် အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံဒေသအသီးသီးရှိ လူငယ်များသာမက ပြည်ပရောက်မြန်မာလူငယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသော သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးပရဟိတအသင်း (Save the Aged) ၏ ဘိုးဘွားရိပ်သာဖွင့်လှစ်ခြင်း (၄) နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ် အမှတ် (၁၄၆)ရပ်ကွက် သံလွင်လမ်းရှိ ဘိုးဘွားရိပ်သာ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ပစ်ပယ်ခံဘိုးဘွားများအား မိမိတို့အမိအဖရင်းများပမာ နွေးထွေးစွာပြုစုစောင့်ရှောက်၍ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးကို အခြေခံကာ အခြားလူမှုရေးနှင့် ပရဟိတလုပ်ငန်းများ လုပ်ဆောင်သွားရန်၊ လူငယ်လူရွယ်များချစ်ခင်ရင်းနှီးစွာ အစုအသင်းစိတ်ဓာတ်ဖြင့် လူမှုဖွံ့ဖြိုးမှု နိမ့်ကျသော ပတ်ဝန်းကျင်ကို ထိရောက်စွာအကျိုးပြုနိုင်ရန်အတွက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးပရဟိတအသင်းကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါအသင်း၏ တောင်ဒဂုံမြို့နယ်တွင် ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာတွင် အဘိုးကိုးဦးနှင့် အဘွား ၁၆ဦး စုစုပေါင်း ရိပ်သာအတွင်း ၂၅ ဦးနှင့် ပြင်ပစောင့်ရှောက်မှု ၁၁ ဦးရှိကြောင်း သိရသည်။ ထို့ပြင် ရိပ်သာတွင် အဘိုးအဘွား ၃၀ အထိထားရှိနိုင်သည့်အတွက် ထပ်မံလက်ခံသွားရန် စီစဉ်လျက်ရှိပြီး အသင်းစတင်ချိန်မှစ၍ စောင့်ရှောက်ခဲ့သော အဘိုးအဘွားပေါင်း ၆၄ ဦး ထိရှိကြောင်း၊ အသက်အကြီးဆုံး အဘွားမှာ (၉၄ နှစ်) ဖြစ်ပြီး အဘိုးမှာ (၉၁ နှစ်) ဖြစ်ကြောင်း၊ အသက်အငယ်ဆုံး အစောင့်ရှောက်ခံအဘွားမှာ(၇၁နှစ်)ဖြစ်ကြောင်း၊ အွန်လိုင်းအခြေပြု၍ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် စတင်ဖွဲ့စည်း ခဲ့သော Save the Aged အဖွဲ့သည် ယခုအခါ ကိုးနှစ် ပြည့်မြောက်ခဲ့ပြီဖြစ် ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - ထိန်လင်း**



# ဘူးသီးတောင်မြို့နယ်ရှိ ရဲကင်းစခန်းလေးခုအား AA သောင်းကျန်းသူအဖွဲ့က အင်အားအလုံးအရင်းဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်၍ ရဲတပ်ဖွဲ့ဝင် ၁၃ဦး ကျဆုံးပြီး ၉ ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၄

**ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ရဲကင်းစခန်းလေးခုအား ယနေ့ နံနက်ပိုင်းတွင် AA သောင်းကျန်းသူအဖွဲ့က အင်အားအလုံးအရင်းဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၃ ဦး ကျဆုံးပြီး ၉ ဦး ဒဏ်ရာရရှိကြောင်း သိရှိရသည်။**

**လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်**

ဘူးသီးတောင်မြို့နယ်ရှိ ငမြင်းဘော်ရဲကင်းစခန်းအား ခန့်မှန်းအင်အား ၁၀၀ ခန့်ရှိ AA သောင်းကျန်းသူအဖွဲ့က လည်းကောင်း၊ ကျောင်းတောင်ရဲကင်းစခန်းအား ခန့်မှန်းအင်အား ၁၀၀ ခန့်ရှိ AA သောင်းကျန်းသူအဖွဲ့က လည်းကောင်း၊ ဂုပ္ပိရဲကင်းစခန်းအား ခန့်မှန်းအင်အား ၅၀ ခန့်ရှိ AA သောင်းကျန်းသူအဖွဲ့ကလည်းကောင်း၊ ခထီးလုံရဲကင်းစခန်းအား ခန့်မှန်းအင်အား ၁၀၀ ခန့်ရှိ AA သောင်းကျန်းသူအဖွဲ့က လည်းကောင်း နံနက် ၆ နာရီ ၄၅ မိနစ်တွင် တစ်ချိန်တည်း တစ်ပြိုင်တည်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း။

**တပ်မတော်မှ စစ်ကြောင်းများ စစ်ကူပူးပေါင်း**

ဖြစ်စဉ်ဖြစ်ပွားလျှင် ဖြစ်ပွားချင်း လှုပ်ရှားစစ်ကြောင်းများဖြစ်သော အမှတ်(၈) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ စစ်ကူအဖွဲ့များနှင့် တပ်မတော်မှ စစ်ကြောင်းများက စခန်းများသို့ စစ်ကူသွားရောက်ပူးပေါင်းခဲ့ရာ ငမြင်းဘော်စခန်းသို့ နံနက် ၉ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ ကျောင်းတောင်စခန်းသို့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ဂုပ္ပိစခန်းသို့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ ခထီးလုံစခန်းသို့ နံနက် ၉ နာရီခွဲတွင်လည်းကောင်း ပူးပေါင်းနိုင်ခဲ့ကြောင်း သိရသည်။

**AA သောင်းကျန်းသူအဖွဲ့ ဆုတ်ခွာ**

ငမြင်းဘော်ရဲကင်းစခန်းနှင့် ကျောင်းတောင်ရဲကင်းစခန်းများသို့ စစ်ကူအဖွဲ့မရောက်ရှိသေးမီ AA သောင်းကျန်းသူအဖွဲ့က ဖိအားပေးတိုက်ခိုက်မှု ပိုမိုပြင်းထန်လာသဖြင့် ရဲတပ်ဖွဲ့ဝင်များက အဆိုပါ စခန်းနှစ်ခုအား စွန့်ခွာခဲ့ရကြောင်း၊ ဂုပ္ပိရဲကင်းစခန်းနှင့် ခထီးလုံရဲကင်းစခန်းနှစ်ခုသည် နံနက် ၇ နာရီခွဲခန့်မှစ၍ တပ်မတော်စစ်ကြောင်းများ၏ လက်နက်ကြီး ပစ်ကူရရှိခဲ့ပြီး ရဲကင်းစခန်းအတွင်းရှိ တပ်ဖွဲ့ဝင်များ၏ ကြံ့ကြံ့ခံ စနစ်တကျ ပြန်လည်ခုခံတိုက်ခိုက်မှုကြောင့် AA သောင်းကျန်းသူအဖွဲ့များက စခန်းနှစ်ခုအား သိမ်းပိုက်ရရှိရေး အင်အားအလုံးအရင်းဖြင့် ခြံစည်းရိုးကို အကြိမ်ကြိမ် ဖျက်ဆီးထိုးဖောက်သော်လည်း စခန်းအား သိမ်းပိုက်ရရှိမှုမရှိဘဲ ဝန်းရံပိတ်ဆို့ထားခဲ့ကြောင်း၊ နံနက် ၈ နာရီ ၁၀ မိနစ်မှစ၍ ၎င်းကင်းစခန်းများသို့ တပ်မတော်ရဟတ်ယာဉ်နှစ်စီးဖြင့် ပစ်ကူပေးတိုက်ခိုက်ခဲ့သဖြင့် လည်းကောင်း၊ တပ်မတော်စစ်ကူစစ်ကြောင်းများက ဝိုင်းပတ်ပိတ်ဆို့ထားသည့် AA လက်နက်ကိုင်အဖွဲ့များကို ပစ်အားသုံး၍ တရစပ်ထိုးစစ်ဆင် ထိုးဖောက်ဝင်ရောက်တိုက်ခိုက်မှုကြောင့် လည်းကောင်း နံနက် ၉ နာရီခွဲခန့်တွင် စစ်ကူစစ်ကြောင်းများနှင့် ပူးပေါင်းမိသဖြင့် AA သောင်းကျန်းသူအဖွဲ့က အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။

AA သောင်းကျန်းသူအဖွဲ့၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ငမြင်းဘော်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင် ၉ ဦး ကျဆုံးပြီး ၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ကျောင်းတောင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင် ၂ ဦး ကျဆုံး၊ ၁ ဦး ဒဏ်ရာရရှိပြီး ဂုပ္ပိရဲကင်းစခန်းမှ ၃ ဦး ဒဏ်ရာရရှိကာ ခထီးလုံရဲကင်းစခန်းမှ ၂ ဦး ကျဆုံး၊ ၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

**အဆက်အသွယ်ရရှိရေး ရှာဖွေလျက်ရှိ**

ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၁၃ ဦး ကျဆုံးပြီး ၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ လက်နက်ငယ်မျိုးစုံ အလက် ၄၀၊ ခဲယမ်းမျိုးစုံ ၁၆၁၁၁ တောင့်၊ လက်ကိုင်စကားပြောစက် ၁ လုံး ဆုံးရှုံးခဲ့ကြောင်း၊ AA သောင်းကျန်းသူအဖွဲ့ ဆုတ်ခွာရာ လမ်းကြောင်းတစ်လျှောက် တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်းအဖွဲ့များက ပိတ်ဆို့ရှင်းလင်းလျက်ရှိပြီး ရဲကင်းစခန်းများရှိရာ ကျေးရွာ ၄ ရွာမှ တိုင်းရင်းသား၊ တိုင်းရင်းသူများသည် ကျေးရွာများသို့ စွန့်ခွာတိမ်းရှောင်သွားသဖြင့် အဆက်အသွယ်ရရှိရေး ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ထိရောက်စွာ တုံ့ပြန်သွားမည်**

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကြောင့် အခြေအနေများကို ပိုမိုရှုပ်ထွေးစေပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေကာ ရခိုင်ပြည်နယ်အတွင်း မတည်ငြိမ်မှုများ မြင့်တက်လာစေနိုင်ရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်လာခြင်းဖြစ်ကြောင်း၊ AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိရောက်စွာ တုံ့ပြန်ချေမှုန်းနှိမ်နင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**









ဇန်နဝါရီ ၄ ရက်က AA သောင်းကျန်းသူအဖွဲ့က ရဲကင်းစခန်း လေးခုအား အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။





# အစိုးရယန္တရားရပ်ဆိုင်းမှုအဆုံးသတ်ရေး ဆွေးနွေးမှုများ သဘောထားကွဲလွဲနေဆဲဖြစ်




**ဝါရှင်တန် ဇန်နဝါရီ ၄**

အမေရိကန်အစိုးရ ယန္တရားတစ်စိတ်တစ်ပိုင်း ရပ်တန့်နေမှုများ အဆုံးသတ်ရေးအတွက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ်အဖွဲ့ဝင်များ ဆွေးနွေးမှုများ သဘောထားကွဲလွဲနေဆဲဖြစ်ကြောင်း သိရသည်။

ဘတ်ဂျက်မူကြမ်းကို အတည်မပြုနိုင်သေးဘဲရှိနေရာမှ ၁၂ရက်မြောက်နေ့တွင် သမ္မတထရမ့်သည် ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်တစ်အဖွဲ့မှ လွှတ်တော်ခေါင်းဆောင်များကို ဆွေးနွေးမှုပြုလုပ်ရန် အိမ်ဖြူတော်သို့ ဖိတ်ကြားခဲ့သည်။

မက္ကဆီကိုနယ်စပ်တွင် တံတိုင်းတည်ဆောက်မှု ပြီးစီးရေးအတွက် ဘတ်ဂျက်ခွဲဝေပေးရန် သမ္မတထရမ့်၏တောင်းဆိုမှုနှင့်ပတ်သက်၍ ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်တစ် လွှတ်တော်အဖွဲ့ဝင်များကြား သဘောထားကွဲလွဲလျက်ရှိသည်။

အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ရီပတ်ဘလစ်ကန်ခေါင်းဆောင်တစ်ဦးက သဘောထားကွဲလွဲမှုများကို ညီညွတ်လာအောင် မလုပ်ဆောင်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ဒီမိုကရက်တစ်အဖွဲ့ဝင်များသည် တံတိုင်းတည်ဆောက်ရေးအတွက် ရန်ပုံငွေခွဲဝေခြင်းမရှိသည့် ဥပဒေအဖြစ် ပြင်ဆင်ရန် စီစဉ်လျက်ရှိသည်။ သို့သော် မည်သည့်ဥပဒေဖြစ်စေ ရီပတ်ဘလစ်ကန်အမတ်များက ထိန်းချုပ်ထားသည့် အထက်လွှတ်တော်၏ အတည်ပြုချက်ရရှိမှသာ ဆက်လက်အကောင်အထည်ဖော်ခွင့်ရရှိမည် ဖြစ်သည်။

အမေရိကန်အစိုးရယန္တရား တစ်စိတ်တစ်ပိုင်းရပ်တန့်သွားမှုကြောင့် ပြီးခဲ့သည့်ဒီဇင်ဘာ ၂၂ရက်တွင် ဝါရှင်တန်ဒီစီရှိ စမစ်ဆိုနီယမ်ပြတိုက်နှင့် အမျိုးသားဥယျာဉ်တို့ကို ပိတ်ထားခဲ့ရသည်။ **အင်န်အိတ်ချ်ကေ**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် လွှတ်တော်အမတ်များ ဆွေးနွေးနေစဉ်။

## သတင်းထောက် ခါရှော့ဂီ အသတ်ခံရမှုတွင် သံသယရှိသူ ငါးဦးကို သေဒဏ်ပေးရန် ဆော်ဒီတောင်းဆို

**ရီယာ့ဒ် ဇန်နဝါရီ ၄**

ဆော်ဒီသတင်းထောက် ဂျမားလ်ခါရှော့ဂီ အသတ်ခံရမှုတွင် ပါဝင်ပတ်သက်နေသည့် သံသယရှိသူ ၁၁ ဦးအနက် ငါးဦးကို သေဒဏ်ပေးရန် ဆော်ဒီအာရေဗျ ပြည်သူ့တရားစီရင်ရေးက ကြာသပတေးနေ့တွင် တောင်းဆိုလိုက်ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဆော်ဒီသတင်းထောက် ဂျမားလ်ခါရှော့ဂီသည် ပြီးခဲ့သည့် ၂၀၁၈ အောက်တိုဘာလအတွင်းက တူရကီရှိ ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်း အသတ်ခံခဲ့ရပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ဆော်ဒီထိပ်တန်းအာဏာပိုင်အချို့ ဖမ်းဆီးခံခဲ့ရသည်။

ရီယာ့ဒ်ရှိ ရာဇဝတ်မှုဆိုင်ရာ တရားရုံး၌ ယင်းကိစ္စကို ပထမအကြိမ်ကြားနာစစ်ဆေးခဲ့စဉ်အတွင်း ထိုသို့တောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း ဆော်ဒီရှေ့နေချုပ်က အလေးအနက်ပြောကြားခဲ့သည်။ ပြည်သူ့တရားစီရင်ရေးအဖွဲ့သည် ခါရှော့ဂီအသတ်ခံရမှုတွင် ပါဝင်ပတ်သက်နေသူ ငါးဦးကို သေဒဏ်ပေးရန် တောင်းဆိုခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။သံသယရှိသူ ၁၁ဦးတို့သည် ၎င်းတို့၏ရှေ့နေများနှင့်အတူ ကြားနာစစ်ဆေးမှုကို တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပြည်သူ့တရားစီရင်ရေးအဖွဲ့သည် တူရကီလုပ်ဖော်ကိုင်ဖက်များထံမှ ယင်းကိစ္စနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိရန်အတွက် ယခုအချိန်ထိ စောင့်ဆိုင်းနေခဲ့ကြောင်းကိုလည်း ထုတ်ဖော်ပြောကြားခဲ့သည်။ **ဆင်ဟွာ**




အသတ်ခံခဲ့ရသည့် ဆော်ဒီသတင်းထောက် ဂျမားလ်ခါရှော့ဂီ။




တရုတ်အရှေ့ဘက် ကမ်းလွန်တွင် နစ်မြုပ်ခဲ့သော မြန်မာသင်္ဘောသားအများစု လိုက်ပါလာသည့် ကုန်တင်သင်္ဘောကို တွေ့ရစဉ်။

## တရုတ် အရှေ့ဘက်ကမ်းလွန်တွင် မြန်မာသင်္ဘောသားအများစုပါသော သင်္ဘောနစ်မြုပ်မှု၌ မြန်မာလေးဦးအပါအဝင် စုစုပေါင်း ငါးဦးကယ်ဆယ်နိုင်ခဲ့

**ဖူကျို့ ဇန်နဝါရီ ၄**

တရုတ်နိုင်ငံအရှေ့ဘက် ကမ်းလွန်ဒေသတွင် မြန်မာသင်္ဘောသား ၁၄ ဦးနှင့် ထိုင်ဝမ်သင်္ဘောသားတစ်ဦးတို့ လိုက်ပါလာခဲ့သော ကုန်တင်သင်္ဘောတစ်စင်း အင်္ဂါနေ့ နစ်မြုပ်မှုဖြစ်စဉ်၌ သင်္ဘောသား ငါးဦးကို ကယ်တင်နိုင်ခဲ့ပြီး ၁၀ ဦး ပျောက်ဆုံးလျက်ရှိကြောင်း နောက်ဆုံးရသတင်းများအရ သိရသည်။

အဆိုပါသင်္ဘောနစ်မြုပ်မှုဖြစ်စဉ်တွင် မြန်မာသင်္ဘောသားတစ်ဦး သေဆုံးခဲ့ကြောင်း ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ မြန်မာသင်္ဘောသား လေးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထိုမြန်မာသင်္ဘောသား လေးဦးမှာ ကိုအောင်အောင်ဦး၊ ကိုမင်းဇော်အောင်၊ ကိုမြတ်ထွဋ်ဝင်းနှင့် ကိုကျော်မင်းဝေတို့ဖြစ်ကြောင်းသိရသည်။ ကျန်ပျောက်ဆုံးသင်္ဘောသားများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

ထို့အတူ တရုတ်နိုင်ငံအရှေ့ဘက် ဖူကျန့်ပြည်နယ် ကမ်းလွန်တွင် သောကြာနေ့က ငါးဖမ်းသင်္ဘောတစ်စင်းသည် ကုန်တင်သင်္ဘောတစ်စင်းနှင့် ဝင်တိုက်မိပြီး နစ်မြုပ်သွားခဲ့ကြောင်းနှင့် ရှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

အဆိုပါ ငါးဖမ်းသင်္ဘောပေါ်တွင် လူ ၁၄ ဦး လိုက်ပါလာခဲ့ကြောင်း သိရသည်။ ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီအထိ သင်္ဘောသားခြောက်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ ဟောင်ကောင်တွင် မှတ်ပုံတင်ထားသည့် ကုန်တင်သင်္ဘောနှင့် ငါးဖမ်းသင်္ဘောတို့သည် ပင်တန်စီရင်စုရေပိုင်နက်တွင် အချင်းချင်းတိုက်မိခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ နယူးဒေလီတွင် အဆောက်အအုံတစ်လုံးပြိုကျမှု ဖြစ်ပွား ခုနစ်ဦးထက်မနည်း သေဆုံးပြီး လူအချို့ပိတ်မိနေ

**နယူးဒေလီ ဇန်နဝါရီ ၄**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ ရပ်ကွက်တစ်ခုတွင် ယမန်နေ့က ဓာတ်ငွေ့အိုးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ပြီး ခုနစ်ဦးထက်မနည်း သေဆုံးကာ ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံမီဒီယာများတွင် ဖော်ပြသည်။

နယူးဒေလီမြို့ အနောက်ဘက် စူဒါရှန်ပန်းခြံဧရိယာရှိ အဆောက်အအုံအတွင်းတွင် လူတချို့ မျက်နှာကြက်ပန်ကာများ လုပ်ကိုင်နေစဉ် ရုတ်တရက် ဓာတ်ငွေ့အိုးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် အဆောက်အအုံပြိုကျခဲ့ပြီး အဆောက်အအုံအတွင်း အလုပ်လုပ်နေသူများ ပိတ်မိနေခဲ့ခြင်း ဖြစ်သည်။ ၁၅ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း၊ ပေါက်ကွဲမှုတွင် ခုနစ်ဦးသေဆုံးခဲ့ပြီး ရှစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိသူများကို ဒေလီတောင်ပိုင်းရှိ ဆာ့ဖ်ဒါဂျန်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

လတ်တလောသတင်းများအရ အပျက်အစီးများကြား လူအချို့ပိတ်မိနေဆဲဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများလည်း လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

အဆောက်အအုံပြိုကျမှုဖြစ်ပွားရာနေရာသည် လူနေထူထပ်သည့်အတွက် ထိခိုက်ဒဏ်ရာရသူများကို ကယ်ထုတ်ရန် ခက်ခဲကြောင်း သိရသည်။ **ဆင်ဟွာ**




ပေါက်ကွဲမှုကြောင့် ပြိုကျနေသောအဆောက်အအုံတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယား ခေါင်းဆောင်ထံမှ ပေးစာတစ်စောင် ထရမ့်လက်ခံရရှိ

**ပြုံယမ်း ဇန်နဝါရီ ၄**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းထံမှ ပေးပို့လိုက်သည့် ပေးစာတစ်စောင်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် လက်ခံရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ လက်ခံရရှိခဲ့ပြီးနောက်တွင် ထရန့်က မစ္စတာကင်နှင့် လာမည့် အနာဂတ်တွင် ဆွေးနွေးမှုပြုလုပ်သွားရန်ရှိကြောင်း ပြောကြားခဲ့သည်။ ၂၀၁၉ ခုနှစ်၏ ပထမဆုံး အစိုးရအဖွဲ့အစည်းအဝေး ကျင်းပခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် မစ္စတာထရမ့်က ထိုသို့ ထုတ်ဖော်ပြောကြားလိုက်ကြောင်း သိရသည်။

ယခုရလဒ်သည် ပြီးခဲ့သည့်နှစ်က အမေရိကန်-မြောက်ကိုရီးယားထိပ်သီးဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် မြောက်ကိုရီးယားခေါင်းဆောင်နှင့် ကောင်းမွန်သည့်မိတ်ဖက်ဆက်ဆံရေးကို ဖော်ဆောင်နိုင်ရန် ကြိုးပမ်းခဲ့သည့်အသီးအပွင့်ဖြစ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်အင်္ဂါနေ့က မြောက်ကိုရီးယား နိုင်ငံပိုင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့် နှစ်သစ်ကူးမိန့်ခွန်းတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ၎င်းအနေဖြင့် ထရမ့်နှင့် နောက်ထပ်တစ်ကြိမ်ဆွေးနွေးရန် အချိန်မရွေး အသင့်ဖြစ်နေကြောင်းပြောကြားခဲ့သည်။

သို့သော်လည်း အမေရိကန်အနေဖြင့် မြောက်ကိုရီးယားအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ဆက်လက်လုပ်ဆောင်နေပါက အခြားနည်းလမ်းတစ်ခုကို မဖြစ်မနေ ရှာဖွေရလိမ့်မည်ဖြစ်ကြောင်း ကင်ဂျုံအန်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### အာဖဂန်စစ်သွေးကြွသုံးဦး ၎င်းတို့ထောင်သောဗုံးဖြင့် ပေါက်ကွဲမှုဖြစ်ကာ သေဆုံး

**ကဘူးလ် ဇန်နဝါရီ ၄**

အာဖဂန်နစ္စတန်မြောက်ပိုင်း ဘော့ခ်ပြည်နယ် ချမ်တယ်လ်ဒေသတွင် ကြာသပတေးနေ့က စစ်သွေးကြွသုံးဦးတို့သည် ၎င်းတို့၏ ပေါက်ကွဲပစ္စည်းများ သတ်မှတ်အချိန်မရောက်မီ စော၍ ပေါက်ကွဲခဲ့မှုကြောင့် သေဆုံးခဲ့ကြောင်း အဆိုပါပြည်နယ်၏ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်ဟာဒီ ဂျာမယ်လ်က သောကြာနေ့တွင် ပြောကြားခဲ့သည်။

အာဏာပိုင်များ၏ ပြောပြချက်အရ အဆိုပါစစ်သွေးကြွများ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ယာဉ်တန်းကို ပစ်မှတ်ထားကာဖောက်ခွဲရန်အတွက် ကြာသပတေးနေ့ညနေက ချမ်တယ်လ်ဒေသ ယန်ဂီကွာလာရေိယာရှိ လမ်းတစ်လမ်းပေါ်တွင် မိုင်းထောင်နေခဲ့ကြကြောင်း သိရသည်။ သို့သော် အချိန်မတိုင်မီ ပေါက်ကွဲခဲ့သည့်အတွက် ၎င်းလူသုံးဦးမှာ နေရာ၌ပွဲချင်းပြီး သေဆုံးခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ တာလီဘန်စစ်သွေးကြွများထံမှ မှတ်ချက်ပေးခြင်းမရှိသေးပေ။

**ဆင်ဟွာ**

# ပြည်ပသို့ပြောင်းရွှေ့နေထိုင်မှုတွေများလာတဲ့ တူရကီနိုင်ငံသားများ

**ချူးစန္ဒီနွေး**

**၁၇ နှစ်တာကာလအတွင်းမှာ တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်ဟာ အကြိမ်ကြိမ်တိုင်းပြန်လည်ရွေးကောက်ခံရပြီး မဲဆန္ဒရှင်တွေကလည်း အာဒိုဂန်ဟာ တူရကီနိုင်ငံရဲ့ ဂုဏ်ကျက်သရေကိုထိန်းသိမ်းနိုင်မယ့် သူလို့ ယူဆခဲ့ကြပါတယ်။ ကုန်သွယ်ရေးကဏ္ဍမှာ မြှင့်တင်မှုတွေလုပ်ဆောင်တာ၊ စစ်ရေးအင်အားတပ်ဖြန့်ချထားတာတွေ လုပ်ဆောင်ပြီး တိုင်းပြည်ရဲ့လွှမ်းမိုးနိုင်မှုကို ချဲ့ထွင်ခဲ့ပါတယ်။ စီးပွားရေးကောင်းမွန်မှုကြောင့် တိုင်းပြည်ရဲ့လူနေမှုအဆင့်အတန်းကိုလည်း မြှင့်တင်နိုင်ခဲ့ပါတယ်။**

## နှိမ်နင်းမှုတွေ စတင်ပြုလုပ်

ဒါပေမယ့်လည်း ၂၀၁၆ ခုနှစ် တူရကီမှာ အာဏာသိမ်းခံရဖို့ ကြိုးစားမှု ပေါ်ပေါက်လာပြီးတဲ့နောက်မှာတော့ အာဏာသိမ်းဖို့ကြံစည်ရာမှာ ပါဝင်ခဲ့သူတွေကို နှိမ်နင်းမှုတွေ စတင်ပြုလုပ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ် ရွေးကောက်ပွဲမှာ အာဒိုဂန် ပြန်လည်ရွေးကောက်ခံရပေမယ့် စီးပွားရေးဟာလည်း ယိုင်နဲ့လာသလို တူရကီငွေကြေးတန်ဖိုးဟာလည်း ကျဆင်းလာတယ်။ ခရိုနီတွေနဲ့ အာဏာရှင်တွေဟာ သူ့ရဲ့အစိုးရအဖွဲ့အတွင်းကို စိမ့်ဝင်လာတယ်။ ကိုယ်ပိုင်အရင်းအနှီးငွေကြေးတွေကို ယူဆောင်ပြီး တိုင်းပြည်ကထွက်ခွာသွားသူတွေ အများကြီးရှိပြီးတော့ ဒါဟာ သမ္မတအာဒိုဂန်အပေါ်ယုံကြည်မှုတွေ ကျဆင်းလာတာကို ပြသနေတယ်လို့ အစိုးရရဲ့စာရင်းအချက်အလက်တွေအရ ဖော်ညွှန်းလျက်ရှိပါတယ်။

## ပြည်ပသို့ထွက်ခွာ

လွန်ခဲ့တဲ့နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ပြည်ပကိုထွက်ခွာသွားတဲ့ လူတွေမှာ ကျောင်းသားတွေ၊ ကျောင်းဆရာတွေပါဝင်တဲ့အပြင် စွန့်ဦးတီထွင်သူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ချမ်းသာကြွယ်ဝသူတွေဟာ သူတို့ပိုင်ဆိုင်တာတွေကို ရောင်းချပြီး ပြည်ပကိုထွက်ခွာသွားခဲ့ကြပါတယ်။ လူဦးရေနှစ်သိန်းခွဲဝန်းကျင်ခန့်ဟာ ၂၀၁၇ ခုနှစ်မှာ တူရကီနိုင်ငံကနေ အခြားနိုင်ငံသို့ ပြောင်းရွှေ့သွားတယ်လို့ တူရကီစာရင်းအချက်အလက် အဖွဲ့အစည်းရဲ့ အချက်အလက်တွေက ဖော်ပြနေပါတယ်။ ၂၀၁၆ ခုနှစ်ကနဲ့ယှဉ်ရင် ၄၂ ရာခိုင်နှုန်းခန့်တိုးလာတာပါ။

၂၀၁၆ ခုနှစ်က လူဦးရေ ၁၇၈၀၀၀ ခန့်ဟာ တိုင်းပြည်ကနေ ရွှေ့ပြောင်းသွားကြပါတယ်။ တူရကီမှာ ကျောင်းသားနဲ့ ဆရာတွေ အလုံးအရင်းနဲ့ တိုင်းပြည်ကနေထွက်ခွာသွားကြတာဟာ အမှောင်လွှမ်းတဲ့ ဆယ်စုနှစ်တွေဖြစ်လာဖို့ ခြိမ်းခြောက်လျက်ရှိနေတယ်လို့ လန်ဒန်မြို့ ရီးဂျန့်တက္ကသိုလ်က အပြည်ပြည်ဆိုင်ရာလေ့လာရေးဌာန ညွှန်ကြားရေးမှူး အီဘရာဟင်ဆာကတ်ဆီက ပြောပါတယ်။ နိုင်ငံအတွက် ပညာရှင်ဆုံးရှုံးမှုတွေဟာ တကယ်ပဲ ကြုံတွေ့နေရပါပြီလို့ သူကဆက်ပြောပါတယ်။

## အသိပညာရှင်တွေထွက်ခွာ

အသိပညာရှင်နဲ့ အရင်းရှင်တွေနိုင်ငံအတွင်းက ထွက်ခွာသွားတာဟာဆိုရင် အခြားသောအကြောင်းအရာတွေ အများကြီးရှိပါတယ်။ မစ္စတာအာဒိုဂန်ကို ဆန့်ကျင်သူတွေအနေနဲ့ တိုင်းပြည်အတွင်းမှာ ဆက်နေဖို့ဆိုတာ မျှော်လင့်ချက်မဲ့လာတာကြောင့်လည်းပါတယ်။ မာဗီဗေအင်ဒိုင်ယာလို့ခေါ်တဲ့ ဦးထုပ်ဒီဇိုင်နာကတော့ သူပိုင်ဆိုင်တာတွေအားလုံးကိုရောင်းချပြီးတော့ အစ္စတန်ဘူလ်မှာရှိတဲ့ သူ့ရဲ့စီးပွားရေးလုပ်ငန်းကိုလည်း ပိတ်လိုက်ပါတယ်။ အဲဒီနောက် လန်ဒန်ကိုပြောင်းရွှေ့သွားပါတယ်။ ဒီလို ပြောင်းရွှေ့သွားရတဲ့အထဲမှာ နိုင်ငံရေးအရ ညှဉ်းပန်းနှိပ်စက်ခံရမှာကို စိုးရိမ်သလို အကြမ်းဖက်မှုတွေကို ကြောက်ရွံ့တာတွေ၊ တရားစီရင်ရေးကို အယုံအကြည်မရှိတာတွေ၊ စီးပွားရေးယိုယွင်းလာမှုတွေဆိုတဲ့ အကြောင်းပြချက်တွေက တစ်စိတ်တစ်ပိုင်းပါဝင်ပါတယ်။ မစ္စတာ အာဒိုဂန်ရဲ့မှားယွင်းတဲ့စီမံခန့်ခွဲမှုတွေဟာ သူနဲ့သူ့ရဲ့ အနီးအနားဝန်းကျင်ကလူတွေ ကောင်းစားဖို့ပဲလို့ ထင်မြင်လာကြတဲ့အခါ စိုးရိမ်မှုတွေ ပိုမိုမြင့်လာပါတော့တယ်။




ရထားဖြင့် ခရီးသွားလာနေသည့် တူရကီပြည်သူများကို တွေ့ရစဉ်။

## အာဒိုဂန်နဲ့ရင်းနှီးသူတွေအစားထိုးဝင်လာ

ရလဒ်အနေနဲ့ကတော့ တူရကီနိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ စီးပွားရေးကို ဆယ်စုနှစ်များစွာ ကြီးစိုးထားခဲ့တဲ့ အထက်တန်းလွှာတွေဟာ ရွှေ့ပြောင်းသွားကြပြီး သူတို့နေရာမှာ မစ္စတာအာဒိုဂန်နဲ့ သူ့ရဲ့အစိုးရအဖွဲ့က လူတွေနဲ့ရင်းနှီးတဲ့ ချမ်းသာကြွယ်ဝလာသူတွေဟာ ဒီနေရာမှာ အစားထိုး ဝင်ယူလာကြပါတယ်။ ဦးထုပ်ဒီဇိုင်နာတစ်ဦးဖြစ်တဲ့ မာဗီကတော့ ၂၀၁၃ ခုနှစ်တုန်းက အစ္စတန်ဘူလ်မြို့မှာရှိတဲ့ တာ့ခ်ဆင်ရင်ပြင်ကို အစိုးရက ပြင်ဖို့ ကြိုးစားရာမှာ ကန့်ကွက်ခဲ့တဲ့ တက်ကြွလှုပ်ရှားသူတစ်ဦးလည်းဖြစ်ပါတယ်။ သူ့အနေနဲ့ မြို့ထဲမှာ ဆက်နေဖို့ဆိုရင် ကြောက်ရွံ့မှုတွေ၊ အကြမ်းဖက်ခံရမှာကို စိုးရိမ်နေရမှုတွေ ရှိနေဆဲပဲလို့ပြောပါတယ်။ မစ္စတာအာဒိုဂန်က အဲဒီတုန်းက ဆန္ဒပြသူတွေကို ဆိုးသွမ်းလူငယ်တွေဆိုပြီး ရှုတ်ချခဲ့ပါတယ်။ အဖမ်းခံရမှုတွေ၊ မကြာခဏဆိုသလို တိုက်ခိုက်ခံရမှုတွေနဲ့ ကြုံလာတဲ့အခါမှာတော့ အများစုဟာ တိုင်းပြည်ကနေ ထွက်ခွာသွားကြပါတယ်။

> **“နိုင်ငံရေးအရခိုလှုံသူအဖြစ် တောင်းခံလာတဲ့ တူရကီနိုင်ငံသား အရေအတွက်ဟာလည်း တူရကီမှာ အာဏာသိမ်းဖို့ ကြံရွယ်ပြီး နောက်ခြောက်လအကြာမှာ တစ်ရှိန်ထိုးမြင့်တက်လာပါတယ်။ ဒါ့အပြင် ဂျာမနီနိုင်ငံမှာ နိုင်ငံရေးအရ ခိုလှုံခွင့်တောင်းခံသူ အရေအတွက်ဟာလည်း ခြောက်ဆနီးပါး မြင့်တက်လာခဲ့”**

## စီးပွားရေးဗီဇာဖြင့် ပြောင်းရွှေ့

မစ္စ မာဗီလိုပဲ ထောင်ပေါင်းများစွာသောတူရကီများဟာ ဗြိတိန်မှာသွားရောက်နေထိုင်နိုင်ဖို့ စီးပွားရေးဗီဇာလျှောက်ကြတဲ့အပြင် ဂရိ၊ ပေါ်တူဂီ၊ စပိန်တို့ကို ပြောင်းရွှေ့နေထိုင်နိုင်ဖို့လည်း ဗီဇာအလျှောက်များကြပါတယ်။ အဲဒီနိုင်ငံတွေမှာ တစ်စုံတစ်ခုသော အတိုင်းအတာထိ ပစ္စည်းဥစ္စာဝယ်ယူနိုင်မယ်ဆိုရင် ရွှေ့ပြောင်းနေထိုင်သူတွေကို နေထိုင်ခွင့်ပေးထားပါတယ်။ ဥရောပမှာ ခိုလှုံသူအဖြစ် လျှောက်ထားသူအရေအတွက်ကတော့ လွန်ခဲ့တဲ့သုံးနှစ်အတွင်းမှာ အဆမတန်များပြားလာတယ်လို့ ဗြိတိန်သို့ပြောင်းရွှေ့လာသော တူရကီရွှေ့ပြောင်းသွားလာသူအရေး လုပ်ကိုင်နေသူ မစ္စတာ အီဘရာဟင်က ပြောပါတယ်။ လူပေါင်းတစ်သောင်းခန့်ဟာ စီးပွားရေးဗီဇာနဲ့ ဗြိတိန်ကို ပြောင်းရွှေ့လာဖို့ ကြိုးပမ်းကြပြီး ၂၀၁၆ ခုနှစ်နောက်ပိုင်းကစလို့ အရေအတွက်ဟာ တစ်ရှိန်ထိုးမြင့်တက်လာတယ်လို့ သူကဆက်ပြောပါတယ်။ ၂၀၀၄ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ အရေအတွက် ထက်နှစ်ဆ များပြားလာတယ်လို့ သူက ပြောပါတယ်။

## ခိုလှုံခွင့်တောင်းခံသူများပြားလာ

နိုင်ငံရေးအရခိုလှုံသူအဖြစ် တောင်းခံလာတဲ့ တူရကီနိုင်ငံသားအရေအတွက်ဟာလည်း တူရကီမှာ အာဏာသိမ်းဖို့ ကြံရွယ်ပြီးနောက် ခြောက်လအကြာမှာ တစ်ရှိန်ထိုးမြင့်တက်လာပါတယ်။ ဒါ့အပြင်ဂျာမနီနိုင်ငံမှာ နိုင်ငံရေးအရ ခိုလှုံခွင့်တောင်းခံသူအရေအတွက်ဟာလည်းခြောက်ဆနီးပါးမြင့်တက်လာခဲ့ပါတယ်။ ဒီအချက်အလက်တွေအားလုံးဟာ ကုလသမဂ္ဂဒုက္ခသည် အေဂျင်စီကရရှိတဲ့အချက်အလက်တွေလို့မစ္စတာ အီဘရာဟင်က ပြောပါတယ်။ ကမ္ဘာ့နေရာအနှံ့ကို ရွှေ့ပြောင်းနေထိုင်သူစာရင်းဟာ ယခင် ၁၀၀၀၀ ခန့်ရှိခဲ့ရာမှ ၂၀၁၇ နောက်ပိုင်းမှာတော့ ၃၃၀၀၀ ခန့်အထိရှိလာပါတယ်။

## လူ့အရင်းအမြစ်ဆုံးရှုံးလာ

ကျောင်းဆရာတွေနဲ့ တက္ကသိုလ်ဆရာထောင်ပေါင်းများစွာကတော့ မအောင်မြင်တဲ့ အာဏာသိမ်းမှုနောက်ပိုင်းမှာ ရာထူးကနေ ထုတ်ပယ်ခံရပါတယ်။ ကာ့ဒ်မြို့ကြီးတွေမှာ အပစ်အခတ်ရပ်စဲရေးအတွက် အသနားခံစာတင်ရာမှာ ဝိုင်းပြီးလက်မှတ်ထိုးခဲ့ကြတဲ့ ရာပေါင်းများစွာသောဆရာတွေဟာ ထုတ်ပယ်ခြင်းခံရပါတယ်။ ငြိမ်းချမ်းရေးတောင်းခံလွှာမှာ လက်မှတ်ရေးထိုးခဲ့လို့ တရားစွဲဆိုခြင်းခံရတဲ့ မစ္စတာ အီလ်ကာဘရစ်ဘယ်ကတော့ သင်္ချာပညာရှင်တစ်ဦးဖြစ်ပြီး အခုအခါမှာတော့ တူရကီနိုင်ငံကနေ ထွက်ခွာပြီး နယ်သာလန်နိုင်ငံက တက္ကသိုလ်တစ်ခုကို ပြောင်းရွှေ့သွားပါတယ်။ တူရကီနိုင်ငံဟာ လူတွေကို တစ်နေ့တခြား ပိုပိုပြီး ဆုံးရှုံးလာနေရတယ်လို့ သူကသတိပေးထားပါတယ်။ နိုင်ငံအတွင်းက ထွက်သွားတဲ့လူတွေဟာ ပြန်မလာချင်ကြတော့ဘူး။ ဒါဟာ တိုင်းပြည်အတွက် အချက်ပေး ခေါင်းလောင်းသံပဲလို့ မစ္စတာ အီလ်ကာဘရစ်ဘယ်က ပြောပါတယ်။

## ပိုင်ဆိုင်မှုတွေတိုင်းပြည်ပြင်ပသို့ထုတ်

ဒါ့အပြင် တူရကီနိုင်ငံကနေ ထွက်လာချင်တဲ့ လုပ်ဖော်ကိုင်ဖက်ဆရာတွေ၊ ကျောင်းသားတွေဆီက အီးမေးလ်တွေ အများကြီးရတယ်လို့လည်း သူကဆက်ပြောပါတယ်။ မစ္စတာအာဒိုဂန်ရဲ့အုပ်ချုပ်မှုအောက်မှာ ၁၇ နှစ်ကြာနေလာခဲ့ရတဲ့အခါမှာတော့ ကျောင်းသားတွေဟာ စိတ်ပျက်လက်ပျက်ဖြစ်နေကြပြီလို့ အစ္စတန်ဘူလ်မှာရှိတဲ့ MEF တက္ကသိုလ် တည်ထောင်သူ အာဟန်အာကတ်က ပြောပါတယ်။ တူရကီသန်းကြွယ်သူဌေး ၁၂၀၀၀ ခန့်ဟာ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်အတွင်းမှာ သူတို့ရဲ့ပိုင်ဆိုင်မှုတွေကို တိုင်းပြည်ပြင်ပသို့ ပြောင်းရွှေ့သွားပါတယ်။ သူတို့ထဲက အချို့ဟာ ဥရောပဒါမှမဟုတ်ရင် ယူအေအီးနိုင်ငံတို့ကိုရွှေ့ပြောင်းသွားကြပါတယ်။ တူရကီသမ္မတ အာဒိုဂန်ဟာ တိုင်းပြည်ကို ကာလရှည်ကြာ ထိန်းထားနိုင်ခဲ့တဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပေမယ့် သူ့လက်ထက်မှာ တိုင်းပြည်ကနေ ထွက်ခွာသွားကြတဲ့ နိုင်ငံသားတွေ တစ်စတစ်စ များပြားလာသလို တူရကီနိုင်ငံက ငွေကြေးတွေ ပြည်ပကို စီးဆင်းသွားတာကလည်း ငြင်းလို့မရတဲ့ အမှန်တရားပါပဲ။

**ကိုကား - နယူးယောက်တိုင်းမ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**တောင်ကြီး ဇန်နဝါရီ ၄**

ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား (TSDP) အစီအစဉ်အရ ကျင်းပသော မြို့နယ်အလိုက် အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့က တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဟိုပုံးမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ဖယ်ခုံမြို့နယ်အသင်းက ၃ - ၁ ဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ကြည့်ရှုအားပေးကာ ဆုချီးမြှင့်ပွဲကျင်းပရာ ပူးတွဲတတိယဆုရရှိသော ညောင်ရွှေမြို့နယ်အသင်းနှင့် ရပ်စောက်မြို့နယ်အသင်းတို့ကို ငွေကျပ်နှစ်သိန်းစီကို ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်းနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်းတို့က ဆုချီးမြှင့်ပေး၍ လည်းကောင်း၊ ဒုတိယဆုရရှိသော ဟိုပုံးမြို့နယ် အသင်းအားတစ်ဦးချင်း ဆုတံဆိပ်ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးနှင့် ငွေသားကျပ် ငါးသိန်းကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးတို့က လည်းကောင်း၊ နေရာအလိုက်နှင့် အကောင်းဆုံး ဘောလုံးအားကစားသမားဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေကျပ်ငါးသောင်းစီကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက လည်းကောင်း၊ ပထမဆုရရှိသော ဖယ်ခုံမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်ကို ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်နှင့် ငွေသားကျပ်ခုနစ်သိန်းနှင့် ပထမဆုဖလားတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့က ဆုများ ချီးမြှင့်ပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**




# ကရင်ပြည်နယ်ဝန်ကြီးချုပ် အထက(စက်ရုံ)ကျောင်း အဆင့်တိုးမြှင့်ဆိုင်းဘုတ်ဖွင့်ပွဲ တက်ရောက်

**ဘားအံ ဇန်နဝါရီ ၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (စက်ရုံ)ကျောင်း အဆင့်တိုးမြှင့် ဆိုင်းဘုတ်ဖွင့်ပွဲနှင့် ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ပွဲကို ယမန်နေ့က အဆိုပါကျောင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်အားပေး ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်ပညာရေးမှူး ဦးစိုးမြင့်၊ တန် ၉၀၀ ဘိလပ်မြေစက်ရုံမှူး ဦးကျော်စိုးအောင်တို့က ကျောင်းအဆင့် တိုးမြှင့်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ယာပုံ)** ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ပညာရေးမှူးနှင့် တန် ၉၀၀ ဘိလပ်မြေစက်ရုံမှူးတို့က အမှာစကား ပြောကြားကာ တာဝန်ရှိသူများက ထူးချွန်ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ကျောင်းအဆင့် တိုးမြှင့်ခဲ့သည့် အထက(စက်ရုံ)သို့ စက်ရုံဝန်ထမ်းမိသားစုများ၏ သားသမီးများအပါအဝင် စက်ရုံကွက်သစ်၊ ဓမ္မပါလရပ်ကွက်၊ ကူးဆိပ်ကျေးရွာ၊ ဖားပုကျေးရွာ၊ ရန်အောင်မြေရပ်ကွက်၊ မြိုင်ကလေးကျောင်းထက် ကျေးရွာနှင့် မြိုင်ကလေးကျောင်းအောက်ကျေးရွာတို့မှ KG တန်းမှ ဒသမတန်းထိ ကျောင်းသားကျောင်းသူ ၁၂၁၅ ဦး တက်ရောက်ပညာသင်ကြားနေသော ကျောင်းဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မင်းဘူးမြို့၌ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာဖွင့်ပွဲ တက်ရောက်

**မင်းဘူး ဇန်နဝါရီ ၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာဖွင့်ပွဲကို ယနေ့ နံနက်က မင်းဘူးမြို့ အမှတ်(၄)နယ်မြေ တမာတန်းရပ်ကွက်၌ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းများနှင့် အများပြည်သူတို့ နေထိုင်မှုအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဝန်ထမ်းများနှင့် အများပြည်သူတို့အတွက် တန်ဖိုးနည်း၊ တန်ဖိုးလတ်၊ တန်ဖိုးမြင့် အရောင်းအိမ်ရာများအပြင် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေနှင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာနှင့် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာတို့ကို စဉ်ဆက်မပြတ် နှစ်စဉ်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မကွေး၊ ရေနံချောင်း၊ ချောက်နှင့် တောင်တွင်းကြီး မြို့နယ်တို့၌ အခန်းပေါင်း ၄၆ ခန်းစီပါဝင်သည့် ရှစ်ခန်းတွဲ၊ ခြောက်ထပ် ဝန်ထမ်းအိမ်ရာလေးလုံးကို တည်ဆောက်ပြီး နေအိမ်အခက်အခဲရှိသည့် ဝန်ထမ်းများအား နေရာချထားပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မင်းဘူးမြို့တွင် တည်ဆောက်သည့် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ အခန်းပေါင်း ၄၇ ခန်းကို ဝန်ထမ်းများအား နေရာချထားနိုင်တော့မည်ဖြစ်ကြောင်း၊ မကြာမီ ပခုက္ကူမြို့နှင့် သရက်တို့တွင်လည်း နေရာချထားပေးနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသူရိန်က အဆောက်အအုံနှင့် သက်ဆိုင်သော အချက်အလက်များနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက အဆောက်အအုံကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာသည် မင်းဘူးမြို့ အမှတ်(၄)နယ်မြေ တမာတန်းရပ်ကွက် မင်းဘူး-အမ်းလမ်းတွင်တည်ရှိပြီး တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုဘဏ္ဍာ ငွေ ၉၄၀ ဒသမ ၅၀၀ သန်းဖြင့် ရှစ်ခန်းတွဲ ခြောက်ထပ် အာရ်စီအဆောက်အအုံကို Royal International Engineering& Construction Co.,Ltd မှ တာဝန်ယူ ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးမြတ်(မင်းဘူး)**

# မုံရွာမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲနှင့် မာရသွန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မုံရွာ ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ကြီးမှူးပြီး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မုံရွာမြို့နယ် စက်ဘီး အဖွဲ့တို့ ပူးပေါင်းပြီး (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အပျော်တန်းစက်ဘီးစီးပြိုင်ပွဲနှင့် မာရသွန်ပြိုင်ပွဲကို ယနေ့နံနက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်းအရှေ့ဗိုလ်ချုပ်လမ်းမပေါ်၌ ကျင်းပခဲ့သည်။

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပမည့် စက်ဘီးစီးပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အားကစားသမား ၂၅၂ ဦးနှင့် မာရသွန်ပြိုင်ပွဲသို့ အမျိုးသားအမျိုးသမီး ပြိုင်ပွဲဝင် အားကစားသမား ၁၀၆ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပသည့် စက်ဘီးစီးပြိုင်ပွဲတွင် အသက် ၁၆ နှစ်နှင့်အထက် အတန်း ၃၀ ကီလိုမီတာ အကွာအဝေးပြိုင်ပွဲတွင် ထူးချွန်ဆုရ အားကစားသမားများကို တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက လည်းကောင်း၊ အမျိုးသမီး မာရသွန်ပြိုင်ပွဲ ထူးချွန်ဆုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက လည်းကောင်း၊ နှစ်သိမ့်ဆုများကို တိုင်းဒေသကြီး ဝန်ကြီးများကလည်းကောင်း၊ အမျိုးသား မာရသွန်ပြိုင်ပွဲ ထူးချွန်ဆုရ အားကစားသမားများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အမျိုးသား အမျိုးသမီး ၁၃ မိုင် မာရသွန်ပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ်သုံးသိန်း၊ ဒုတိယဆုကို ငွေကျပ်နှစ်သိန်း၊ တတိယဆုကို ငွေကျပ်တစ်သိန်း ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

# အောင်ဇေယျ ကြိုးတံတားအတက်၊ အဆင်းလမ်းပိုင်း ယာဉ်ကြောပိတ်ဆို့မှု ကင်းဝေးသွားပြီဖြစ်

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်မြို့၏ မြစ်ကူးတံတားတစ်စင်းဖြစ်သော အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်ကို ဆက်သွယ်ထားသည့် အောင်ဇေယျကြိုးတံတားပေါ်မှ ဧရာဝတီတိုင်းဒေသကြီးမှယာဉ်များ၊ လှိုင်သာယာစက်မှုဇုန်နှင့် ခရီးသွားပို့ဆောင်ရေးယာဉ်များ နေ့စဉ်ဖြတ်သန်းလျက်ရှိရာ တံတားချဉ်းကပ်လမ်းပိုင်းနှင့် (၁)ထိပ် မီးပွိုင့်ကြားရှိ ကတ္တရာလမ်းမှာ မကြာခဏပျက်စီးမှုကြောင့် တံတားအတက်၊ အဆင်း ယာဉ်များသွားလာမှုအခက်အခဲဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ထပ်ပိုးကွန်ကရစ်လမ်းပိုင်းခင်းကျင်းမှု ပြီးစီးပြီဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှု ကင်းဝေးပြီဖြစ်ရာ ခရီးသွားပြည်သူအပေါင်း ကြည်နူးဝမ်းသာလျက်ရှိကြောင်း သိရသည်။

"ဘဘတို့က လှိုင်သာယာမှာ ၁၉၈၉ ခုနှစ်ကတည်းကနေလာတာ။ ဒီကြိုးတံတားက ဘုရင့်နောင် အမှတ်(၁) တံတားပြီးမှ ဆောက်တာ။ ဆောက်ပြီးကတည်းက တံတားအတက် လမ်းမတ်လွန်းတော့ ယာဉ်တွေ နောက်ပြန်လိမ့်တာမကြာခဏပဲ။ ခေတ်အဆက်ဆက်မှာ လမ်းပိုင်းကို ဖာထေးကြတယ်။ ခဏပဲ ပြန်ပေါက်ပြီး ကားတွေပိတ်တယ်။ ယာဉ်ထိန်းရဲလည်း မနိုင်ဘူး။ လမ်းဆုံမှာ ဆိုင်ကယ်ဂိတ်၊ ဈေးသည်တွေလည်း ရှိတော့ ပိုဆိုးတာပေါ့။တံတားအတက်အဆင်းလမ်းလည်း ဖြစ်နေတယ်လေ။ အခုအစိုးရလက်ထက်မှာ ရန်ကုန်-ညောင်တုန်းလမ်းကြီးကို တိုးချဲ့ပြီး ကွန်ကရစ်ထပ်ပိုးလွှာခင်းတာတွေ့ရတော့ သွားရေးလာရေးအဆင်ပြေသွားပြီ။ ကားပိတ်လို့ တံတားပေါ်က ဆင်းလျှောက်ဖို့လည်း မလိုတော့ဘူး။ ဘဘတော့ ဝမ်းသာတယ်။ အားလုံးလည်း ဝမ်းသာကြမှာပါ" ဟု လှိုင်သာယာတစ် ထိပ်မီးပွိုင့်အနီးတွင်နေထိုင်သော အသက် ၈၇ နှစ် ရှိ ဦးမောင်သိန်းက ပြောသည်။

အောင်ဇေယျကြိုးတံတား အဆင်းတံတားချဉ်းကပ်လမ်းမှစ၍ တစ်ထိပ်လမ်းဆုံအထိအရှည်ပေ ၁၀၅၀ ၊ အနံ ၅၁ ပေ နှင့် အမြင့် ၁၁ ပေကို ဒီဇင်ဘာ ၁၇ ရက်မှစတင်၍ ကွန်ကရစ်လမ်းအဖြစ်ခင်းခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်တွင် ပြီးစီးခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ယာဉ်များ လမ်းအပြည့်ဖြတ်သန်းသွားလာနိုင်လျက် ယခုအခါ အောင်ဇေယျကြိုးတံတားအတက်၊ အဆင်းလမ်းပိုင်းယာဉ်ကြောပိတ်ဆို့မှု လုံးဝကင်းဝေးသွားပြီဖြစ်ကြောင်း သိရသည်။

တံတားအတက်၊ အဆင်းလမ်းပိုင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) အထူးတည်ဆောက်ရေးအဖွဲ့မှ ခင်းခြင်းဖြစ်ပြီး တံတားပလက်ဖောင်းကိုလည်း လမ်းပိုင်းနှင့်အညီ မြှင့်တင်ရန်လိုအပ်လျက်ရှိရာ အဆိုပါတစ်ဖက်ခုနစ်ကျော် အကျယ်ရှိ လူသွားလမ်းပလက်ဖောင်းကို ခင်းကျင်းပြီးပါက အောင်ဇေယျကြိုးတံတား အတက်၊ အဆင်းလမ်းပိုင်းမှာ တံတားအင်္ဂါနှင့်အညီ လုပသွားမည်ဖြစ်ပြီး ယခုလို အမြင့် ၁၁ ပေကွန်ကရစ်လမ်းကို ခင်းခြင်းကြောင့် တံတားအတက်တွင် ယာဉ်ကြီးများ သက်သောင့်သက်သာသွားလာနိုင်ပြီဖြစ်ရာ အများပြည်သူသွားလာရေး အဆင်ပြေချောမွေ့စေလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်၊ဓာတ်ပုံ - သန်းစိုး**



# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေး အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အားပေး

**မိုးဖြဲ ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ ဦးစီး၍ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေးဘောလုံးပွဲကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ရှမ်းပြည်နယ် တောင်ပိုင်း ဖယ်ခုံမြို့နယ်(မိုးဖြဲ)တွင် ကျင်းပခဲ့ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ပိတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက မိုးဖြဲအားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ပိတ်ပွဲအခမ်းအနားသို့ ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီး များ၊ ကယားပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲ အစီအစဉ်အနေဖြင့် ကယန်းတိုင်းရင်းသားလူငယ် အသင်း (ရှမ်းပြည်နယ်)နှင့် ကရင်(ပဲခူး) အသင်း တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများက ဒိုင်လူကြီးနှင့် အသင်းသား များအား တစ်ဦးချင်း လိုက်လံနှုတ်ဆက် အားပေးခဲ့သည်။




ဆက်လက်၍ ကယားပြည်နယ် ဝန်ကြီးချုပ်က ဘောလုံးပွဲစတင်ယှဉ်ပြိုင် နိုင်ရန်အတွက် ဘောလုံးကို ကွင်းအတွင်း သို့ ကန်သွင်းဖွင့်လှစ်ပေးခဲ့ပြီး ယှဉ်ပြိုင် ခဲ့ရာ ကယန်းတိုင်းရင်းသားလူငယ် အသင်းက ကရင်(ပဲခူး)အသင်းကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေး အားကစားပွဲတော် ပိတ်ပွဲအခမ်းအနား ကို ကျင်းပခဲ့ရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့် အမှာစကားပြောကြားပြီး အခမ်းအနား သို့ တက်ရောက်လာကြသည့် ဝန်ကြီး များက (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမှတ်တရစကား ပြောကြားပေးသည်။

ထို့နောက် ကယားပြည်နယ် ဝန်ကြီးချုပ်က ပွဲတော်အတွက် အလှူငွေ များ ပေးအပ်ရာ ပွဲတော်ကျင်းပရေး တာဝန်ခံက လက်ခံရယူပြီး အလှူရှင်များ အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ယင်းနောက် အားကစားပြိုင်ပွဲများ တွင် ဆုရရှိကြသော အားကစားသမား များကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့် ခဲ့သည်။ **(အပေါ်ပုံ)**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများအဖြစ် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် အခြား ပျော်ရွှင်စွာ ကစားနိုင်သည့် အားကစား နည်းများကိုလည်း ထည့်သွင်းဆောင်ရွက် ခဲ့ကြောင်း သိရသည်။ **ထွန်းလေး**



နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ အထက(၉) အားကစားကွင်း၌ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် ချောတိုင်တက်ပြိုင်ပွဲ ကျင်းပစဉ်။ သတင်းစဉ်

## မြန်မာ့ရုပ်မြင်သံကြား

၅-၁-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ - ပြည်သူ့အတွက် ဥပဒေစကားဝိုင်း "လွတ်လပ်စွာ ရေးသားပြောဆို နေထိုင်ကြသည် ဆိုရာတွင်"
၉း၂၀ - အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ တွဲဖက် အကျိုးတော်ဆောင်၊ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝကဲဥပေါသထသီလခံယူ ဆောက်တည်ခြင်း
၉း၃၅ - "အရောက်လှမ်းကာဖူးမြော်မည် မအီစက်တော်ရာဆီ"
၁၀း၄၅ - ကဗျာရိပ်မြုံ "သမီးမြန်မာ"
၁၁း၀၀ - NHK Programme (ထင်ယောင်မှားသော နှစ်ပိုနီယမ်ဒြပ်စင်)
၁၂း၃၅ - တိပိဋကဓရ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသုန္ဒရ၏ "မြတ်ဘုရားထံမှ ချမ်းသာရ" တရားတော်

**ညပိုင်း**

၁၆း၃၅ - "ကော့ဂွန်းဂူ"
၁၇း၃၀ - NHK Programme (ကမ္ဘာ့အကြီးဆုံးကရိန်း၏ စက်ကိုင်)
၁၈း၂၀ - "ယဉ်ကျေးမှုအမွေအနှစ်များနှင့် လက်မှုပညာထွန်းကားရာ ပုဂံ ဒေသက မင်းနန်သူကျေးရွာ"
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "(၄၇)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံစကားဝိုင်း"
- "ရာဇဝင်ထဲကသမိုင်းအနုပညာ" (အင်းဝတံတား)
- ဂီတသမား၊ ဂီတစကား "ဂန္ထဝင်တေးဆရာကြီး(၃)ဦး၏ တေးလက်ရာများ"
- "တစ်ပါးသီလ"(၂)

# လီဗာပူး၏ ပရီမီယာလိဂ် ရှုံးပွဲမရှိစံချိန်ကို ရပ်တန့်ခဲ့သည့် မန်စီးတီး

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၁) နောက်ဆုံးပွဲစဉ်အဖြစ် ချန်ပီယံလမ်းကြောင်းပေါ်မှ မန်စီးတီးနှင့် လီဗာပူးတို့ တွေ့ဆုံပွဲကို ဇန်နဝါရီ ၄ ရက် သောကြာနေ့ နံနက်ပိုင်းတွင် အီတီဟတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်မန်စီးတီးအသင်း နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် နည်းပြနှစ်ဦး၏ အားပြိုင်မှုနှင့်အတူ တိုက်စစ်မှူးများ၏ အားပြိုင်မှုလည်းဖြစ်ပြီး နှစ်သင်းစလုံး ၄-၃-၃ တိုက်စစ်ကစားကွက်ဖြင့် ပွဲထွက်လာကြသည်။ အိမ်ရှင် မန်စီးတီး တိုက်စစ်ပိုင်းတွင် ဆာနေ၊ အဂူရိုနှင့် စတာလင်းတို့ ပါဝင်ခဲ့ပြီး လီဗာပူးအသင်းတိုက်စစ်တွင် မာနေ၊ ဖာမီနိုနှင့် ဆာလက်တို့ ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် မိနစ် ၄၀ တွင် ဘာနာဒိုဆေးလ်ဗား၏ ဖန်တီးမှုမှ တစ်ဆင့် အဂူရိုက မန်စီးတီး အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၆၄ မိနစ်တွင် ဖာမီနိုက လီဗာပူးအတွက် ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ မန်စီးတီးအတွက် အနိုင်ဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် စတာလင်း၏ ဖန်တီးမှုမှတစ်ဆင့် ဆာနေးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းပွဲတွင် နှစ်သင်းစလုံး ဘောလုံးပိုင်ဆိုင်မှု မကွာခြားဘဲ ဂိုးကန်သွင်းခွင့် အိမ်ရှင် မန်စီးတီးအသင်းက ကိုးကြိမ်ရရှိခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှု လေးကြိမ်ပြုလုပ်နိုင်ခဲ့သည်။ ဧည့်သည်လီဗာပူးအသင်းသည် ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်ရရှိခဲ့ရာ ငါးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ပွဲစဉ်(၂၁)အပြီးတွင် လီဗာပူးအသင်းသည် ရှုံးပွဲမရှိ စံချိန် ရပ်တန့်ခဲ့ပြီး ရမှတ် ၅၄ မှတ်ဖြင့် ဇယားထိပ်တွင် ဆက်လက် ရပ်တည်ခဲ့ကာ မန်စီးတီးကို လေးမှတ် ဖြတ်ထားနိုင်ခဲ့သည်။ ပွဲစဉ်(၂၂)တွင် မန်စီးတီးအသင်းသည် ဝုလ်အသင်းကို အိမ်ကွင်းတွင် ဧည့်ခံယှဉ်ပြိုင်ရမည်ဖြစ်ပြီး လီဗာပူးအသင်း သည် အဝေးကွင်းတွင် ဘရိုက်တန်ကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယခုနှစ်ရာသီ ပရီမီယာလိဂ် ဂိုးသွင်းအများဆုံး ကစားသမားများမှာ အူဘာမီယန်နှင့် ဟယ်ရီကိန်းတို့က သွင်းဂိုး ၁၄ ဂိုးစီဖြင့် ဦးဆောင်နေပြီး မိုဟာမက်ဆာလက်က သွင်းဂိုး ၁၃ ဂိုး၊ အဂူရိုနှင့် ဟာဇတ်တို့က ၁၀ ဂိုးစီ သွင်းယူ ထားသည်။ **သီဟ** ■

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၄-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၆၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၉၅/၉၀၀ | ကျပ် | ၈၈၅/၉၀၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၀၅/၉၁၀ | ကျပ် | ၉၀၀/၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၇၁၀ | ကျပ် | ၇၃၀/၇၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၀၀/၈၀၀ | ကျပ် | ၈၂၅/၈၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၉ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၈ · ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၃၃ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၃၂ · ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၈ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၄ · ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၀၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ · ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ · ၉၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၅၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - ဝင်းကျော် |
| **စာတည်းမှူး** | - မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - ကြည်ဝင်း၊ ချိုးစန္ဒီမွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ပါဖော့မန့်စ်တွေကြောင့် ဂီတဖန်တီးမှုပိုင်းမှာလည်း အာရုံပြောင်းသွားမည်မထင်ဟု ဖြူဖြူကျော်သိန်း ဆို

တစ်နှစ်နှင့်တစ်နှစ် မတူအောင် ဂီတပုံစံများကို အမျိုးမျိုးပြောင်းလဲဖန်တီးတတ်သည့် အမျိုးသမီး Rock အဆိုတော်ဖြူဖြူကျော်သိန်း သည် ဂီတပုံစံကို ပြောင်းလဲဖန်တီးတတ်သလို လူအများ စိတ်ဝင်စားဆုံးတစ်ခုဖြစ်သည့် သူ၏ပါဖော့မန့်စ်နှင့် ဝတ်စားဆင်ယင်မှုများကိုလည်း ယခုနောက်ပိုင်းတွင် သူမတူအောင် ဖန်တီးမှုများ ပြုလုပ်နေသည်ကို ပရိသတ်များ သတိထားမိကြမည် ဖြစ်သည်။

လတ်တလော လူပြောအများဆုံးဖြစ်ခဲ့သည့် ခရစ္စမတ်သစ်ပင်ပုံစံ အဝတ်အစားများနှင့် ဖျော်ဖြေခဲ့သော ဂီတပွဲတစ်ခုနှင့် စပ်လျဉ်း၍ ပရိသတ်အချို့၏ မှတ်ချက်ပေးဝေဖန်မှုများ ထွက်ပေါ်လာခြင်းနှင့်ပတ်သက်ပြီး အဆိုတော် ဖြူဖြူကျော်သိန်းက ယခုလို ပြောဆိုသည်။



"ဖြူကတော့လေ ဟိုအရင် အဆိုတော်ဘဝကို မရောက်ခင်ကတည်းက ဂီတပွဲတွေဆို ကိုယ်တိုင်သွားကြည့်ရတဲ့ အရသာကို ပိုနှစ်သက်တာမျိုးပါ။ တစ်ခါမှ မကြည့်ဖူးတဲ့ ပွဲတွေဆို ပိုပြီးတောင် ဖြူမေ့လို့မရခဲ့ဘူး။ ဘာလို့လဲဆို ကိုယ့်အတွက် အတွေ့အကြုံသစ်တွေ၊ ရသအသစ်တွေ ခံစားခဲ့ရလို့ပါပဲ။ အဲ့လိုပဲ ဖြူ့ကို စင်ပေါ်မှာ ဘာတွေ ပေါက်ကရလုပ်နေတာလဲဆိုပြီး အချို့က မြင်ကြမယ်။ ဒါကလည်း သူတို့အပြစ်မဟုတ်ပါဘူး။ သူတို့တွေအနေနဲ့ အခုလို ပွဲမျိုးကို သေချာ နဖူးတွေ့ဒူးတွေ့မကြည့်ခဲ့ရဘူးလို့ ဖြူထင်ပါတယ်။ ဘာလို့လဲဆို ဖြူက အမြဲတမ်း ဒီလိုပုံစံမျိုး ဖျော်ဖြေတယ်ဆိုတာ အားလုံးသိပြီးသားပဲလေ။ အခုမှမဟုတ်ပါဘူး။ ဖြူက ဖျော်ဖြေရေးသမားတစ်ယောက်ဖြစ်တယ်။ အဲဒီတော့ ကိုယ့်ကို ဘယ်ပွဲပဲအပ်အပ် ဖြူ့ဘက်က လိုက်ဖက်အောင်ပြင်ဆင်ရတာမျိုးပါ။ ဩော် ဒါကတော့ အလကားဆိုပေးရတဲ့ ပွဲဆိုပြီး ပေ့ါပေ့ါတန်တန်လုပ်လို့ မရသလို လက်မှတ်ရောင်းပွဲမို့ ငါတော့ ဘယ်လို ယူလိုက်ပြီး လုပ်ပစ်မယ်ဆိုတာမျိုး ဖြူမလုပ်ဘူး။ ပွဲတစ်ပွဲနဲ့ တစ်ပွဲက ပုံစံမတူကြဘူးလေ။ ပွဲအပ်တဲ့ပေါ်ကိုမူတည်ပြီး ဆိုရမယ့် သီချင်းအမျိုးအစား။ ထိုင်ခုံနဲ့ကြည့်မှာလား။ မတ်တတ်ရပ်ကြည့်တာ။ ဘယ်လို လူတွေကြည့်တာလည်း ပွဲရဲ့အခြေအနေ ရာသီဥတုကအစ ဖြူကသေချာကြည့်ပြီး ဝတ်တဲ့ အဝတ်အစားပုံစံကိုပါ ပွဲနဲ့လိုက်ဖက်အောင် ဖြူက လုပ်ရတာလေ။ ဖြူကတော့ နယ် ပရိသတ်မို့၊ ရန်ကုန်ပရိသတ်မို့ ဆိုတာမျိုးခွဲခြားပြီး ဖျော်ဖြေတာမျိုးတော့ မရှိပါဘူး။ အားလုံး အတူတူပါပဲ။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၃၊ ၂၄ ရက်ကဆိုလည်း ဖြူ ဘားအံမှာ သွားဖျော်ဖြေခဲ့ပါတယ်။ အလွန်လည်း ပျော်တယ်။ ပြီးတော့ အွန်လိုင်းမှာပုံတွေတက်လာတယ်။ ဖြူ့ပုံတွေမှာ ဖျော်ဖြေမှုပုံစံမျိုးစုံကို ပြောထားတာပေ့ါနော်။ အဲဒီနေရာမှာ ဖြူပြောချင်တာက ဖြူဖြူဟာ ပေါက်ပန်းလေးဆယ်နဲ့ ကျော်ကြားအောင်လုပ်တာမဟုတ်ပါ။ ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းတစ်ခု၊ ကိုယ်ကျွမ်းကျင်စွာလုပ်ကိုင်နေသောအလုပ်ဖြစ်ပါတယ်" ဟု အဆိုတော် ဖြူဖြူကျော်သိန်းက ပြောသည်။

ဖြူဖြူကျော်သိန်းသည် ၂၀၁၈ ခုနှစ်အတွင်း ဂီတဖျော်ဖြေပွဲနှင့် ကုမ္ပဏီပွဲများကို အများဆုံးဖျော်ဖြေခဲ့ရပြီး ၂၀၁၉ ခုနှစ်တွင် ပါဖော့မန့်စ် အသစ်များနှင့်အတူ ဂီတပုံစံအသစ်များကိုပါ ပရိသတ်ကို ချပြသွားရန် ပြင်ဆင်နေကြောင်း ပါဖော့မန့်စ် ပြုလုပ်မှုကြောင့် ဂီတဖျော်ဖြေမှုအပိုင်းတွင် လျော့နည်းသွားမည်ကို မစိုးရိမ်ကြောင်း ပြောသည်။ **ကိုလင်း**

# "9 Dreams Show 2019" အမည်ဖြင့် ဂီတဖျော်ဖြေပွဲ ယခုလ ၁၁ ရက်တွင် အမျိုးသားဇာတ်ရုံ၌ ပြုလုပ်မည်

ဇန်နဝါရီလ ၁၁ ရက် ည ၇ နာရီတွင် အမျိုးသားကဇာတ်ရုံ (မြို့မကျောင်းလမ်း) တွင် "9 Dreams Show 2019" အမည်ဖြင့် ဂီတဖျော်ဖြေပွဲကြီး ပြုလုပ်သွားမည်ဟု သိရသည်။ အဆိုပါ ဖျော်ဖြေပွဲတွင် တေးသံရှင်နောနော်၊ ဂျီလတ်၊ ဝေလ၊ ဖိုးပြည့်၊ ထက်အောင်ရှိုင်း၊ ဖြူဖြူကျော်သိန်း၊ ဆုန်သင်းပါရ်၊ အိုင်ရင်းဇင်မာမြင့်၊ ငဲငယ်လေးတို့ ပါဝင်သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**စီစဉ်သူ ကိုဝေဖြိုး**
**(The Royal Band)**



"ဒီပွဲလေးစပြီး လုပ်ဖြစ်တာကတော့ ကျွန်တော် တစ်ယောက်တည်း စတာတော့ မဟုတ်ပါဘူး။ မဆုန်သင်းရယ်၊ ကျွန်တော်ရယ် နောက် ကိုမင်းရယ် သုံးယောက်သား တိုင်ပင်ရာကနေ ဖြစ်လာတာပါ။ 9 Dreams လို့ပေး ဖြစ်တာကတော့ ကိုဂျီလတ်က စပြီး ပေးဖြစ်တာပေ့ါနော်။ ကျွန်တော်တို့ ကိုယ်တိုင်တီးရ၊ ဆိုရတဲ့ ပွဲလေးကို ကိုယ်တိုင် စိတ်တိုင်းကျ ဖြစ်ချင်တဲ့ အတွက်ကြောင့် စီစဉ်တဲ့သဘောပါပဲ၊ ကိုယ်နဲ့ ရင်းနှီးတဲ့ အဆိုတော်တွေကို အကူအညီတောင်းကြတယ်။ ကျွန်တော်တို့ သီချင်းတွေကို (၇/၈) ရက်နေ့မှာ တိုက်ကြမှာပါ။

**အဆိုတော် ဂျီလတ်**

"ဒီပွဲက ပထမတော့ လွတ်လပ်ရေးနေ့ပြီးတာနဲ့ လုပ်မယ်ဆိုပြီး စဉ်းစားထားတာပေ့ါနော်။ ပထမတော့ 7 Dreams ဆိုပြီး လုပ်ကြမယ်ပေ့ါ။ ဒါပေမယ့် ၂၀၁၉ ဆိုတော့ 9 Dreams ဖြစ်ချင်တယ်ဆိုတာမို့ ကျွန်တော်တို့ အဆိုတော် ကိုးဦးနဲ့ ဒီပွဲလေးကို အမှတ်တရဖြစ်ချင်တာကြောင့် လုပ်ဖြစ်ခဲ့တာပါပဲ။



ကျွန်တော်တို့ အားလုံးလည်း သတိထားမိကြမယ် ထင်ပါတယ်။ လက်မှတ်နဲ့ ပြုလုပ်တဲ့ပွဲတွေ တအားနည်းသွားတာ သတိထားမိကြမှာပါ။ အဲဒီအတွက် စိတ်မကောင်းစရာပါပဲ။

အခုနောက်ပိုင်းပုံစံမျိုးစုံနဲ့ ဂီတဖျော်ဖြေပွဲတွေက မြင်ရတော့တယ်။ အဲဒီတော့ လက်မှတ်နဲ့ ဖျော်ဖြေပွဲတွေ နည်းသွားတယ်။ အခုလို ဖြစ်လာတာဟာလည်း ဘာကြောင့်လဲဆိုတာ မပြောတတ်ပေမယ့် အခုပွဲလေးကို လာအားပေးစေချင်ပါတယ်။

**အဆိုတော် ဆုန်သင်းပါရ်**



"အခုပွဲလေး လုပ်ဖြစ်ခဲ့တာက သူငယ်ချင်းတွေနဲ့ သေချာတိုင်ပင်ပြီး လုပ်ဖြစ်ခဲ့တာပါ။ အဆိုတော် မောင်နှမတွေ ဆုံရတဲ့ပွဲဖြစ်တာမို့ ပျော်တယ်။ ဆုန်သင်းတို့ ဝင်ကြေးအခမဲ့ပွဲတွေဆိုရတာ များလာတော့ လက်မှတ်ပေးပြီး ကြည့်ရတဲ့ ပွဲတွေဆိုချင်လာတဲ့ စိတ်က ပြင်းထန်လာတယ်။ ပြီးတော့ အခုလို လက်မှတ်ပေးကြည့်ရတဲ့ ပွဲတွေဆိုတာ အလွန်ရှားသွားပြီလေ" ဟု ပါဝင်ကြသူများက အမှတ်တရစကားများ ပြောကြားခဲ့ကြသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲသို့ လာရောက်ကြည့်ရှုသူများအနေဖြင့် လက်မှတ်များကို ငါးသောင်း၊ လေးသောင်း၊ သုံးသောင်း၊ နှစ်သောင်း၊ တစ်သောင်း(အပေါ်ထပ်)သတ်မှတ်ထားပြီး ဝယ်ယူလိုပါက မန်းသီရိတေးသံသွင်း၊ Champion Sports & Garments၊ မြို့မကျောင်းလမ်း(အမျိုးသားဇာတ်ရုံနှင့် ဦးဝိစာရအိမ်ရာကြား)၊ Junction Square၊ TOPAZ Beauty Sallon (ပြည်သာယာလမ်း)တို့တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

# သီချင်းဆိုပြိုင်ပွဲမှာ စီးပွားရေးဆန်ဆန်ပုံစံနှင့် လူကြိုက်အဆိုရှင်ကို ရွေးချယ်တာမျိုး မလုပ်ခဲ့ဘူးဟု တေးရေး စောခူဆဲလ်ပြော

အဆိုပြိုင်ပွဲများတွင် ဝါသနာရှင်အဆင့်နှင့် ပညာရှင်အဆင့် ခွဲခြားနိုင်သော်လည်း စီးပွားရေးအရ ပေါ်ပင်ဖြစ်သွားသည့် ဝါသနာရှင်အဆင့် ဂီတသမားများ ပေါ်လာပြီး ပညာရှင်အဆင့် အဆိုပြိုင်ပွဲဝင်များ ဘေးရောက်သွားကြသည့်အပေါ် ဝါရင့်တေးရေးဆရာတစ်ဦးလည်းဖြစ် အိပ်မက်ဆုံရာ၏ ဒိုင်တစ်ဦးလည်းဖြစ်သူ တေးရေးဆရာ စောခူဆဲလ်၏ အမြင်များကို မေးမြန်းဖြစ်ခဲ့သည် ။

**မေး ။ ။ အိပ်မက်ဆုံရာ ရာသက်ပန်သီချင်းဆိုပြိုင်ပွဲ အခုနောက်ပိုင်း မလုပ်ဖြစ်တာက**

ဖြေ ။ ။ အဲ့ဒါကတော့ သူတို့ဘက်အပိုင်းက ဘာတွေလိုအပ်လို့ မလုပ်ဖြစ်တာလဲ ဆိုတာတော့ ကျွန်တော် သေချာမသိဘူး။ ဒါပေမယ့် အခုဆို The Voice Myanmar တို့၊ နောက်သီချင်းဆိုပြိုင်ပွဲ အစီအစဉ်တွေ ထုတ်လွှင့်နေတာကြောင့် ဖြစ်မယ်။ ပွဲတစ်ခုလုပ်ရင်လည်း ကုန်ကျစရိတ်က မလွယ်ဘူး။ ပြီးတော့ လူစိတ်ဝင်စားမှုလည်း နည်းသွားတာမို့ အစီအစဉ်ဆက်မလုပ်ဖြစ်တာနေမှာပါ။

**မေး ။ ။ ပြိုင်ပွဲကနေ အောင်မြင်တဲ့ ဂီတသမားရယ်လို့ ထွက်လာတာ သိပ်မတွေ့ရဘူးနော်၊ မယ်လိုဒီဝေါ်ဆို တော်တော်များများ အောင်မြင်သလားလို့**

ဖြေ ။ ။ ဒါကလည်း ဆုရတဲ့ ပြိုင်ပွဲဝင်ရဲ့ကံနဲ့လည်း သက်ဆိုင်ပါတယ်။ ကျွန်တော်တို့ဘက်က သေချာစနစ်တကျ စိတ်တိုင်းကျ ရွေးချယ်ထားခဲ့ကြတာပါ။ သို့သော် သူ့အချိန်ရောက်ရင်တော့ ဖြစ်လာမယ်လို့ ကျွန်တော် ထင်တယ်။ ဒါပေမယ့် အချိန်တော့ပေးရမှာပေ့ါနော်၊ တစ်ယောက်နဲ့တစ်ယောက် ကြိုးစားကြတာရှိပေမယ့် တော်တော်ကြာမှ ဖြစ်တာမျိုးတွေ၊ ပံ့ပိုးမှုကောင်းတဲ့သူတွေလည်း မြန်မြန်အောင်မြင်တာမျိုးတွေ ရှိကြပါတယ်။ တော်တာတော့ အားလုံးကောင်းကြပါတယ်။

**မေး ။ ။ အခုနောက်ပိုင်း ပြိုင်ပွဲတွေက စီးပွားရေးဆန်ကြတယ်လို့ အစ်ကိုမထင်မိဘူးလား။ တကယ်တော်ပြီး ဂီတကို စိတ်ဝင်စားမှုအားကောင်းတဲ့ ကလေးတွေ ရှေ့မရောက်လာတဲ့အပေါ် အစ်ကို အမြင်က**

ဖြေ ။ ။ အခုခေတ်ကလေးတွေက သူတို့မှာကြီးမားတဲ့ အိပ်မက်တွေ၊ စိတ်ကူးတွေ ရှိကြတယ်ဆိုတာကို ကျွန်တော် လက်တွေ့ တွေ့ခဲ့ရတာမျိုးတွေရှိတယ်။ သူတို့ ကြိုးစားကြတယ်။ ဒါပေမယ့် ပြိုင်ပွဲရဲ့ စည်းကမ်းနဲ့ သတ်မှတ်ချက်အရ စီးပွားရေးဆန်ဆန် လုပ်ကြတဲ့အပေါ်တော့ ကျွန်တော်လည်း မပြောတတ်ဘူး။ ကျွန်တော်ကတော့ သုံးသပ်သူ တစ်ယောက်အနေနဲ့သာ ကျွန်တော်ရပ်တည်နေတာပါ။ ပြိုင်ပွဲမှာ တကယ်ကို အရည်အချင်းရှိတဲ့ သူကိုသာ ဘယ်နေရာ ဘာလိုအပ်တယ်ဆိုပြီး ထောက်ပြပေးတာမျိုးပါ။ ကျန်တဲ့စီးပွားရေးအရ အရှုပ်အရှင်းတော့ ကျွန်တော်သေချာမပြောတတ်ဘူး။ ကျွန်တော်ကတော့ အစစ်အမှန်ကို ရှာပေးပါတယ်။ တခြားအကန့်နဲ့ ရွေးချယ်တာမျိုးတော့ ကျွန်တော်မရှိပါဘူး။ **ကိုလင်း**



# အိပ်မက်ဆုံရာ အစီအစဉ် (၆) ၏ တေးသံရှင် L ဂျာဆိုင်းဘန် ၏ "လွမ်းလို့" စီးရီး ယခုလစတင်ထွက်ရှိမည်

ကချင်တိုင်းရင်းသူအမျိုးသမီးအဆိုရှင် L ဂျာဆိုင်းဘန်၏ ပထမဆုံး တစ်ကိုယ်တော်စီးရီးဖြစ်သည့် "လွမ်းလို့" ဟု အမည်ပေးထားသော စီးရီးကို Bo Bo Music တေးထုတ်လုပ်ရေးမှ ဇန်နဝါရီ ၁၂ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

အဆိုပါ တေးစီးရီးကို အိပ်မက်ဆုံရာ အစီအစဉ် (၆) ကတည်းက စိတ်ကူးပုံဖော်ခဲ့ပြီး ငွေကြေးအခက်အခဲများကြောင့် မိမိဝါသနာကို ရှေ့တန်းမတင်နိုင်ဘဲ ဂီတအလုပ်များကို ကြိုးစားလုပ်ကိုင်အရင်းတည်ရင်း ရရှိလာသည့် အနုပညာကြေးများနှင့် ပထမဆုံးတစ်ကိုယ်တော်ခွေ ထွက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

"ညီမရဲ့ 'လွမ်းလို့' တေးစီးရီးခွေလေးက ပိုက်ဆံပြန်မရနိုင်မှန်း သိပါတယ်။ ဒါပေမယ့် ညီမဘဝအတွက် မှတ်တိုင်လေးတစ်ခု ဖြစ်ချင်လို့ပါ။ ဒီအခွေကို ၂၀၁၆ နှစ်ကုန်လောက်က စလုပ်ခဲ့တာပါ။ Copy သီချင်း 'နင်ပျော်မယ်ဆို'နဲ့ 'သိများသိမလား' ဆိုတဲ့ သီချင်းနှစ်ပုဒ်ပါ။ တေးရေးတွေက စောခူဆဲလ်၊ ဆလိုင်း၊ မင်းသခင်၊ အောင်မြင့်မြတ်၊ အားဆမ်၊ အဆိုင်း (Open Door)၊ ဂျာဆိုင်းတောင်၊ စနိုး၊ နန်ပန်အောင်တို့ ရေးထားတဲ့သီချင်း ၁၁ ပုဒ် ပါပါတယ်။ ဂီတဗီဒီယိုလေးတွေတော့ တစ်လ တစ်ခါလောက် တင်ပေးမယ်လို့ စိတ်ကူးထားပါတယ်။ MTV တော့ မလုပ်ဖြစ်တော့ပါဘူး" ဟု ပြောသည်။

တေးစီးရီးကို ဇန်နဝါရီ ၁၂ ရက်တွင် Bobo Entertainment မှ ဖြန့်ချိမည်ဖြစ်ပြီး ပရိမိုးရှင်းကိုလည်း လှည်းတန်းစင်တာတွင် ဇန်နဝါရီ ၁၂ ရက်တွင် မွန်းလွဲ ၃ နာရီမှ ၇ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဇနီးဖြစ်သူနဲ့ပြန်အဆင်ပြေဖို့ ရက်ပ်ပါအဆိုတော် အော့ဖ်ဆက် အသည်းအသန် တောင်းပန်နေ

ရက်ပ်ပါတစ်ဦးဖြစ်တဲ့ အော့ဖ်ဆက်ဟာ ကာဒီဘီနဲ့လမ်းမခွဲရရေး အသည်းအသန်လိုက်ပြီး တောင်းပန်နေတယ်လို့ သိရပါတယ်။ ကာဒီဘီဟာ ဒီဇင်ဘာ ၅ ရက်က သူ့ခင်ပွန်းဖြစ်သူ အော့ဖ်ဆက်နဲ့ လမ်းခွဲမယ်လို့ လူမှုကွန်ရက်မှာ ပြောခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အော့ဖ်ဆက်ဟာ ကာဒီဘီနဲ့ လမ်းမခွဲရရေး အကြိမ်ကြိမ်ဖုန်းဆက်၊ စာတွေပို့ပြီး တောင်းပန်နေခဲ့တယ်လို့ သိရပါတယ်။

အော့ဖ်ဆက်ဟာ သူ့မိန်းမသူ့ဆီပြန်လာရေး နေ့စဉ်နဲ့အမျှ တောင်းပန်နေတယ်လို့ အော့ဖ်ဆက်နဲ့ ရင်းနှီးသူတွေက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။ ဒီလိုကွဲကွာနေတဲ့ စုံတွဲဟာ ခရစ္စမတ်မတိုင်ခင်ကတော့ ပေါ်တိုရီကိုမှာ ပြန်လည်တွေ့ဖြစ်ခဲ့ကြပါတယ်။ အဲဒီအခါမှာတော့ ကာဒီဘီရဲ့ ပရိသတ်တွေဟာ သူတို့ ပြန်ပေါင်းထုပ်တော့မယ်လို့ ထင်ခဲ့ကြပါတယ်။

ကာဒီဘီဘက်က ငြင်းဆိုခဲ့ပေမယ့် သူတို့နဲ့ နီးစပ်တဲ့ သတင်းအရင်းအမြစ်တွေကတော့ ဒီနှစ်ဦး ပြန်ပေါင်းထုပ်ဖို့ အခွင့်အရေးတွေ အများကြီးရှိနေပါသေးတယ်လို့ ပြောပါတယ်။ ကာဒီဘီဟာ ခရစ္စမတ်နောက်ပိုင်း ရှိုးပွဲတွေအများကြီး သီဆိုနေရပြီး ၂၀၁၉ ခုနှစ်အတွင်းမှာပဲ ဒုတိယအယ်လ်ဘမ်အသစ် ထွက်ရှိမယ်လို့ ကြေညာထားပါတယ်။

ပထမအယ်လ်ဘမ်ဖြစ်တဲ့ Invasion of Privacy ကို ၂၀၁၈ ဧပြီလမှ ထုတ်ခဲ့တာဖြစ်ပြီး ဒုတိယအယ်လ်ဘမ်ကိုလည်း ၂၀၁၉ ဧပြီလောက်မှာထုတ်ဖြစ်မယ်လို့ ခန့်မှန်းထားပါတယ်။ အခုအချိန်မှာတော့ အလုပ်ကိုပဲ အာရုံစိုက်နေပြီး သူ့ကို လိမ်ညာခဲ့တဲ့အတွက် လမ်းခွဲခဲ့တဲ့ အော့ဖ်ဆက်နဲ့ ပြန်ပေါင်းထုတ်ဖို့တော့ မလွယ်သေးပါဘူး။ အော့ဖ်ဆက်ကတော့ နေ့ရောညပါဖုန်းဆက်ပြီး တောင်းပန်နေတယ်လို့ သိရပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



### ဘတ်ဖ်တာရုပ်ရှင် ထူးချွန်ဆုပေးပွဲတွင် Black Panther ဇာတ်ကားမှ မင်းသမီးလက်တီရှာ ဆန်ခါတင်စာရင်းဝင်

ဗြိတိန်ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအကယ်ဒမီမှ ဆုချီးမြှင့်ပေးသည့် ဘတ်ဖ်တာ ဆုပေးပွဲအတွက် ဆန်ခါတင်စာရင်းထွက်ပေါ်လာရာ Black Panther ဇာတ်ကားမှ အမျိုးသမီးသရုပ်ဆောင် လက်တီရှာ ပါဝင်ကြောင်း သိရသည်။ Black Panther စတားလက်တီရှာ ရိုက်အပြင် ဘတ်ဖ်တာထူးချွန်ဆုအတွက် နောက်ထပ်ဆန်ခါတင်စာရင်းဝင်သူများမှာ Get out၊ Sorry to Bother You တို့ဖြင့် နာမည်ကျော်ခဲ့သော ရုပ်ရှင်သရုပ်ဆောင် လက်ခီစတန်းဖီးလည်း ပါဝင်ကြောင်း သိရသည်။ ဘတ်ဖ်တာထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါထူးချွန်ဆုမှာ လူထုကပေးသော မဲဖြင့် ရွေးချယ်ပေးသော ထူးချွန်ဆုလည်းဖြစ်သည်။လူမည်းအနုပညာရှင် ဒန်နီရယ်ကလူရာမှာ လွန်ခဲ့သောနှစ်က ဆုရရှိခဲ့သူဖြစ်သည်။ လက်တီရှာရိုက်မှာ Black Panther ဇာတ်ကားတွင် မင်းသမီးရှူရီအဖြစ် ပါဝင်ခဲ့ပြီး Black Panther နောက်ဆက်တွဲဇာတ်လမ်းနှင့် စူပါဟီးရိုးဇာတ်လမ်းဖြစ်သည့် Avengers : Endgame ဇာတ်ကားတို့တွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။ လန်ဒန်မြို့မြောက်ပိုင်းတွင် မွေးဖွားကြီးပြင်းလာသော လက်တီရှာသည် အမ်မီထူးချွန်ဆုပေးပွဲတွင်လည်း ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သည်။

Black panther ရုပ်ရှင်ဇာတ်ကားသည် ၂၀၁၈ခုနှစ်အတွက် လူကြိုက်အများဆုံး စူပါဟီးရိုးရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ဝင်ငွေ ၁ ဒသမ ၃၇၄ ဘီလီယံရရှိခဲ့သည်။ **ဘီဘီစီ**



**ခြူး**



# လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၂)

**မောင်ခင်မင် (ဓနုဖြူ)**

"ဝါကျထဲက စကားလုံးနှစ်မျိုး အကြောင်း ဆက်ပြောစရာ ရှိသေးတယ်ကွဲ့။ သမီး စဉ်းစားကြည့်စမ်းပါ။ အဲဒီစကားလုံးနှစ်မျိုးမှာ ဝေါဟာရစကားလုံးက အရေအတွက် များသလား၊ သဒ္ဒါစကားလုံးက အရေအတွက် များသလား။ ဘယ်ဟာက ပိုများတယ် ထင်သလဲ"

"ဘဘ၊ ဝေါဟာရစကားလုံးတွေက အမြဲအသစ်တွေ တိုးနေတယ်မဟုတ်လား။ ဝေါဟာရစကားလုံးက ပိုများမယ် ထင်ပါတယ်"

"ဟုတ်တာပေါ့။ ဘာသာစကားတိုင်းမှာ ဝေါဟာရတွေ အသစ်အသစ် တိုးနေတာ သဘာဝပဲလေ။ အများအားဖြင့်တော့ အရင်ကမရှိတဲ့ အသုံးအဆောင်သစ်တွေ၊ အတွေးသစ်တွေ၊ သဘောတရားသစ်တွေ ပေါ်လာတိုင်း ခေါ်စရာဝေါဟာရသစ်တွေ ဖန်တီးရတာပဲလေ။ နဂိုရှိပြီးသား ဝေါဟာရတွေကို အသစ်တွဲစပ်တီထွင်တဲ့ ဝေါဟာရသစ်တွေရော၊ ဘာသာပြန်ယူတဲ့ ဝေါဟာရသစ်တွေရော၊ အသံလှယ်ယူတဲ့ ဝေါဟာရ သစ်တွေရော တိုးပွားလာတာ မဟုတ်လား"

"ဘဘပြောတဲ့ ဝေါဟာရသစ် တိုးပွားပုံတွေ မှတ်သားရတာ ဗဟုသုတ သိပ်ရတာပဲ။ သာဓကကလေးတွေ သိချင်ပါတယ် ဘဘ"

"ထင်ရှားတာပြောရရင် တယ်လီဖုန်းဆိုင်တွေမှာ 'ငွေဖြည့်ကတ်' ရမည်လို့ ကြေညာထားတာ တွေ့မှာပေါ့။ အရင်က အဲဒီစကားလုံးမရှိဘူး မဟုတ်လား။ တစ်လုံးချင်းတော့ ရှိတာပေါ့။ တွဲထားတဲ့စကားလုံး မရှိဘူးလေ။ ငွေဖြည့်ကတ်လည်း မပေါ်သေးဘူး။ ခုပေါ်လာတော့ ခေါ်စရာစကားလုံး ဖန်တီးလိုက်တာပေါ့ကွယ်။ 'ရုပ်မြင်သံကြား' တို့၊ 'စက်လှေကား' တို့၊ 'မီးအားမြှင့်စက်' တို့ အဲဒီဝေါဟာရတွေပဲ သဘောမျိုးနဲ့ အသစ်ပေါ်လာတာလေ"

"ဟုတ်ကဲ့ပါ။ သမီးနားလည်ပါပြီ"

"'အင်တာနက်' တို့၊ 'အီးမေး' တို့ကို အသံလှယ်ယူတဲ့ စကားလုံးသစ်တွေလည်း ပေါ်လာတာပဲလေ။ အဲဒီ စကားလုံးတွေ အားလုံးဟာ ဝေါဟာရစကားလုံးတွေချည်းပဲကွဲ့"

"ဟုတ်ကဲ့ပါ"

"ကဲ - သဒ္ဒါစကားလုံးရော ဘယ်လိုအသစ်တွေပေါ်လာသလဲလို့ စဉ်းစား ကြည့်ပါ။ 'သည်၊ ၏၊ ၍၊ ၌၊ ဖြင့်'ဆိုတဲ့ အသုံးစကားလုံးမျိုးတွေ ဖြစ်ဖြစ်၊ 'တယ်၊ မယ်၊ ရဲ့၊ တော့၊ လို့' ဆိုတဲ့ အပြောသုံးစကားလုံးမျိုးတွေဖြစ်ဖြစ်၊ အဲဒီလို သဒ္ဒါစကားလုံးတွေထဲမှာ အသစ်ပေါ် လာတဲ့ စကားလုံးတွေ သတိထားမိသလား သမီး"

"သမီးတော့ သတိမထားမိပါဘူး ဘဘ။ သဒ္ဒါစကားလုံးတွေ အသစ်မပေါ်ဘူးလို့ ထင်ပါတယ်"

"ဟုတ်တယ်။ '၍' တို့၊ 'သည်' တို့၊ '၏' တို့ 'တယ်' တို့၊ 'ရဲ့'တို့လို သဒ္ဒါဆက်သွယ်မှုပြတဲ့ စကားလုံးတွေက အသစ်ပေါ်ဖို့ တော်တော်ခဲယဉ်းတယ်ကွဲ့။ လုံးဝမပေါ်ဘူးတော့ မဟုတ်ဘူး။ သဒ္ဒါစကားလုံးသစ်တစ်လုံးပေါ်ဖို့ နှစ်ပေါင်းများစွာကြာနိုင်တယ်။ ဝေါဟာရစကားလုံးတွေ သဒ္ဒါစကားလုံးတွေကို အလွယ်တကူ ထွင်သုံးလို့မရဘူး။ ရှိပြီးသား သဒ္ဒါစကားလုံးတွေကိုပဲ ခုအထိ ထပ်ခါတလဲလဲ သုံးနေရတာလေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ ဝေါဟာရစကားလုံးတွေက အမြဲအသစ်တိုးနေလို့ အရေအတွက်လည်း တော်တော်များတယ်။ လိုအပ်ချက်အရ အကန့်အသတ်မရှိ တိုးပွားနိုင်တယ်။ ဘာသာစကားတစ်ခုမှာ ဝေါဟာရစကားလုံးတွေ သောင်းသိန်းချီပြီး တိုးလာနိုင်တာပေါ့။ ဒါကြောင့် ဝေါဟာရစကားလုံးတွေကို 'ဝင်ပေါက်ဖွင့်ထားတဲ့ စကားလုံးမျိုးတွေ' လို့ တင်စားလေ့ရှိကြတယ်"

"ဟုတ်ကဲ့၊ ဝင်ပေါက်ဖွင့်ထားတော့ စကားလုံးအသစ်တွေ ဝင်လာနိုင်တာပေါ့လေ"

"ဒါပေါ့ကွယ်။ အဲ - သဒ္ဒါစကားလုံးတွေကတော့ ဝေါဟာရစကားလုံးမျိုးနဲ့ ယှဉ်ရင် အရေအတွက် သိပ်နည်းတယ်။ ဝေါဟာရစကားလုံးတွေ သောင်းသိန်းချီပြီး တိုးပွားနေပေမယ့် သဒ္ဒါစကားလုံးကတော့ အလွန်ဆုံးရာဂဏန်းလောက်ပဲ ရှိမယ်။ ဒီတော့ သောင်းသိန်းချီနေတဲ့ ဝေါဟာရစကားလုံးတွေကို ရာဂဏန်းလောက်ပဲရှိတဲ့ သဒ္ဒါစကားလုံးတွေနဲ့ ပုံစံအမျိုးမျိုးတွဲစပ်ပြီး ဝါကျတွေဖန်တီးနိုင်တာဟာ မှတ်သားစရာကောင်းတဲ့ အချက်ပဲကွဲ့"

"ဟုတ်ကဲ့၊ မှတ်သားထားပါ့မယ် ဘဘ။ ဒါထက် ဝေါဟာရစကားလုံးတွေကို ဝင်ပေါက်ဖွင့်ထားတဲ့ စကားလုံးမျိုးတွေလို့ တင်စားရင် သဒ္ဒါစကားလုံးတွေကို ဝင်ပေါက်ပိတ်ထားတဲ့ စကားလုံးတွေလို့ မတင်စားနိုင်ဘူးလား ဘဘ"

"ဟုတ်ပ့ါ။ တင်စားနိုင်တာပေါ့ သမီးရယ်။ ဘဘပြောဖို့ မေ့သွားလို့ပါ။ ဒါထက် သမီးမှတ်ထားဖို့ကောင်းတဲ့ အခေါ်အဝေါ်တွေ ပြောပြရဦးမယ်။ အခု စကားလုံးနှစ်မျိုးကို 'ဝေါဟာရစကားလုံး' နဲ့ သဒ္ဒါစကားလုံးလို့ခေါ်တယ်လို့ ဘဘပြောခဲ့တယ် မဟုတ်လား။ အင်္ဂလိပ်လိုဆိုရင်တော့ ဝေါဟာရစကားလုံးကို Lexical word သဒ္ဒါစကားလုံးကို grammatical word လို့ခေါ်တယ်ကွဲ့"

"ဟုတ်ကဲ့ပါ။ မှတ်ထားပါမယ်"

"အဲဒါ ဝေါဟာရစကားလုံးကို အနက်ပြစကားလုံး content word လို့လည်း ခေါ်တယ်။ အနက်အဓိပ္ပာယ် ထင်ထင်ရှားရှားရှိတဲ့ စကားလုံးတွေပေါ့။ အဲ... သဒ္ဒါစကားလုံးကိုတော့ အသုံးပြစကားလုံး function word လို့လည်း ခေါ်တယ်။ သဒ္ဒါသဘောအရ ဘယ်လိုသုံးတယ်ဆိုတဲ့ ဆက်သွယ်မှုကို ပြလို့ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီဝေါဟာရစကားလုံးတွေဟာ အဓိပ္ပာယ်အပြည့်ပါတဲ့အတွက် စကားလုံးပြည့် full word လို့လည်း ခေါ်တယ်။ သဒ္ဒါစကားလုံးကိုတော့ အဓိပ္ပာယ်မပါဘဲ ဗလာဖြစ်နေတဲ့ စကားလုံးမို့ ဗလာစကားလုံး empty word လို့လည်း ခေါ်တယ်"

"ဟုတ်ကဲ့ပါ"

"ပညာရှင်တွေ အခေါ်အဝေါ်ကွဲပုံကို ပြောပြတာပါ။ အခေါ်ကွဲပေမယ့် သဘောကတော့ အတူတူပါပဲ။ အဲဒီ သဘောတရားတွေကို အင်္ဂလိပ်လိုရေးထားတဲ့ စာအုပ်စာတမ်းတွေ သမီးလေ့လာမယ်ဆိုရင် ဝေါဟာရတွေ သိထားတာ ကောင်းတာပေါ့ကွယ်"

"ကျေးဇူးတင်ပါတယ် ဘဘ။ သမီး ဆက်လေ့လာပါ့မယ်"

"ကဲ... ဆက်ပြောစရာက အဲဒီလို ဝါကျတွေနဲ့ ပြောဆိုဆက်သွယ်တဲ့နေရာမှာ အရေးပါတဲ့လက္ခဏာ နှစ်ခုရှိတယ်ကွဲ့။ တစ်ခုက လေယူလေသိမ်းပဲ။ နောက်တစ်ခုက မျက်နှာနေ မျက်နှာထား လက်ခြေဟန်ပဲကွဲ့။ လေယူလေသိမ်း ဆိုတာက အသံအနိမ့်အမြင့်၊ အတိုး အကျယ်၊ အလေးအပေ့၊ အနှေးအမြန်ဆိုတဲ့ ပြောပုံဆိုပုံပေါ့။ မျက်နှာနေ မျက်နှာထားကနဲ့ လက်ဟန်ခြေဟန်က ပြုံးပြောတာ၊ မဲ့ပြောတာ၊ ခေါင်းကိုလှုပ်ယမ်းတာ၊ လက်ဟန်အမူအရာ လုပ်တာတွေပါတာပေါ့။ တစ်ယောက်နဲ့တစ်ယောက် စကားပြောရင် အဲဒီလက္ခဏာတွေပါမှ အသက်ဝင်တယ်။ ဆိုလိုတဲ့ အဓိပ္ပာယ် ပေါ်လွင်တယ်။ ဒါကြောင့် အရေးပါတာပေါ့။ ဆိုပါစို့။ ဈေးသွားတဲ့ အကြောင်းကို 'ငါဈေးသွားတာ' လို့ ပြောတဲ့အခါ 'ငါ' ကို အသံဖိပြီးပြောရင် ဈေးသွားတဲ့သူဟာ တခြားသူ မဟုတ်ဘူး။ ငါကိုယ်တိုင်ပဲလို့ အဓိပ္ပာယ်သက်ရောက်တာပေါ့"

"ဟုတ်ကဲ့ပါ"

"'ငါဈေးသွားတာ' လို့ပြောရာမှာ 'ဈေး' ကို အသံဖိပြီး ပြောရင်တော့ ငါဈေးကို သွားတာ တခြားနေရာသွားတာ မဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တာပေါ့။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"'ကောင်းတယ်၊ ကောင်းတယ်' ဆိုတဲ့စကားကို စာမေးပွဲမှာ ဂုဏ်ထူးနဲ့အောင်တဲ့ကလေးကို ပြောတဲ့လေသံနဲ့ ချော်လဲပြီး ငိုလာတဲ့ကလေးကို ပြောတဲ့ လေသံ မတူနိုင်ဘူးလေ။ ပထမပြောပုံက ချီးကျူးတဲ့လေသံ။ ဒုတိယပြောပုံက အပြစ်တင်တဲ့ လေသံ ဖြစ်မှာပေါ့။ အပြစ်တင်ချင်တဲ့အခါ 'မင်းတော်တော် တော်တယ်' လို့ လေသံ တစ်မျိုးနဲ့ ပြောနိုင်တာပဲလေ။ နားထောင်တဲ့သူက ချီးကျူးတာလား၊ အပြစ်တင်တာ လားဆိုတာ လေယူ လေသိမ်းကို နားထောင်ပြီး ခွဲခြားနိုင်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီလိုပဲ။ စကားတစ်ခွန်းကို ပြုံးပြီးပြောရင် အဓိပ္ပာယ်တစ်မျိုး၊ မဲ့ပြီး ပြောရင် အဓိပ္ပာယ်တစ်မျိုး၊ လက်ခါပြပြီးပြောရင် အဓိပ္ပာယ်တစ်မျိုး ထွက်နိုင်တာပဲလေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ အဲဒီအဓိပ္ပာယ်တွေဟာ ဘာသာစကားရဲ့ ဖွဲ့ထုံးစည်းကမ်းနဲ့အညီ ဖွဲ့ထားတဲ့ ဝါကျတစ်ခုတည်းမှာ အမျိုးမျိုးသက်ရောက်နိုင်တဲ့ အဓိပ္ပာယ်တွေ ဖြစ်နေတယ်လေ။ ဒီတော့ သဒ္ဒါအစိတ်အပိုင်းတစ်ခုအဖြစ် ဖွဲ့စည်းထားတဲ့ ဝါကျသဘောထက် ပိုတဲ့အဓိပ္ပာယ်တွေ သက်ရောက်နိုင်တာပေါ့။ စကားပြောတဲ့သူက အကောင်အထည်မရှိတဲ့ ဝါကျသဘောကို ပါးစပ်က အသံထွက်ပြီး ပြောလိုက်တဲ့အခါ အကောင်အထည်ရှိလာတယ်။ အကောင်အထည်ရှိတဲ့ စကားခွန်းတွေ ဖြစ်လာတယ်။ စိတ်ထဲက ဝါကျတစ်ခုကို လေယူလေသိမ်းအမျိုးမျိုးနဲ့ အဓိပ္ပာယ်တစ်မျိုးမက ထွက်အောင် ပြောနိုင်တယ်။ ဒါကြောင့် တချို့ပညာရှင်တွေက 'ဝါကျ' ဆိုတဲ့ အသုံးထက် 'စကားခွန်း' ဆိုတဲ့ အသုံးကို ပိုပြီး သုံးချင်ကြတယ်။ 'ဝါကျ' နဲ့ 'စကားခွန်း' ကို ခွဲသုံးကြတယ်။ အင်္ဂလိပ်လိုတော့ sentence နဲ့ utterance ပေါ့ကွယ်။ ဝါကျတစ်ခုကို စကားခွန်းတွေအဖြစ် အကြိမ်ကြိမ်အမျိုးမျိုး ပြောဆိုနိုင်တယ်လေ။ အဲဒီ စကားခွန်းတွေရဲ့ အဓိပ္ပာယ်ဟာ ဝါကျရဲ့ အရင်းခံအဓိပ္ပာယ်ရော တကယ်ပြောဆို သုံးနှုန်းတဲ့ လေယူလေသိမ်းတို့၊ မျက်နှာထားတို့၊ လက်ဟန်တို့ရဲ့အဓိပ္ပာယ်တွေပါ အကျုံးဝင်နေတယ်လို့ ဆိုရမှာပေါ့ကွယ်။ ကဲ... နားကြဦးစို့။

> **"'ကောင်းတယ်၊ ကောင်းတယ်' ဆိုတဲ့စကားကို စာမေးပွဲမှာ ဂုဏ်ထူးနဲ့အောင်တဲ့ကလေးကို ပြောတဲ့လေသံနဲ့ ချော်လဲပြီးငိုလာတဲ့ ကလေးကို ပြောတဲ့လေသံမတူနိုင်ဘူးလေ။ ပထမပြောပုံက ချီးကျူးတဲ့ လေသံ။ ဒုတိယပြောပုံက အပြစ်တင်တဲ့ လေသံဖြစ်မှာပေါ့။ အပြစ်တင်ချင်တဲ့အခါ 'မင်းတော်တော် တော်တယ်' လို့ လေသံ တစ်မျိုးနဲ့ ပြောနိုင်တာပဲလေ။ နားထောင်တဲ့သူက ချီးကျူး တာလား၊ အပြစ်တင်တာလားဆိုတာ လေယူလေသိမ်းကို နားထောင်ပြီး ခွဲခြားနိုင်တယ် မဟုတ်လား"**

# ပညာရေးဟာ နိုင်ငံရဲ့ အသက်ပဲလေ။ နိုင်ငံရဲ့ အသက်ဖြစ်တဲ့ ပညာရေးမှာ တစ်တပ်တစ်အားပါဝင်နေတဲ့ ဆရာတွေရဲ့ ကဏ္ဍဟာ အလွန်အရေးကြီးတယ်ဆိုတာကို မိဘတွေကိုလည်း အသိပေးစေချင်တယ်

ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးကိုလေးဝင်း

## ပညာရေးတွင် ဆရာမများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေး စကားဝိုင်း

**ပညာရေးတွင် ဆရာများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေး စကားဝိုင်းဆွေးနွေးပွဲကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းရိုက်ကူး ထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဒေါက်တာသန်းဦး၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်)ဦးကိုလေးဝင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်အောင်မင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာ ဝင်းအောင်နှင့် ဦးထွန်းလှ၊ ရန်ကုန်တိုင်းဒေသကြီး အ.လ.က(၉) အင်းစိန်၊ အလယ်တန်းကျောင်းအုပ် ဦးစိုးထွန်းထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး အ.ထ.က (၄) သဃ်န်းကျွန်းမှ အထက်တန်းပြ ဆရာ ဦးလင်းလင်းထိုက်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပဥ္စမနှစ်ကျောင်းသား မောင်အားမာန်ထက်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**




*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး ။ ။ အခုလက်ရှိ အမျိုးသားဆရာ ရှားပါးနေမှုကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို ဆရာကြီးကလည်း သုံးသပ် ပြောကြားပေးပါ။**

**ဦးထွန်းလှ** ။ ။ ကျွန်တော့်ရဲ့ အယူအဆကတော့ အမျိုးသားဆရာ ရှားပါးနေတဲ့ လုပ်ငန်းကို စီမံကိန်းထဲမှာ ထည့်လိုက်ချင်တယ်။ ကာလသတ်မှတ်ပြီးတော့မှ တဖြည်းဖြည်း ဒေသအလိုက် Plan ဆွဲပြီးတော့ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် ရေရှည်အတွက်ရည်မှန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုရင် အမျိုးသားဆရာရှားပါးတဲ့ ရည်မှန်းချက်ကို ပြည့်မြောက်သွားမယ်လို့ ယူဆပါတယ်။

**အစီအစဉ်မှူး ။ ။ ထပ်ပြီး ဖြည့်စွက်ပြောကြားလိုတာများရှိရင်လည်း ပြောပြပေးပါ။**

**ဒေါက်တာဝင်းအောင်** ။ ။ ကျွန်တော် အဓိကအနေနဲ့ သင်ကြားတဲ့ အလုပ်ကို အမျိုးသမီးများနဲ့ ပိုပြီးသင့်တော်တဲ့ အလုပ်လို့ အများကမြင်နေတဲ့အမြင်ကို ပြောင်းလဲအောင်လုပ်ဖို့ လိုမယ်လို့ ထင်ပါတယ်။ အဲဒီလို လုပ်နိုင်ဖို့အတွက်ဆိုရင်လည်း အဓိကထားပြီး ပြောချင်တာက ဆရာ ဆရာမတွေအနေနဲ့ ကိုယ့်ရဲ့ သင်ကြားရေးအလုပ်ဟာ တကယ်တတ်ကျွမ်းမှုကို အခြေခံတဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်။ အဲဒီလို တတ်ကျွမ်းမှုကို အခြေခံတဲ့ လုပ်ငန်းဖြစ်တာနဲ့အညီ ကိုယ်ကလည်းပဲ တတ်ကျွမ်းတဲ့ အတတ်ပညာရှင်တစ်ယောက်ဖြစ်ကြောင်းကိုလည်း ပြသနိုင်ဖို့ လိုမှာဖြစ်တယ်။ အဲဒါမှသာလျှင် လူတွေက ဒါကို အတတ်ပညာတစ်ရပ်အနေနဲ့ လေးလေးစားစား အသိအမှတ်ပြုလာလိမ့်မယ်လို့ ထင်ပါတယ်။ ဒါ့ကြောင့် ဒါလေးလည်း ပြောချင်တယ်။

### တစ်ထောင့်တစ်နေရာက အရေးပါ

ဒုတိယအနေနဲ့ကတော့ စောစောက ဆရာကြီး ဦးသန်းဦးလည်း ထပ်ခါထပ်ခါ ပြောပါတယ်။ အဲဒါဘာလဲဆိုတော့ အဲဒီလုပ်ငန်းခွင်ထဲကို ရောက်နေတဲ့ အမျိုးသားဆရာတွေအနေနဲ့လည်း စံနမူနာပြ အမျိုးသားတစ်ယောက်အနေနဲ့ ဒီပညာရေးလုပ်ငန်းတွေကို တကယ်နှစ်ပြီး လုပ်ကိုင်ဆောင်ရွက်တဲ့အခါ ကျန်တဲ့ ဆရာ ဆရာမတွေအတွက်ရော၊ ကျောင်းသား ကျောင်းသူတွေအတွက်ရော စံနမူနာပြအနေနဲ့ ရှေ့ကဦးဆောင်ပြီး လုပ်ပြနိုင်ဖို့ လိုမယ်လို့ထင်တယ်။ တတိယအနေနဲ့ ဆရာ၊ ဆရာမထုတစ်ရပ်လုံးက ကိုယ့်ရဲ့တပည့်သားမြေးတွေကိုရော၊ သူတို့ရဲ့မိဘတွေကိုရော ဆရာ ဆရာမ လုပ်ငန်းက တိုင်းပြည်အတွက် တကယ်လိုအပ်နေတဲ့ လုပ်ငန်းဖြစ်တယ်။ အမျိုးသားဆရာတွေရဲ့ အခန်းကဏ္ဍဟာ တစ်ထောင့်တစ်နေရာကနေ အရေးပါတဲ့အပိုင်းမှာ ရှိနေတယ်။ ဒါ့ကြောင့် အမျိုးသား အမျိုးသမီးဆရာ အချိုးအစားမျှတဖို့ဟာ ကျောင်းအဆင့်တိုင်းမှာ လိုအပ်နေတာဖြစ်တယ်။ ဒါကို စိတ်ပါဝင်စားလာအောင်၊ တကယ်လိုအပ်တဲ့ နယ်ပယ်တစ်ခုအဖြစ်နဲ့ သူတို့က အသိအမှတ်ပြုလာအောင် အဲဒီလိုမျိုးလေးလည်း စည်းရုံးတဲ့၊ ပညာပေးတဲ့ အလုပ်လေးတွေ လုပ်ပေးဖို့ လိုမယ်လို့ ထင်ပါတယ်။

**ဦးကိုလေးဝင်း** ။ ။ ရှေ့ပိုင်းမှာ ဆရာကြီး ဦးသန်းဦး၊ ဆရာကြီး ဦးဝင်းအောင်၊ ဆရာဦးထွန်းလှတို့လည်း သုံးသပ်ပြောကြားတာတွေ တော်တော်ပြည့်စုံနေပါပြီ။ ဒါပေမယ့် ကျွန်တော့်ဘက်ရှုထောင့်က ပြောရမယ်ဆိုရင် အဓိကကတော့ အမျိုးသားဆရာတွေ ရှားပါးနေတာ တကယ့်သူ့ရဲ့အခြေခံအကြောင်းအရင်းတွေ ရှိပါတယ်။ ကျွန်တော်ကတော့ ကျွန်တော့်ဘဝနဲ့ ရင်းပြီး ကျွန်တော် မူလတန်းဆရာဘဝကနေ စခဲ့တယ်။ အထူးသဖြင့်တော့ ဆရာကြီးခုနပြောခဲ့တဲ့ စေတနာ၊ ဝါသနာ၊ အနစ်နာပေါ့။ တကယ်တော့ ဘယ်လောက်ပဲ အခက်အခဲတွေ ကြုံပါစေ။ ဒါဟာ နိုင်ငံအတွက် အရေးကြီးတယ်။ ပြီးတော့ ဒီဆရာရဲ့ ဘဝကို မြတ်မြတ်နိုးနိုးနဲ့ ဝါသနာလည်းပါတယ်။ စေတနာလည်းရှိတယ်။ အနစ်နာလည်း ခံနိုင်တယ်ဆိုတဲ့ လူတွေဟာ ဒီဆရာဘဝထဲမှာ မြဲကို မြဲတယ်။

### စည်းရုံးဖို့လို

ကျွန်တော်အခု အသက် ၅၆ နှစ်ရှိပြီ။ ဆရာဘဝထဲမှာ ၁၄ နှစ် မြှုပ်ခဲ့တယ်။ ပြီးမှ Education Planner လို့ခေါ်တဲ့ ပညာရေးစီမံကိန်း ရေးဆွဲသူဘက်ကို ရောက်လာတယ်။ နံပါတ်တစ်ကတော့ ကျွန်တော်တို့ လူငယ်တွေရဲ့စိတ်ဓာတ်ပေါ့။ အထူးသဖြင့် ပညာရေးမှာ ပါဝင်ဆောင်ရွက်ဖို့အတွက် တို့အမျိုးသားလူငယ်မှာလည်း တာဝန်ရှိတယ်ဆိုတဲ့ စိတ်လေးပေါ်လာအောင် စည်းရုံးဖို့လိုတယ်။ လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းကို ကိုင်နေတဲ့ ဆရာတို့ အဆင့်မြင့်ပညာဦးစီးဌာနက ဒီကိုဝင်လာတဲ့ ကလေးတွေအကုန်လုံးဟာ အဲဒီက သင်တန်းပြီးလို့ ထွက်သွားရင် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာနဲ့ညီတဲ့ ဆရာကောင်း၊ ဆရာမွန်တွေ ဖြစ်သွားပြီဆိုရင် ဆရာလောကထဲကို ဝင်လာလို့ ကျွန်တော်တို့ရဲ့အခြေခံပညာဦးစီးဌာန လက်အောက်က ကျောင်းတွေမှာ အလုပ်လုပ်ပြီဆိုရင် ဒီလူတွေက ဒီအလုပ်က ထွက်သွားဖို့ဆိုတာ သိပ်စိုးရိမ်စရာမရှိဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့တက်ခဲ့တဲ့ ဆရာအတတ်သင်တန်းတွေတုန်းကလည်း အဲဒီက ဆင်းလာပြီးရင် စိတ်ဓာတ်ကို ပြောင်းသွားတယ်။ အစက ဆရာ မလုပ်ချင်ဘူး။ အလုပ်မရှိလို့ ဆရာလာလုပ်တယ်။ ဒါပေမယ့် အဲဒီသင်တန်းတက်ပြီးသွားရင် ဆရာဆိုတဲ့ဘဝကို တကယ်မြတ်နိုးပြီး တကယ့်ဆရာတွေဟာ နိုင်ငံ့အတွက် အရေးကြီးပါလားဆိုတဲ့ စိတ်ဓာတ်ရသွားပြီဆိုရင် သူအလုပ်က ထွက်ဖို့ တော်တော်ကြီး စဉ်းစားပါတယ်။ ခက်ခဲတယ်လို့ ကျွန်တော်မြင်တယ်။ ဒါကတော့ ဆရာ အတတ်ပညာကဏ္ဍက ဆောင်ရွက်ပေးဖို့ လိုအပ်တယ်လို့ ကျွန်တော်မြင်တဲ့ ကျွန်တော့်ရဲ့ သုံးသပ်ချက်ပါ။

### ရာထူးတိုးတဲ့စနစ်ကို ပြန်လည်သုံးသပ်

နောက်တစ်ခုက အလုပ်ခွင်ထဲ ရောက်သွားပြီဆိုရင် ဒီဆရာတွေကို ဘယ်လိုထိန်းမှာလဲ။ ဒါကတော့ အထူးသဖြင့် ကျွန်တော်တို့ အခြေခံပညာဦးစီးဌာနနဲ့ ဆိုင်တယ်။ ဆရာတွေအတွက် သူတို့ရဲ့ Career Pathway ပေါ့။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် သူတို့ရဲ့ ဘဝတက်လမ်း (Continuous Professional Development) သူတို့ရဲ့ ပရော်ဖက်ရှင်နယ်ဖြစ်ပြီဆိုရင် Professional Development က Livelong Learning နဲ့သွားဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးရပါမယ်။ ဒါမှ သူတို့က လုပ်ချင်ပါလိမ့်မယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့က လုပ်ဖို့ အရေးကြီးတယ်။ နောက်တစ်ခုက ဆရာတွေကို ရာထူးတိုးတဲ့ စနစ်ကိုလည်း ပြန်လည်သုံးသပ်ပြီး ဒါကိုပြင်ဖို့လည်း ကြိုးစားနေတယ်။ မကြာခင်လည်း ပြင်ဖို့အတွက် အဆင်ပြေနိုင်လိမ့်မယ်လို့ ဆရာကြီးလည်း ပြောပါတယ်။

### ပညာရေးဟာ နိုင်ငံရဲ့အသက်

နောက်ဆုံးတစ်ခုအနေနဲ့ ကျွန်တော်ပြောချင်တာက ဆရာကြီး ဦးဝင်းအောင် ပြောသွားတဲ့အထဲမှာ Marketing ပေါ့။ ကလေးတွေ၊ လူငယ်တွေကို ဆရာလုပ်ချင်လာအောင် ကျောင်းသားဘဝထဲက သွားပြီး ကျွန်တော်တို့ ဟောပြောတာတို့၊ ဆွဲဆောင်တာတို့ ဒါမျိုးလည်း လုပ်ဖို့ လိုအပ်သလို တစ်ဖက်က (Community) မိဘတွေ၊ အသိုင်းအဝိုင်းတွေက သူတို့ရဲ့ဆရာတွေအပေါ်မှာထားတဲ့ သဘောထားတွေပေါ့။ ခုန ညီလေးပြောသွားသလိုပဲ ဒီလောက်အမှတ်တွေကောင်းတယ်။ ကောင်းရဲ့သားနဲ့ ဘာလို့ ပညာရေးကောလိပ်လျှောက်ရတာလဲဆိုတာကို တချို့က နားမလည်ကြဘူး။ မခံစားတတ်ဘူးပေါ့နော်။ ဒါကြောင့် မိဘပြည်သူတွေဘက်ကလည်း ဆရာဟာ သိပ်အရေးကြီးတယ်။ ဆရာဆိုပေမယ့်လို့ ဆရာမရော၊ ဆရာရောကို ပြောတာပါ။ ပညာရေးဟာ နိုင်ငံရဲ့အသက်ပဲလေ။ နိုင်ငံရဲ့ အသက်ဖြစ်တဲ့ ပညာရေးမှာ တစ်တပ်တစ်အားပါဝင်နေတဲ့ ဆရာတွေရဲ့ကဏ္ဍဟာ အလွန်အရေးကြီးတယ်ဆိုတာကို မိဘတွေကိုလည်း အသိပေးစေချင်တယ်။ တစ်ဖက်ကတော့ မီဒီယာတွေကနေ ဆရာ ဆရာမတွေဟာ နိုင်ငံအတွက် သိပ်အရေးကြီးတယ်ဆိုတာ ပြည်သူတွေကို သတင်းအချက်အလက်ပေးတဲ့ အစီအစဉ်တွေကိုလည်း မကြာမကြာ ထုတ်လွှင့်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။

**ဒေါက်တာအောင်အောင်မင်း** ။ ။ ပထမဆုံး ပြောချင်တာက ကျွန်တော်တို့နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံလို့ပဲ ပြောရမှာပဲ။ သမီးလေးဆိုရင် ဆရာမတော့ မှန်းတာပဲ။ သားဆိုရင် ဆရာဝန်ပဲလုပ်လုပ်၊ အင်ဂျင်နီယာပဲလုပ်လုပ်၊ စစ်ဗိုလ်ပဲ လုပ်လုပ်ပေါ့။ သမီးလေးဆိုရင်တော့ ဆရာမဆိုပြီး အဲဒီဟာတွေကလည်း စမယ်လို့ထင်တယ်။ မိဘတွေက သားယောကျ်ားလေး ဆရာလုပ်မယ်ဆိုရင်ကို ဆွေမျိုးတွေက "ဟင်၊ ဟာ" တွေ ဖြစ်ကုန်ကြတာ။ သူ့နေရာမှာသာ သမီးဆိုရင် ဘယ်သူမှ ကန့်ကွက်မယ်မထင်ဘူး။ ဒါဟာ ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုနဲ့ ဆိုင်တယ်။ နောက်ပြီး ကျွန်တော့်ပညာရေးကောလိပ်က ဒီအစိုးရသစ် တက်လာပြီးတော့မှ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ကို ထည့်တာ။

*စာမျက်နှာ ၂၁ သို့*

**"လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းကို ကိုင်နေတဲ့ ဆရာတို့ အဆင့်မြင့်ပညာဦးစီးဌာနက ဒီကိုဝင်လာတဲ့ ကလေးတွေအကုန်လုံးဟာ အဲဒီက သင်တန်းပြီးလို့ ထွက်သွားရင် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာနဲ့ညီတဲ့ ဆရာကောင်း၊ ဆရာမွန်တွေ ဖြစ်သွားပြီဆိုရင် ဆရာလောကထဲကို ဝင်လာလို့ ကျွန်တော်တို့ရဲ့အခြေခံပညာဦးစီးဌာနလက်အောက်က ကျောင်းတွေမှာ အလုပ်လုပ်ပြီဆိုရင် ဒီလူတွေက ဒီအလုပ်က ထွက်သွားဖို့ဆိုတာ သိပ်စိုးရိမ်စရာမရှိဘူး"**

# ပုဂံရှေးဟောင်းဇုန်သည် နိုင်ငံစုံမှလာရောက်လည်ပတ်သည့် ခရီးသွားများ အလွန်စိတ်ဝင်စားသည့်နေရာဖြစ်လာ

**ညောင်ဦး ဇန်နဝါရီ ၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် ရှေးဟောင်းစေတီပုထိုး၊ ဘုရားကျောင်းကန်၊ သာသနိကအဆောက်အအုံများစွာရှိပြီး ပုဂံဒေသတစ်ဝိုက် ၁၉ စတုရန်းမိုင်အတွင်းတွင် ရှေးဟောင်းစေတီပုထိုး အဆောက်အအုံကြီးငယ်ပေါင်း ၂၂၀၀ ကျော် ကျန်ရှိနေသေးကြောင်း၊ အုတ်ကုန်းများပါဆိုလျှင် ၃၀၀၀ ကျော် ကျန်ရှိနေသေးကြောင်းနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ရောက်လာကြသည့် ပြည်ပခရီးသွားများသည် ပုဂံဒေသ၏ တစ်ဆူနှင့်တစ်ဆူ မတူညီသည့်စေတီပုထိုးများ၏ ပုံသဏ္ဌာန်ကို အသေးစိတ်လေ့လာရေးမှတ်ကြကြောင်း စာရေးဆရာ မင်းဘူး အောင်ကြိုင်က ပြောသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် မတူညီသည့် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများကြောင့် တစ်နေ့ထက်တစ်နေ့ ပြည်တွင်း ပြည်ပ ခရီးသွားဘုရားဖူးများ များပြားလာနေပြီး အလွန်ရှေးကျကာ ရှေးမြန်မာတို့၏ အံ့မခန်းလက်ရာအမျိုးမျိုးကို ပုဂံရှေးဟောင်းဇုန်သို့ ရောက်ရှိလာသည့် မည်သူမဆို မအံ့သြဘဲမနေနိုင်အောင်ဖြစ်ကြကြောင်း ငကျွဲနားငှောင်းဘုရားတွင် အလွန်ရှေးကျသော စဥ့်အစိမ်းရောင်ပါရှိသည့် စဥ့်စိမ်းရောင်အုတ်များ ကြည့်ရှုလေ့လာနိုင်ပြီး အလိုတော်ပြည့်ဘုရားတွင် ရှေးဟောင်းမင်စာများ၊ နံရံဆေးရေးပန်းချီများ၊ ဖက်လိပ်ဘုရားတွင် ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်များ၊ အုတ်ခွက်ထွင်းထုထားပုံများလေ့လာနိုင်ကာ ငကျွဲနားငှောင်းဘုရားနှင့် သဗ္ဗညုဘုရားကြားတွင် နတ်လှျောင်းကျောင်း (ဟိန္ဒူဘုရားကျောင်း) ရှိပြီး နတ်လှျောင်းကျောင်းအတွင်းမှတွေ့ရသော သီဝနတ်ရုပ်ကို စိတ်ဝင်စားစွာလေ့လာကြပြီး ရေးထိုးထားသည့်ကမ္ပည်းကို စိတ်ဝင်တစားဖတ်မှတ်နေကြသည်မှာ ပုဂံကိုစိတ်ဝင်စား၍ မှတ်သားခြင်းဖြစ်ပေသည်။



ခေမင်္ဂဘုရားဝင်းနားတွင် စေတီပုထိုး အဆူ ၂၀ ကျော် ကပ်လျက်အနေအထားများဖြင့် တည်ရှိနေသော်လည်း စေတီပုထိုး တစ်ဆူနှင့်တစ်ဆူ မတူညီဘဲ နိုင်ငံခြားသား/သူများ အလာများသောဘုရားဝင်းဖြစ်နေသည်။ ဘုရားအမှတ် ၁၄၄၅ ဘုရားသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် အဝတ်ပန်းချီရှိသော တစ်ဆူတည်းသောဘုရားဖြစ်ပြီး သက်ဆိုင်ရာမှ သော့ပိတ်ထားသည်ဟုသိရကာ လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားများမှ ထိုအဝတ်ပန်းချီရှိသော ဘုရားအား အစောင့်အရှောက်ထားကာ လာရောက်လေ့လာသူများကို လေ့လာခွင့်ပြုသင့်ကြောင်း ဧည့်လမ်းညွှန် ဦးသက်ခိုင်က ပြောပြသည်။

ဘုရားအမှတ် ၁၈၅၂ မှာလည်း သော့အမြဲတမ်းပိတ်ထားခြင်း၊ ဘုရားလိုဏ်ဂူထဲရှိ ရှေးနံရံဆေးရေးပန်းချီများ၊ ရှေးဟောင်းဗိသုကာလက်ရာများ ပုဂံဒေသ လာရောက်လေ့လာ လည်ပတ်သည့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များကို ဘုရားသော့အမြဲမပိတ်ဘဲ လေ့လာခွင့်ပြုသင့်ကြောင်း ကျောက်ပန်းတောင်းမြို့မှ ပုဂံသို့ လာရောက်ဘုရားဖူးလေ့ရှိသည့် မသင်းလဲ့ရည်က ပြောသည်။

ပုဂံဒေသတွင် ယခုရက်ပိုင်း ဘုရားဖူး၊ လေ့လာရေး လာရောက်လည်ပတ်သည့် ပြည်ပခရီးသွား အလွန်များပြားလာရာ တရုတ်နိုင်ငံမှ အများဆုံးလာရောက်နေပြီး ကိုရီးယား၊ ဂျပန်၊ မက္ကဆီကို၊ ဂျာမနီ၊ ပြင်သစ်များ အများဆုံးလာရောက်နေပြီး ဒီဇင်ဘာလ တတိယပတ်မှစကာ ပြည်ပခရီးသွား ပြန်လည်ဝင်ရောက်မှု များပြားလာကြောင်း ဧည့်လမ်းညွှန်များထံက သိရပြီး တိုးတက်လာသည့် ပြည်တွင်း ပြည်ပ ခရီးသွားများကို ဆက်လက်တိုးတက်အောင် ထိန်းသိမ်းကာ သက်ဆိုင်ရာတာဝန်ရှိသူများမှလည်း ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များ ဖြေလျှော့သင့်သည်ကို ဖြေလျှော့ ထိန်းသိမ်းကြပ်မတ်သင့်သည်ကို ကြပ်မတ်ကာ မြန်မာနိုင်ငံ ခရီးသွားကဏ္ဍဆက်လက်တိုးတက်စေရေး ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဧည့်လမ်းညွှန်က ပြောသည်။

**မောင်မောင်ထိန်-ကျောက်ပန်းတောင်း**

# အောင်မြေသာစံမြို့နယ်၌ ဒီဇင်ဘာလူထုအားကစားလ မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၄**

၂၀၁၈ ခုနှစ် မန္တလေးခရိုင် အောင်မြေသာစံမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ဒီဇင်ဘာအားကစားလ ရပ်ကွက်ပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲ



နှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာလနောက်ဆုံးပတ်က အောင်မြေမန္တလေးအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ (၆၁-၆၅) ကီလိုတန်းပြိုင်ပွဲတွင် အောင်သက်ဖြိုးက ပထမ၊ သန့်စင်ဝင်းက ဒုတိယနှင့် ဇော်ထွန်းဦးက တတိယရရှိကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က ဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ သက်ကြီးတန်း (၅၇-၆၁) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ မောင်ဝေယံ၊ ဒုတိယဆုရ ဖြိုးမင်းပိုင်နှင့် တတိယဆုရ အောင်ဇော်မိုး၊ (၄၀-၄၃)ကီလိုတန်းပြိုင်ပွဲတွင် ပြည့်ဖြိုးအောင်က ပထမ၊ ညီရဲထက်က ဒုတိယနှင့် ပိုင်သူကိုက တတိယရရှိကြရာ မြန်မာ့သိုင်းဆပ်ကော်မတီနာယက ဦးတင်ဖေနှင့် ဥက္ကဋ္ဌ ဦးမောင်မောင်ကိုတို့က ဆုတံဆိပ်နှင့် ဆုငွေများ၊ ဆုဖလားများ ပေးအပ်ချီးမြှင့်ကြပြီး (၄၄-၄၇) ကီလိုတန်းပြိုင်ပွဲတွင် ကောင်းသန်းမင်းက ပထမ၊ စိုင်းလီးခမ်းက ဒုတိယနှင့် လင်းလက်ခိုင်က တတိယ၊ အထူးပွဲ ပြိုင်ပွဲတွင် ပထမဆုရ သီဟညွန့်၊ ပိုင်ဇင်ကျော်နှင့် ဂျူးဂျူးမောင်၊ ဒုတိယဆုရ သီရိကျော်နှင့် ဇူးဇူးစံတို့ကို မြို့နယ်အားကစားအရာရှိ ဒေါ်စန်းစန်းအေးက ဆုတံဆိပ်ရ ပထမဆုဖလားနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ဗန်းမောက်မြို့နယ်အတွင်း နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်နိုင်ရန် ဖြေလျှော့ဆောင်ရွက်ပေးသွားမည်

**မုံရွာ ဇန်နဝါရီ ၄**

နိုင်ငံခြားသားခရီးသွားများ ဝင်ရောက်ခွင့်မရရှိသည့် ကန့်သတ်နယ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်းသို့ ယခုအခါတွင် နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်နိုင်ရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

ဗန်းမောက်မြို့နယ်မှ နိုင်ငံခြားသားခရီးသွားများ ဝင်ရောက်ခွင့်မရရှိသည့် ကန့်သတ်နယ်မြေဖြစ်သော်လည်း ဝင်ရောက်လိုသည့် နိုင်ငံခြားသားခရီးသွားများ အနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ကြိုတင်ခွင့်ပြုချက်ရယူပြီး ဝင်ရောက်၍ ရရှိကြောင်း၊ ယခုအခါတွင် နိုင်ငံခြားသားခရီးသွားများ ဗန်းမောက်မြို့နယ်အတွင်း လွတ်လပ်စွာ သွားလာလည်ပတ်နိုင်ရန် ဖြေလျှော့ဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ဗန်းမောက်မြို့နယ်ကို ပြည်ပခရီးသွား ဝင်ရောက်ခွင့် မရဘူးဆိုတာက လုံခြုံရေးအရ ကန့်သတ်ထားတဲ့ သဘောတရားပါ။ နိုင်ငံခြားသားဝင်ခွင့်နဲ့ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရကနေမှ ကျွန်တော်တို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကို တင်ပြထားပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကလည်း ဗန်းမောက်မြို့နယ်ကို နောက်ပိုင်းမှာ ဖြေလျှော့ပြီးတော့မှ ပြည်ပခရီးသွား ဝင်ရောက်လို့ရမယ့် အနေအထား ဖြစ်တော့မှာပါ။ သိပ်မကြာဘူးလို့ ထင်ပါတယ်။ ပြီးခဲ့တဲ့လကနေစပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အဲဒီကိစ္စတွေကို ဆောင်ရွက်နေပါပြီ" ဟု တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံခြားသားခရီးသွားများ ဝင်ရောက်ခွင့်မရရှိသည့် ကန့်သတ်နယ်မြေများမှာ ကသာ၊ ဗန်းမောက်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့တို့ဖြစ်ပြီး အဆိုပါဒေသများသို့ ဝင်ရောက်လိုသည့် နိုင်ငံခြားသား ခရီးသွားများအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ကြိုတင်ခွင့်ပြုချက်ရယူပြီး ဝင်ရောက်၍ ရရှိကြောင်းနှင့် ကသာမြို့နယ်မှာမူ နိုင်ငံခြားသား ခရီးသွားများအနေဖြင့် မြို့ပေါ်ထိသာ သွားရောက်လည်ပတ်၍ ရရှိကြောင်း သိရသည်။ **ကိုမင်း (အင်းတော်)**

# ကျောက်ဘီလူးကျေးရွာနှင့် တောင်စွန်းကျေးရွာချင်းဆက် ဝင်ရော်ချောင်းကူးကြိုးတံတားဖွင့်

**ဘုရားသုံးဆူ ဇန်နဝါရီ ၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ ကျောက်ဘီလူးကျေးရွာနှင့် တောင်စွန်းကျေးရွာချင်းဆက် အရှည် ၂၂၉ ပေ၊ အကျယ် ၅ ပေ၊ အမြင့် ၃၁ ပေရှိ သံမဏိကြိုးတံတား (ပျဉ်ခင်းကြိုးဆိုင်း)ကို ယနေ့နံနက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ ဆင်ပြေးဘုန်းတော်ကြီးကျောင်း ဆရာတော်ဘဒ္ဒန္တ ဝါရသာမိ၊ ကျောက်ဘီလူး ဘုန်းတော်ကြီးကျောင်း ဆရာတော်ဘဒ္ဒန္တက္ကန္ဒဝံသ၊ ဝဲခမိ ဘုန်းတော်ကြီးကျောင်း ဆရာတော်ဘဒ္ဒန္တစိတ္တရ၊ ကြာအင်းဆိပ်ကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောယှား ဖောင်အွာ၊ ဘုရားသုံးဆူမြို့အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသော တာဝန်ရှိသူများက ကြိုးတံတားကို ဖွင့်လှစ်ခြင်း၊ ကမ္ပည်းမော်ကွန်းများအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကာ တံတားကို လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ တံတားကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် အပြီးသတ်တည်ဆောက်ပြီးစီးခဲ့သည်။ ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သိန်း ၁၁၀၀ ခန့်ရှိပြီး အလှူရှင်များမှာ သံထည်ပစ္စည်းများ ငွေကျပ်သိန်းတစ်ထောင်ဖိုးနှင့် နည်းပညာအလှူရှင် (Green City Co.,Ltd) (ရန်ကုန်တိုင်း အင်းစိန်မြို့နယ်အခြေပြု)နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် ၂၅သိန်း၊ ဆရာတော်များနှင့် ကျေးရွာအလှူရှင်များက ငွေကျပ် ၂၃ သိန်း ၃ သောင်းနှင့် လုပ်အားခများကို ကျေးရွာမှအကုန်အကျခံကာ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **အောင်သူဟိန်း(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

ပညာရေးကောလိပ်က ဒီပလိုမာပေးတယ်။ နှစ်နှစ်ပဲ တက်ရတယ်။ အဲဒီအတွက် ကျွန်တော့်ကျောင်းက ဆင်းသွားရင် သူက မူလတန်းပြလုပ်ရမှာ။ အလယ်တန်းပြဖြစ်ဖို့အတွက် အဝေးသင်မှာ ဘွဲ့တစ်ခုယူရတယ်။ အထက်တန်းပြဖြစ်ဖို့အတွက် B.Ed မှာ ဘွဲ့တစ်ခုထပ်ယူရတယ်။ အဲဒါကြောင့် ကျွန်တော့်ကျောင်းကို တက်ချင်တဲ့သူနည်းတယ်။ ဆွဲဆောင်မှုက နည်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနှစ်နှစ်နဲ့ ပွဲကမပြီးဘူး။

ပညာရေးတက္ကသိုလ်က ပွဲပြီးတယ်။ ငါးနှစ်တက်တယ်။ B.Ed ဘွဲ့ရတယ်။ အထက်တန်းပြဖြစ်မယ်။ ကျွန်တော့်အဆင့်က မပြီးဘူး။ အဲဒါကြောင့်မို့လည်း ပါမယ်။ အဲဒါကြောင့် လာမယ့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကစပြီး ကျွန်တော့်ပညာရေးကောလိပ်တွေကို လေးနှစ်သင် ဒီဂရီကောလိပ်မြှင့်မယ်။ မြှင့်ပြီးရင် ဘွဲ့ပေးမယ်။ ဘွဲ့ပေးရင်သူဘယ်မှ သွားစရာမလိုတော့ဘူး။ ပညာရေးတက္ကသိုလ်လည်း သွားစရာမလိုတော့ဘူး။ အဝေးသင်တက္ကသိုလ်လည်း သွားစရာ မလိုတော့ဘူး။ ကျွန်တော်တို့ ကျောင်းနဲ့တင်ပဲ အားလုံး လေးနှစ်နဲ့ ပြီးသွားမယ်။ ကျွန်တော်တို့ အခုပေါ်လစီအရ ဆုံးဖြတ်ဖို့တော့ တင်ထားပြီ။ တစ်ခါတည်း ကျွန်တော်က မူလတန်းပြအထူးပြုနဲ့ အလယ်တန်းပြအထူးပြုဆိုပြီး ခွဲထားမယ်။ မူလတန်းပြအထူးပြုက လေးနှစ်သင်ပြီးလို့ ကျောင်းဆင်းရင် စိတ်ရှိလို့ကတော့ မူလတန်းပြ တစ်သက်လုံး လုပ်မယ်။ အဲဒါကြောင့် ခုန ဆရာကြီး ဦးသန်းဦး ပြောတဲ့ ရာထူးတိုးစနစ် (Promotion System) က လာတော့မှာ။ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိသုံးနေတဲ့စနစ်က မူလတန်းပြက ရာထူးတိုးရင် အလယ်တန်းပြ၊ အလယ်တန်းပြက ရာထူးတိုးရင် အထက်တန်းပြမဟုတ်ဘူး။ အခု မူလတန်းပြ အတွင်းမှာပဲ တိုးတယ်။ မူလတန်းပြ လစာတိုးမယ်။ သူ့လစာက အထက်တန်းပြနဲ့ အတူတူဖြစ်မယ်။ အဲဒါမျိုးပြင်ဖို့ပေါ့။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနတစ်ခုတည်းနဲ့ မရတော့ဘူး။ တခြားဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းရမယ်။

**အကောင်းလား အဆိုးလား ပေါ်လာမယ်**

နောက်တစ်ချက် ပြောချင်တာက ကျွန်တော်တို့ပညာရေးကောလိပ်ကို ဆရာကြီး ဒေါက်တာဝင်းအောင် ပြောသလို ဆွဲဆောင်ရမှာပေါ့။ နောက်တစ်ခုကတော့ ဆရာကြီး ဒေါက်တာဝင်းအောင် ပြောသွားတဲ့ ဆရာမတွေ စာသင်ကြားတာနဲ့ ပတ်သက်လို့ သုတေသနတွေ လုပ်ကြည့်ဖို့ လိုမယ်ထင်တယ်။ အခြေခံပညာမှာ မူလတန်းကျောင်း ဘယ်နှကျောင်းမှာ ဆရာတစ်ယောက်မှမရှိဘဲ ဆရာမတွေချည်း ရှိနေသလဲ၊ အလယ်တန်းကျောင်းရော အဲဒီလို ဘယ်နှကျောင်းရှိနေလဲ။ အဲဒီကျောင်းက ထွက်တဲ့ကလေးနဲ့ ဆရာရော၊ ဆရာမရော ဆတူပဲရှိရှိ အချိုးအစားတစ်ခုပဲရှိရှိ အဲဒီလိုကျောင်းက ထွက်တဲ့ကလေးနဲ့ ဘယ်လိုနေရာတွေမှာ သွားကွာခြားနေသလဲဆိုတာ သေသေချာချာ သုတေသနလုပ်နိုင်ရင်တော့ အခု ကျွန်တော်တို့ ကြုံတွေ့နေရတာ အကောင်းလား၊ အဆိုးလား ဆိုတာ ပေါ်လာမယ်။

**ဆရာစိတ်ရှိသူ ရွေးပေးပါ**

အခု ဆရာမ များနေတာ ကောင်းသလား၊ ဆိုးသလားဆိုတာ ဆရာတို့ကတော့ ဆွေးနွေးပါပြီ။ တကယ်လက်တွေ့မှာ လုပ်နေရတဲ့ ဆရာတွေနဲ့ သင့်တော်တဲ့ လုပ်ငန်းတွေမှာ သူတို့ အခက်အခဲတွေ့နေပြီဆိုတာ ဆရာတွေကတော့ ပြောပါပြီ။ ဒါပေမယ့် တကယ်ဖြစ်နိုင်ဖို့ကတော့ သုတေသနတစ်ခုလုပ်ရမယ်။ ဆရာမတွေချည်းပဲ ရှိတဲ့ကျောင်းက မွေးထုတ်လိုက်တဲ့ ကလေးတွေနဲ့ ဆရာနဲ့ ဆရာမရောနေတဲ့ကျောင်းက မွေးထုတ်လိုက်တဲ့ ကလေးတွေနဲ့ နောင်တစ်နေ့မှာ ဘာတွေကွာသွားမလဲ၊ အခုရော ကလေးတွေရဲ့အခြေအနေက ဘယ်လိုရှိသလဲ။ အဲဒါမျိုးလေးလည်း သုတေသနလုပ်ပြီး ထပ်လုပ်မယ်။ နောက်တစ်ခုက ဆရာကြီးတို့ ပြောသွားတဲ့အတိုင်းပါပဲ၊ အခြေခံပညာ နီးနှောဖလှယ်ပွဲမှာ ဒီဟာနဲ့ပတ်သက်တဲ့ စာတမ်းတစ်စောင် ဖတ်ပါတယ်။ ဆရာအများစုက ဆွေးနွေးသွားတာတော့ ဘာမှမကြည့်ပါနဲ့တဲ့။ ဆရာစိတ်ရှိတဲ့သူကို ရအောင်ရွေးပေးပါတဲ့။ ကျွန်တော်တို့က အဓိကက အခုအမှတ်နဲ့ နေထိုင်ရာမြို့နယ်နဲ့ အဓိကထားရွေးနေတာ။ ဒါပေမယ့် အဲဒီ ဆရာတွေက တောင်းဆိုသွားတာတော့ ဆရာစိတ်ရှိတဲ့သူကိုသာ ရွေးပါတဲ့။ ကျန်တာတွေ သူတို့ မလိုချင်ပါဘူးတဲ့။ ဆရာစိတ်ရှိရင် သူတို့ အခြေခံပညာကို ရောက်လာရင် အားလုံးအဆင်ပြေသွားမှာပါတဲ့။ အဲလိုလေး ဆရာအများစုက ကျွန်တော့်ကို ဆွေးနွေးလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

**နန္ဒာဝင်း၊ ဝင်းဝင်းမော်**

**ဓာတ်ပုံ- ဝင်းဝင်း**


SHWE TAUNG
Real Estate
2019
ပျော်ရွှင်ဖွယ်ရာ နှစ်သစ်ကူးအထူးအစီအစဉ်
8%
ရင်းနှီးမြုပ်နှံမှုတိုင်းအတွက်
အာမခံဝင်ငွေရရှိနိုင်မည့်
အခွင့်အရေး
အဆင်သင့်နေထိုင်အသုံးပြုနိုင်သော
အဆင့်မြင့်ကွန်ဒိုမီနီယံများ နှင့် ရုံးခန်းများ
HOTLINES:
09-255111888 / 01-9253379
CRYSTAL TOWER + CRYSTAL RESIDENCES + HILLTOP VISTA + TWIN CENTRO + MALIKHA
Fully Furnished & Fitted Apartments + Fitted Office Units + Ready Tenants Available + While Stocks Last
Conditions Apply: Free Legal Fees + Free Furniture + Free Shopping Vouchers + Commission to Registered Agents

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုထီ ကံစမ်းသူ မိဘပြည်သူများအား လစဉ် ထီတိုက်ကြရန် နှိုးဆော်ခြင်း

* ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူခြင်းမရှိသော အောင်ဘာလေဆုမဲများကို ပြည်သူ့ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း လစဉ် လဆန်း(၁)ရက်နေ့တိုင်း နိုင်ငံပိုင်သတင်းစာများတွင် ကြေညာ၍ အသိပေးလျက်ရှိပါသည်။

* သို့ရာတွင် လာရောက်ထုတ်ယူခြင်းမရှိသော ထီဆုမဲများမှာ လစဉ်ကျန်ရှိနေ၍ ပြည်သူ့ဘဏ္ဍာငွေအဖြစ် သိမ်းယူနေရပါသည်။

* သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ရောင်းချသော အောင်ဘာလေထီလက်မှတ်များကို ဝယ်ယူကံစမ်းကြသူ မိဘပြည်သူများအနေဖြင့် မိမိတို့၏ ထီလက်မှတ်များကို ထီပေါက်စဉ်နှင့်တိုက်ကြည့်ပြီး ထီပေါက်ခြင်းရှိ/မရှိ ကိုယ်တိုင်စစ်ဆေးပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

* ထီပေါက်စဉ်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www. irdmyanmar.gov.mm တွင်လည်းကောင်း၊ နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

### ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်(၅)လမ်း၊ (၅)ရပ်ကွက်၊ အမှတ်(၁၀၁)ရှိ ဒေါ်နန္ဒာထွန်း (ဘ) ဦးထွန်းအေး ၉/ပမန(နိုင်)၁၉၄၆၅၃မှ အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အား တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၁၄၁၄၀)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

LIMIN

အထက်ပါ Limin ကုန်အမှတ်တံဆိပ်အမှတ်အသားကိုအသုံးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း စိုက်ပျိုးရေးသုံးဓါတ်မြေဩဇာအမျိုးမျိုး၊ အပင်အားဆေးနှင့် ရွက်ဖျန်းမြေဩဇာအမျိုးမျိုး၊ စိုက်ပျိုးရေးသုံးပိုးသတ်ဆေးအမျိုးမျိုးတို့ကို ပြည်ပနိုင်ငံမှတင်သွင်း၍ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ ၎င်းအမှတ်တံဆိပ်အမည် အမှတ်အသားကို ထည့်သွင်းထုတ်ပိုးမည့်ပစ္စည်းများဖြစ်သည့် ပလပ်စတစ်ဘူး၊ ပလပ်စတစ်အိတ် စသည်များအပြင် စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်ကြော်ငြာအမျိုးမျိုး၊ ငွေရပြေစာဖြတ်ပိုင်း၊ Internet Website စသည့် ခေတ်နှင့်အညီပေါ်ပေါက်လာသည့် နည်းပညာများတွင် လည်း အသုံးပြုသွားပါမည်။

Limin ကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူရိုးမှား၊ထင်ယောင်ထင်မှားဖြစ်စေရန်သော်လည်းကောင်း တုပသုံးစွဲခြင်း မပြုကြရန်နှင့် အကယ်၍တုပသုံးစွဲပါက ပြုလုပ်သူမည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ဒေါ်နန္ဒာထွန်း
၉/ပမန(နိုင်)၁၉၄၆၅၃
ဖုန်း- ၀၉ ၄၀၃၇၂၃၈၅၄


**အောင်ပြည့်စုံ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763


### ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်းအတွက် ကြေညာခြင်း

Close Friend Co.,Ltd မှ ဖြန့်ဖြူးသူအဖြစ် မှတ်ပုံတင်ထားသော SHANDONG ZHONGXIN KENONG BIOLOGICAL TECHNOLOGICAL CO.,LTD ၏ အောက်ဖော်ပြပါ ပိုးသတ်ဆေး(၁)မျိုးအား Friends' Helper Co.,Ltd သို့ လွှဲပြောင်းဖြန့်ဖြူးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက သီးနှံကာကွယ်ရေးဌာနခွဲသို့ (၁၄)ရက်အတွင်း ဆက်သွယ်အကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်။

| စဉ် | ပိုးသတ်ဆေး ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင် အမှတ် |
|---|---|---|---|---|
| (၁) | Prodigy 50 WDG | Pymetrozine 50% WDG | Experimental Reg: | E2018 -4363 |

**Close Friend Co.,Ltd ဖုန်း-၀၉-၉၇၀၄၁၂၇၂၃**

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၅၀၆၄၉ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းယုခိုင် ၈/ဆမန(နိုင်)၀၅၀၀၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာထည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

### ကန့်ကွက်နိုင်ပါကြောင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့၊ အမှတ် ၂ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/ဂုဏ်တန်ရပ်၊ ဦးပိုင်အမှတ် ၅၆၊ မြေဧရိယာ ၀ ဒသမ ၀၅၈ ဧကရှိ ဦးထွန်းဝေ (သမီး)မသန်းသန်းအေး အမည်ပေါက် နှစ် ၃၀မြေငှားစာချုပ်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ၁၄/ ၂၀၁၈ဖြင့် အမွေဆက်ခံခွင့်ရသူ ဒေါ်ကြည် (ဘ)ဦးပုတု ၉/လဝန(နိုင်)၁၃၃၇၅၂ မှ သမီး ဒေါ်သန်းသန်းအေးနှင့် ပေးကမ်းစာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)
### (၁၅)ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့အတွက်
### ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အကြိုလေ့ကျင့်ခြင်း - ၉-၂-၂၀၁၉ ရက် (စနေနေ့) နံနက် ၉ နာရီ
ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၁၀-၂-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ

၂။ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)တွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင်ထုတ်ပြန်ခဲ့သော အင်ဂျင်နီယာဘွဲ့အတွက် စာမေးပွဲအောင်မြင်ပြီးသူများသည် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။
(က) တက်ရောက်ဘွဲ့ B.E ဘွဲ့အတွက် ၁၅၀၀ိ/ (ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) အဝေးရောက်ဘွဲ့ B.E ဘွဲ့အတွက် ၁၀၀၀ိ/ (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)ရောင်စုံဓာတ်ပုံ(၅)ပုံ (အောက်တွင် မှတ်ပုံတင်နံပါတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့)မှစ၍ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)ရှိ ကျောင်းသားရေးရာဌာနတွင် ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၄-၁-၂၀၁၉(ကြာသပတေးနေ့) နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသားဝတ်စုံ)တို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ အဆိုပါ အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၇။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** ။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)ရှိ ကျောင်းသားရေးရာဌာန ဖုန်း-၀၉-၇၉၃၅၈၀၉၂၇ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကျောင်းသားရေးရာ**
**နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### နည်းပညာတက္ကသိုလ်(ကလေး)
### (၁၅)ကြိမ်မြောက် B.E ဘွဲ့အတွက်
### ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(ကလေး)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဤနည်းပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အစမ်းလေ့ကျင့်ခြင်း** - ၉-၂-၂၀၁၉ ရက် (စနေနေ့) နံနက် ၈:၃၀ နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၁၀-၂-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈:၃၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ နည်းပညာတက္ကသိုလ်(ကလေး)၏ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင်ထုတ်ပြန်ခဲ့သော B.E ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ တက်ရောက်ဘွဲ့လျှောက်ထားနိုင်ပြီး အခြားသောပညာသင်နှစ်များတွင် ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများအနေဖြင့် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်သည်။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။
(က) တက်ရောက်ဘွဲ့ - B.E ဘွဲ့အတွက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။
(ခ) အဝေးရောက်ဘွဲ့ - B.E/B.Tech ဘွဲ့အတွက် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ အပြည့်အစုံဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံငါးပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၂-၁-၂၀၁၉ ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်(ကလေး)၏ ကျောင်းသားရေးရာဌာနတွင် လျှောက်လွှာထုတ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၂-၁-၂၀၁၉ ရက် နောက်ဆုံးထားပြီး (ရုံးပိတ်ရက်မပါ) ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ အဆိုပါ အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသောဝတ်စားဆင်ယင်မှုမျိုးဖြင့် (လုံးဝ) တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၇။ ဘွဲ့နှင်းသဘင် တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(ကလေး) ဖုန်း-၀၉-၂၅၅၃၆၁၈၀၃ တွင် စုံစမ်းနိုင်ပါသည်။

**ကျောင်းသားရေးရာဌာန**
**နည်းပညာတက္ကသိုလ် (ကလေး)**

### အမည်ပြောင်း

အမှတ်(၂၆) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ (တောင်ကြီး)မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲ ၄၇၅၁ ရဲမှူး မိုးကျော်ဟိန်းနှင့် ဒေါ်သီတာလင်း တို့၏သား မောင်ရဲပြည့်နောင်အား မောင်လင်းခန့်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

မုံရွာမြို့နယ်၊ ထနောင်းဝင်းကျေးရွာနေ မောင်ရန်နိုင်ဦး၏ ဖခင် ဦးကျော်စိုးမြင့်နှင့် ဦးလူနိုင် ၅/မရန(နိုင်)၁၆၉၈၁၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ ကန်ဦးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ အမှတ် - ၃၉၇၊ ပ-ထပ်(ယာ)၊ ခြေရင်းခန်း(မှန်ခန်း)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်ဦးလမ်း၊ အမှတ်-၃၉၁နေ ဒေါ်ယဉ်ယဉ်ထွေး ၁၂/သဃက(နိုင်)၁၈၀၃၃၈ က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကန်ဦးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ အမှတ်- ၃၉၇၊ ပ-ထပ်(ယာ)၊ ခြေရင်းခန်း(မှန်ခန်း)ကို ကျွန်မက ဦးသန်းစိုးလင်းထံမှ ၂၀၁၄-ခုနှစ်ကပင် အပြီးအပိုင်ဝယ်ယူခဲ့ပြီး၊ (၉-၆-၂၀၁၇)ရက်မှစ၍ (၁၀-၁၂-၂၀၁၇)ရက်အထိ ဒေါ်ဝါဝါဦး ၈/ခမန(နိုင်)၁၄၂၀၆၂ ထံသို့ ကျွန်မက (၆)လလျှင် (၁)ကြိမ် အိမ်ငှားစာချုပ်များချုပ်ဆိုကာ ငှားရမ်းခဲ့ရာ (၁၀-၁၂-၂၀၁၇)ရက်စွဲပါ တိုက်ခန်းငှားရမ်းစာချုပ်အရ ငှားရမ်းကာလမပြည့်မီ (၁)လအလိုတွင် ကျွန်မက အထက်ပါတိုက်ခန်းသို့ သွားရောက်၍ ငှားရမ်းလိုခြင်းရှိ/မရှိ သွားရောက်ခဲ့ရာတွင် ဒေါ်ဝါဝါဦးအနေဖြင့် တိုက်ခန်းအား သော့ခတ်ထားပါသည်။ ကျွန်မက ငှားရမ်းကာလပြည့်မြောက်သည့် (၁၀-၆-၂၀၁၈)ရက်အထိ စောင့်ဆိုင်းခဲ့သော်လည်း အိမ်ငှား ဒေါ်ဝါဝါဦးအနေဖြင့် လာရောက်ဆက်သွယ်ခြင်းမရှိသည့်အတွက် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လာရောက်ဆက်သွယ်ပါရန်နှင့် ဆက်သွယ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်ထွေး**
**၁၂/သဃက(နိုင်)၁၈၀၃၃၈**

### ခရီးသွားပြည်သူများသို့ အသိပေးကြေညာချက်

ရန်ကုန်-စစ်တွေလမ်း (အမ်း-စစ်တွေအပိုင်း)၊ မိုင်တိုင်(၉၀)ရှိ ရာမောင်ကြိုးတံတားအား ကြံ့ခိုင်မှုအခြေအနေအရ ၉-၁-၂၀၁၉ ရက်မှစ၍ (ယာဉ်+ကုန်)(၅)တန်နှင့်အောက် မော်တော်ယာဉ်များသာ ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ပါကြောင်း ကြိုတင် အသိပေးအပ်ပါသည်။

**တံတားဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

### တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မင်းပြားမြို့နယ်၊ ပန်းမြောင်းကျေးရွာနေ (ဘ)ဦးသာထွန်းဦး၏သား ဦးမောင်ကျော်သောင်း ၁၁/မပန(နိုင်)၀၁၀၆၇၂ နှင့် ဦးကျော်သောင်းမှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၂-၁၉၅၉ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

လပွတ္တာမြို့ အထက(၁) နဝမတန်း(B)မှ မဝေဝေလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၁၄/လပတ(နိုင်)၁၄၇၄၁၉ ဖြစ်ပါကြောင်း။

**ဦးဝင်းလှိုင်**

### ရွှေကျင်မြို့နယ်အသင်း (ရန်ကုန်)
### (၉၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး
### သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုနှင်းပွဲ ဖိတ်ကြားလွှာ

**ကျင်းပမည့်ရက်** ။ ။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** ။ ။ နံနက် ၈ နာရီမှ ၁၁ နာရီအထိ
**ကျင်းပမည့်နေရာ** ။ ။ ရွှေကျင်မြို့နယ်အသင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရားလမ်း၊ ရွှေတိဂုံတောင်ဘက်မုခ်၊ ဒဂုံမြို့နယ်။

အသက်(၈၀)နှင့်အထက် အသင်းဝင်များနှင့် ၂၀၁၈ ပညာသင်နှစ်တွင် ဂုဏ်ထူးရအသင်းဝင် သားသမီးများစာရင်းကို အမှတ်စာရင်းမိတ္တူနှင့်အတူ ၇-၁-၂၀၁၉ ရက် နောက်ဆုံးထား၍ အသင်းရုံးသို့ ပေးပို့ကြပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ချမ်းသာဆောက်လုပ်ရေးမှ ကံစမ်းမဲဖောက်ပေးပါမည်။

**အမှုဆောင်အဖွဲ့**

### မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်မြို့
### ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်
### ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ မော်လမြိုင်ခရိုင်၊ သထုံခရိုင် လမ်းဦးစီးဌာနများတွင် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအတွက် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက် - ၁၀-၁-၂၀၁၉ ရက်မှ ၂၀-၁-၂၀၁၉ ထိ (ရုံးချိန်အတွင်း)
(ခ) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့
(ဂ) တင်ဒါဖွင့်မည့်ရက် - ၃၁-၁-၂၀၁၉ ရက် (ကြာသပတေးနေ့)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မော်လမြိုင်ခရိုင် ဖုန်း-၀၅၇-၂၄၇၅၉**
**သထုံခရိုင် ဖုန်း-၀၅၇-၄၀၀၄၆**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် HSE/1656 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ မံဝိန်းကျေးရွာနေ မချိုချိုဝင်း (ခ) မချိုဝင်း ၁/ရကန(နိုင်)၀၂၆၄၆၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မချိုချိုဝင်း(ခ)မချိုဝင်း**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် ၁၀၈၊ ဧရိယာ ၀ ဒသမ ၀၈၄ ဧကရှိ ဦးတင်စိုးအမည်ပေါက် မြေကွက်အား ဒေါ်ခင်သန်းဦး (ဘ)ဦးသန်းမောင် ၉/လဝန(နိုင်)၁၁၇၆၄၁ မှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်၊ နေပြည်တော်စည်ပင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၄၉၀/၂၀၁၈၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ချင်းပြည်နယ်၊ မင်းတပ်မြို့၊ အရှေ့ပြင်ရပ်ကွက်နေ ဦးငိုင်းရှိန်းအောင်(ခ) ဦးရှိန်းအောင် ၄/မတန(နိုင်)၀၀၇၄၂၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးငိုင်းရှိန်းအောင် (ခ)ဦးရှိန်းအောင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ် (၄) ဘောဂဗလရပ်နေ ဦးချစ်စန်း-ဒေါ်ကြည်တို့၏သမီးဖြစ်သူ မထားထားငြိမ်းနှင့် မထက်မြတ်နိုးစံသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မထက်မြတ်နိုးစံ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/9173 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

